
www.burmeseclassic.com

DREAM ALBUM




LU NYO CHAW

# လူညိုချော

## အိပ်မက်အယ်လ်ဘမ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - ChitWinShein

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ - ဦးအောင်ကိုဦး
အောင်မြင့်မြတ် စာပေ
အမှတ် (၂၄၃)၊ (၃၅) လမ်း၊ မြေညီထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အတွင်း/မျက်နှာဖုံးပုံနှိပ် - ငါတို့စာပေ ပုံနှိပ်တိုက်
အမှတ် (၇၄)၊ ကောက်သွယ်လမ်း၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ . ၈၃
လူညီရော
အိပ်မက်အယ်(လ်)ဘမ် /လူညီရော။- ရန်ကုန်။
အောင်မြင့်မြတ်စာပေ၊ ၂၀၁၄။
၁၈၂-စာ၊ ၁၈ x ၁၂ စင်တီ။
(၁) အိပ်မက်အယ်(လ်)ဘမ်

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

BURMESE CLASSIC

လူတချို့က ပြောကြတယ်
အချစ်ဆိုတာ အိပ်မက်တစ်ခုလိုပါပဲတဲ့ ...
ကိုယ့်အတွက်တော့
အချစ်ဆိုတာ ဘဝတစ်ခုလုံးပါ
အကယ်၍
သင့်အတွက်လည်း
အချစ်ဆိုတာ အိပ်မက်ဖြစ်ခဲ့မယ်ဆိုရင်တောင်
ကျေးဇူးပြု၍
ထိုအိပ်မက်ကို မနိုးတမ်း ဆက်မက်ပေးပါ ...။

www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၁)

Aircon ခန်းထဲမှာ ထိုင်နေရသော်လည်း စိတ်အိုက်သလို ခံစားနေရသည်။ အပြာရောင် မီးလဲ့လဲ့ကို ထွန်းထားတာကြောင့်ပဲလား၊ ပြင်ပ လတ်ဆတ်သော လေနုအေးကိုသာ နှစ်သက်တတ်သည့် သူမနှင့် အဆင်မပြေသည့် Aircon fresher နံ့ကြောင့်ပဲလားတော့ မသိ။ သူမ စိတ်တို့က အခန်းထဲမှာ ရှိမနေဘဲ လွင့်ချင်တိုင်း လွင့်နေ၏။ ဘယ်ကို လွင့်နေမှန်းလည်း သေချာမသိပေ။ သေချာသိတာတစ်ခုကတော့ သူမ စိတ်တို့သည် လက်ထဲတွင် ကိုင်ထားသော ဖိတ်စာကတ်တလောက်တွင် ရှိမနေခြင်းပင်ဖြစ်သည်။

ကတ်တလောက်ကိုသာ ဟိုလှန်ဒီလှန် လှန်နေရသည်။ ဖိတ်စာဒီဇိုင်းများကို သူမ မျက်လုံးထဲတွင် သေချာမမြင်ရပေ။ ဝိုးတိုးဝါး တားသာ ဖြစ်နေသည်။

"အိစက် ... ကြိုက်တာတွေ့ပြီလား၊ ဘယ်ဟာကြိုက်လဲ၊ ပြလေ"

ဘေးနားက မင်းမာန်ထက်ရဲ့ အသံကြားမှ လွင့်မျောနေတဲ့ သူမစိတ်တို့က ခန္ဓာကိုယ်ဆီက ပြန်လာသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာ ... ဘာပြောလိုက်တာလဲ"

သူမက မကြားလိုက်သလို ပြန်မေးတော့ မင်းမာန်ထက်က သူ့ထုံးစံအတိုင်း မျက်မှောင်တွေ တွန့်ချိုးသွားရင်း ...

"ဘာတွေများ တွေးနေတာလဲ၊ ကိုယ်မေးနေတာ ဘယ်ဒီဇိုင်း ကြိုက်လဲလို့"

ဒီတော့မှ သူမက စိတ်တွေကို ပြန်ထိန်းချုပ်မိစေရန် ခန္ဓာကိုယ်ကို မတ်မတ်ထားလိုက်ရင်း ...

"ဒီ ဒီဇိုင်း ကြိုက်တယ်"

ဟု ကတ်တလောက်ပေါ်က တွေ့ရာ ဖိတ်စာဒီဇိုင်းတစ်ခုကို လက်ညှိုးနဲ့ ထောက်ပြလိုက်သည်။

"ပြပါဦး ... ဘယ်ဟာလဲ"

သူက သူမ ထောက်ပြလိုက်သော ဖိတ်စာဒီဇိုင်းတစ်ခုကို သေချာစွာကြည့်၍ ကတ်တလောက်ကို သူ့ဘက်ဆွဲယူသွားသည်။ ဒီတော့မှ သူမလည်း မိမိထောက်ပြလိုက်သော ဖိတ်စာဒီဇိုင်းကို ဘယ်လို ဒီဇိုင်းလဲဆိုတာ မျက်လုံးအသာစွေကြည့်ရသည်။

ဖိတ်စာက အပြာရောင်လေးကိုမှ အသည်းပုံနှစ်ထပ်နှင့် ရိုးရိုးလေးသာ ဖြစ်သည်။

"အိစက် ဖိတ်စာက ရိုးလွန်းပါတယ်၊ ဒီမှာကြည့်လိုက် ... ကိုယ်ရွေးထားတာ ဘယ်လောက်လှလဲ"

သူရွေးထားတဲ့ ဖိတ်စာက ကနုတ်ပန်းတွေရော၊ အသည်းပုံတွေရော၊ ကြယ်တွေရော ရှုပ်ယှက်ခတ်နေလေသည်။ အရောင်ကလည်း အပြာနုရောင်။

သူမက complain တက်ဖို့ ပြင်လိုက်သော်လည်း သူမက ဘာမှမပြောရသေးခင်မှာပင် သူက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးပဲ အတည်ပြုလိုက်မယ်နော်"

ဟုဆိုကာ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ဆိုင်ရှင်အစ်မကြီးကို ...

"အစ်မရေ... ဒီ ဒီဇိုင်းလေးပဲ လုပ်ပေးပါ"

ဟု တစ်ခါတည်း မှာလိုက်လေသည်။

ဒါက သူ့ထုံးစံပင် ဖြစ်သည်။ နေရာတကာတွင် သူ့စိတ်ဆန္ဒကိုသာ ရှေ့တန်းတင်တတ်ပြီး အခြားသူဘက်က ဘယ်တော့မှ တွေးမပေး။ သူတစ်ပါးအပေါ်တွင် သူကသာ လွှမ်းမိုးထားချင်သူ ဖြစ်သည်။

သူမက မကျေနပ်သော်လည်း ဘာမှပြောမနေတော့။ သူနှင့်အတိုက်အခံ ဖြစ်နေလျှင် ကိုယ်ပဲ စိတ်ညစ်ရဦးမည်။

တကယ်ဆို သူမက ဤစေ့စပ်ပွဲကို ကြီးကြီးကျယ်ကျယ်လုပ်ကို မလုပ်ချင်ပေ။ နှစ်ဖက်မိဘတွေရှေ့မှာပဲ အကျဉ်းရုံးပြီး ပြီးသွားစေချင်ခဲ့တာ ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍လည်း သူနဲ့သူမ ပြဿနာဖြစ်ခဲ့ရသေးတာပင်။

"ဘယ်လို ... စေ့စပ်ပွဲကို အကျဉ်းချုံးချင်တယ် ဟုတ်လား"

"ဟုတ်တယ် ... စေ့စပ်ပွဲပဲဟာ၊ နှစ်ဖက်မိဘနဲ့ အသိသက်သေအချို့ဆိုရင် တော်ပြီပေါ့၊ ဘာလုပ်ဖို့ ငွေတွေအများကြီး အကုန်ခံပြီးလုပ်နေမှာလဲ၊ အဲဒီကကုန်မယ့် ငွေတွေကို မိဘမဲ့ဂေဟာလိုမျိုး၊ ဘိုးဘွားရိပ်သာလိုမျိုး နေရာတွေမှာ လှူဒါန်းလိုက်ရင် ကုသိုလ်တောင် ရသေးတာပဲ"

"တော်စမ်းပါ ... မင်းမြင်တာ နှမ်းစေ့လောက်လေးရယ်၊ ငါမြင်တာက တောင်လောက်ကြီးကွ၊ ကိုယ့်လို စီးပွားရေးလောကမှာနာမည်တစ်လုံးနဲ့ နေတဲ့ လူတစ်ယောက်ရဲ့ စေ့စပ်ပွဲဟာ လူမသိသူမသိ တိုးတိုးတိတ်တိတ် ပြီးသွားရင် စီးပွားပြိုင်ဘက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးမှာဆော၊ မိဘမဲ့ဂေဟာတို့၊ ဘိုးဘွားရိပ်သာတို့မှာ မင်း အသင်းထောက်လှူချင်လဲ၊ သိန်းငါးရာလား ...၊ တစ်ထောင်လား ငွေကြေး နှမြောတွန့်တိုခြင်း တစ်စက်မှမရှိဘဲ ကိုယ်လှူပစ်လိုက်မယ်၊ ဒါပေမယ့် စေ့စပ်ပွဲကိုတော့ လုံးဝ အကျဉ်းမချုံးနိုင်ဘူး”

သူက အဲဒီလို ယောကျ်ားမျိုး ဖြစ်သည်။ ပြိုင်ဆိုင်လိုစိတ် ပြင်းထန်သည်။ စီးပွားရေးလောကတွင် နာမည်တစ်လုံးနှင့်နေသလို စီးပွားပြိုင်ဘက်များအပေါ်တွင်လည်း အဘက်ဘက်မှ အသာစီး ရယူလိုသူ ဖြစ်သည်။ ဒါပေမဲ့ မိန်းမတစ်ယောက်အတွက်တော့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်သော လူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်လည်း သူမ မိဘတွေက သူနှင့် သူမကို လက်ထပ်ထိမ်းမြားပေးဖို့ စီစဉ်လာခဲ့တာဖြစ် သည်။

သူမသည်လည်း မင်းမာန်ထက်ဆိုသော ယောကျ်ားတစ် ယောက်ကို ငြင်းချက်ထုတ်စရာ ရှာမတွေ့သည့်အတွက် ခေါင်းညိတ် လက်ခံခဲ့မိတာပင်။ ဒီအတွက် တစ်ခါတလေကျတော့ နောင်တရချင်သလို လို ဖြစ်မိသော်လည်း သူမ ထိုနောင်တတွေကို မသိချင်ယောင် ဆောင် ထားခဲ့လိုက်ပါသည်။

“အိစက် ...”

“ ... ... ”

“အိစက် ...”

သူမ အတွေးလွန်နေရာမှ သူ့ခေါ်သံကြောင့် စိတ်တို့က ခန္ဓာကိုယ်ဆီ ပြန်ကပ်လာပြန်သည်။

“ဟင် ... ဘာ ... ဘာပြောလိုက်တာလဲ”

“ကျွတ် ... ဘာတွေတွေးနေတာလဲကွာ၊ ကိုယ်ဘာပြောပြော ကြား တယ်လို့ကို မရှိဘူး၊ ဘယ်လိုဖြစ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို 'ကျွန်မ သိပ်နေမကောင်းဘူး' ဟု လိမ်လိုက်ဖို့ စိတ်ကူးလိုက်သေးသည်။ နောက်တော့လည်း လိမ်ချင်စိတ်ကို မရှိတာနဲ့ ဘာမှမပြောတော့ဘဲ အသာဆိတ်နေလိုက်သည်။ ရှိစေတော့။

"ပြန်ရအောင် ..."

ပြောပြီး သူက သူ့ပိုက်ဆံအိတ်တွေ ဖုန်းတွေကို ကောက်ကိုင်သည်။ သူမက သူ့ထက်ပင် ပြန်ချင်နေသောသူဖြစ်တော့ ထိုင်ရာမှ ဆတ်ခနဲထကာ သူ့ရှေ့ကပင် ဦးဆောင်ပြီး အပြင်ထွက်လာခဲ့လိုက်မိသည်။

ကားပေါ်ရောက်တော့ သူက သူမဘက်သို့ တစ်ချက်လှည့်ကြည့်လာရင်း ...

"ဘယ်သွားဦးမလဲ"

"မသွားဘူး၊ အိမ်ပဲပြန်ချင်တယ်"

သူမ စကားကို သူက ခေါင်းတဆတ်ဆတ် ညိတ်သည်။ နောက်တော့ ဘာမှမပြောတော့ဘဲ ကားကိုသာ မောင်းနေတော့သည်။

ရန်ကုန်မြို့ရှုခင်းများက ကားနောက်တွင် တရိပ်ရိပ် ကျန်နေခဲ့သည်။ ကားထဲတွင် သူဖွင့်ထားသော အင်္ဂလိပ်သီချင်းသံသဲ့သဲ့ကို ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်နေသော်လည်း သူမနားနှင့် လုံးဝ အဆင်မပြေ။ သူမက မြန်မာသီချင်းများကိုသာ နှစ်သက်သူဖြစ်သည်။

သူကတော့ ထိုသို့မဟုတ် အင်္ဂလိပ်သီချင်းများကိုသာ စွဲစွဲမြဲမြဲ နားထောင်တတ်တာဖြစ်သည်။ သူ့ကားပေါ်တွင် သူမ အကြိမ်ပေါင်းများစွာ လိုက်ဖူးသော်လည်း မြန်မာသီချင်းဖွင့်သံ တစ်ခါမှ မကြားဖူးခဲ့။ မကြားဖူးဆို သူ့ကားပေါ်မှာ မြန်မာသီချင်းခွေကို တင်မထားတာဖြစ်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

တံခါးကို ဆွဲဖွင့်ကာ အပြုံးတစ်ပွင့်နှင့် ဝင်ရောက်လာသည့် အတွင်းရေးမှူးမလေး မဒီသော်ကို တွေ့လိုက်ရသောအခါမှာတော့ သူ့ရင်ထဲမှာ အေးသွား၏။ ဒါဟာ အောင်မြင်မှုရလာသည့် လူတစ်ယောက်၏ အပြုံးမျိုး။

သူက ဆံလည်ကုလားထိုင်နောက်မှီကို လျှော့တိလျှော့ရဲ မှီလိုက်ကာ မဒီသော်ကို ပြုံးပြလိုက်ရင်း ...

"အခြေအနေကောင်းခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်သည်။

"OK သွားပြီ ဆရာ၊ မှော်ဘီမြေကွက်ကို ရခဲ့ပြီ"

ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကိုယ့်တပည့်တွေက တော်ပြီးသားပဲဟာ၊ ဟုတ်တယ်မဟုတ်လား ..."

"ပါးစပ်ကပဲလား ဆရာရဲ့၊ ဂုဏ်ပြုရဦးမှာပေါ့"

"ဟား ... ဟုတ်ပါပြီဗျာ၊ ဒီနေ့ညနေ ရုံးဆင်းရင် ရုံးအဖွဲ့တွေအားလုံးကို ညနေစာ လိုက်ကျွေးမယ်လို့ ပြောလိုက်တော့၊ OK"



www.burmeseclassic.com

www.burmeseclassic.com



မဒီသော်က သဘောတကျ ရယ်သည်။ ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့ . . .

"ဒါနဲ့ ဆရာ့ကို ပြောရဦးမယ်၊ seven stars ကုမ္ပဏီက လွှတ်လိုက်တဲ့သူ့တွေတော့ အီလည်လည်ကြီးနဲ့ ပြန်သွားကြတာ ရယ်ချင်စရာကြီး၊ အဲဒီပုံတွေကို ဆရာ့ကို မြင်စေချင်တယ်"

မဒီသော့် စကားကြောင့် သူက ပြုံးမိသည်။ seven stars ကုမ္ပဏီဆိုတာက သူတို့ကုမ္ပဏီရဲ့ အစိကအင်အားကြီး ပြိုင်ဘက်ဖြစ်သည်။ စီးပွားရေးလောကတွင် သူတို့ကုမ္ပဏီနှစ်ခုမှာ ခဏခဏ ထိပ်တိုက်တွေ့ခဲ့ကြပြီး တစ်ဦးအပေါ် တစ်ဦး အသာစီးရအောင် အမြဲတမ်း ကြိုးစားခဲ့ကြတာ ဖြစ်သည်။ ဒီတစ်ခေါက်တော့ သူက အသာစီးရခဲ့ပြီ ဖြစ်သည်။

"ဒီတစ်ခါ အနိုင်ရတာကို အရမ်းပျော်မနေနဲ့ဦး၊ seven stars က ရေမြွေမဟုတ်ဘူးဆိုတာကို ခေါင်းထဲမှာ အမြဲထည့်ထား၊ နောက်ကို သူတို့နဲ့ အများကြီး ထိပ်တိုက်တွေ့ရဦးမှာ၊ မင်းမာန်ထက်က ထင်မှတ်မထားတာတွေ အများကြီး လုပ်ပြတတ်တယ်"

"ဆရာက သူ့ထက်တော်ပါတယ်နော်"

အဟား . . . အဲဒါ မဒီသော့်အမြင်လား၊ ဟုတ်လား . . . ကိုယ်ကတော့ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် မင်းမာန်ထက် ထက် ပိုတော်တယ်လို့ မထင်ခဲ့ဘူး၊ အမြဲတမ်း သူဟာ ကိုယ့်ထက် ခေါင်းတစ်လုံး ပိုမြင့်နေသလို ခံစားရတယ်၊ အဲဒါ တကယ်ပြောတာ . . . "

"အဲဒါ ဆရာက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလွန်းလို့ပါနော်"

သူက ဘာမှမပြောတော့။ မဒီသော့်ကို မျက်လုံးတွေနဲ့သာ ပြုံးပြလိုက်မိသည်။ သူက ဘယ်တော့မှ ပြိုင်ဘက်တွေကို လျှော့မတွက်ခဲ့ချေ။ အမြဲတမ်း ပြိုင်ဘက်တို့သည် မိမိထက် ခြေတစ်လှမ်းအကျာနေပြီး

www.burmeseclassic.com



နှလုံးသွင်းထားခဲ့သူ ဖြစ်သည်။ ဒါဟာ သူ့စိတ်တွေကို ပျင်းရိခြင်း မရှိအောင် မောင်းနှင်ပေးသော power တစ်ခုပင် ဖြစ်သည်။ ဒီခံယူချက်ကပင် သူ့ကို စီးပွားရေးလောကဌ် 'လူမိုးခါး'ဆိုသော နာမည်တစ်လုံးနှင့် ရပ်တည်စေနိုင်ခဲ့တာဟု သူထင်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်၊ မိုးခါးကုမ္ပဏီကို ရှုံးလာတယ် ... ဟုတ်လား"

သူ့အသံက သီးသန့်ခန်းထဲမှာ ဟိန်းထွက်သွားသည်။ မျှော်လင့်မထားခဲ့ပါ။ အရှုံးဆိုတာကို ဘယ်တုန်းကမှ သူ မျှော်လင့်မထားခဲ့။ အထူးသဖြင့် မိုးခါးကုမ္ပဏီကို သူ မရှုံးချင်။ မိုးခါးနှင့် ထိပ်တိုက်တွေ့ဆုံမှု အကြိမ်ကြိမ်တွင် နိုင်တစ်လှည့် ရှုံးတစ်ခါ ရှိခဲ့ပေမယ့်လို့ ယခုတစ်ခါတွင်တော့ သူရှုံးလိမ့်မည်ဟု လုံးဝ ထင်မထားခဲ့ပါ။

"မိုးခါးကုမ္ပဏီက ဒီမြေကွက်ကို မတန်တဆဈေးနဲ့ ဝယ်သွားခဲ့တာပါ ဆရာ၊ အခုမြေကွက်က သူတို့ပေးသလောက် မတန်ပါဘူး"

မန်နေဂျာ ကိုအောင်သက်နိုင်ရဲ့ စကားအဆုံးမှာ သူက စားပွဲကို ဒုန်းခနဲ ထုချလိုက်မိသည်။

"ခင်ဗျားရဲ့ ဉာဏ်က ဒီလောက်ပဲလား၊ ဟင် ... seven star ကုမ္ပဏီက မန်နေဂျာတစ်ယောက်ရဲ့ အကြံဉာဏ်က ဒီလောက်ပဲ ရှိတာလား ... ဟုတ်လား"

သူက ထိုင်ရင်းပြောနေရာက အားမရတော့ဘဲ မတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်ကာ စားပွဲခုံပေါ်ကိုလက်ထောက်ပြီး ခန္ဓာကိုယ်ကို ရှေ့မှာရပ်နေသည့် မန်နေဂျာဆီသို့ ကိုင်းလိုက်ရင်း ...

"ခင်ဗျား သိတာက သူတို့ပေးသွားတဲ့ ဈေးနဲ့ အခုမြေကွက်က မတန်ဘူးဆိုတာပဲ သိတာလေ၊ ဒီမြေကွက်ကို ရှင်းလင်းပြီး အဆောက်အဦတစ်ခုလောက် ဆောက်လိုက်ရင် ရရှိလာမယ့် အကျိုးအမြတ်ကို ခင်ဗျားသိလို့လား ... ဟင်၊ ကျုပ်က ခင်ဗျား ဒီလောက်တော့ တွေးတတ်လိမ့်မယ်လို့ ထင်ထားခဲ့တာ၊ အခုတော့ ခင်ဗျား ဦးနှောက်က ဖြုတ်ဦးနှောက်လောက်ပဲ ရှိတာကိုး၊ တကယ်ဆို ခင်ဗျား ဆုံးဖြတ်နိုင်စွမ်းမရှိရင် ကျုပ်ကိုဖုန်းတစ်ချက်လောက် ဆက်လိုက်ပါတော့လား၊ အခုတော့ မိုးခါးကုမ္ပဏီကို ရှုံးသွားခဲ့ပြီ၊ မြေကွက်ကို ဆုံးရှုံးလိုက်ရတာထက် မိုးခါးကုမ္ပဏီကို ရှုံးလိုက်ရတာက ကျုပ်ကို ပိုပြီး ခံရခက်စေတာ"

မန်နေဂျာက ဘာစကားမှမပြောဘဲ သူ့ရှေ့မှာ ခေါင်းငုံ့ပြီး ရပ်နေတော့သည်။ သူကလည်း အဲဒီလို အရှုံးကြောင့် ခေါင်းငုံ့နေတဲ့ပုံမျိုးကို အလွန်မုန်းလေသည်။ ထို့ကြောင့် ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရင်း ...

"သွားတော့ဗျာ ... သွားတော့၊ ကျုပ်ဒေါသ ဒီ့ထက်ပိုထွက်လာရင် ခင်ဗျားကို တစ်ခုခု လုပ်မိလိမ့်မယ်"

မန်နေဂျာက ခေါင်းငိုက်စိုက်ဖြင့် သီးသန့်ခန်းထဲမှ ထွက်သွားသည်။ သူက ဆုံလည်ကုလားထိုင်နောက်မှီကို မှီထားလိုက်ရင်း အကြည့်ကို မျက်နှာကြက်ဆီသို့ ပို့ထားဖြစ်သည်။ နောက်တော့ စိတ်တွေ အိုက်လာကာ တစ်ကိုယ်လုံး ပူလောင်လာသဖြင့် လည်ပင်းမှ နက်(ခ်)တိုင်ကို ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ပစ်လိုက်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာတော့ မိုးခါးကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ လူမိုးခါး၏ မျက်နှာ။ ယခုလောက်ဆို မိမိ၏ကျဆုံးခန်းအတွက် ဒင်းက မည်မျှတောင် ကျေနပ်အားရနေပါမည်နည်း။ ထိုအတွေးကိုတွေးလိုက်မိသည့်အခိုက် သူ့မျက်နှာကို သူ အရေခွံ ဆွဲခွာပစ်ချင်စိတ်တွေ ပေါက်လာလေတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ခန်းမထဲမှာ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေ တော်တော် စုံနေပြီ။ ဒါပေမယ့် မင်းမာန်ထက် ရောက်မလာသေး။ အိစက်က လက်က နာရီကို တစ်ချက်ကြည့်လိုက်သည်။ တကယ်ဆို ခပ်စောစောကတည်းက သူရောက်နေသင့်သည်။ တစ်ဘဝလုံးနှင့်ဆိုင်သော ယခုကဲ့သို့ စေ့စပ်ပွဲ နေ့မျိုးတွင် သူ့ဘက်က အရေးတယူရှိနေသင့်သည်။ အခုတော့ သူ့လုပ် ပုံက ... ။

"ကျွတ် ..."

သူမက စိတ်ပျက်သလို စုတ်သပ် ရေရွတ်လိုက်စဉ်မှာပဲ အနားသို့ မေမေရောက်လာသည်။

"မောင်မင်းမာန် အခုထိ မလာသေးဘူးလား သမီး"

သူမက ခေါင်းညိတ်ပြလိုက်တော့ မေမေက သူမကို နှစ်သိမ့်သလို ပြုံးပြလာကာ ...

"အကြောင်းကိစ္စတစ်ခုခုကြောင့် ဖြစ်မှာပါ သမီးရယ်၊ သိပ်လည်း စိတ်ပူမနေပါနဲ့"

"အကြောင်းကိစ္စ ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို သူမက သံယောင်လိုက် ရေရွတ်မိသည်။ ...ကြောင်းကိစ္စတဲ့လား။ ဒီနေ့ စေ့စပ်ပွဲဆိုတဲ့ အကြောင်းကိစ္စထက် သူ့...တွက် ဘယ်လိုအကြောင်းကိစ္စမျိုးကများ ပိုပြီး အရေးပါအရာရောက်နေ...သလဲ။

"လမ်းမှာ ကားတွေဘာတွေများ ပျက်နေသလား မသိဘူးနော်၊ ဖုန်းခေါ်ကြည့်ပါလား သမီး"

"ခေါ်ပြီးပြီ၊ ဖုန်းက ပိတ်ထားတယ်"

ထိုအခိုက်မှာပင် အနားသို့ မင်းမာန်ထက်၏ မိခင် အန်တီ...သက် ရောက်လာသည်။ အန်တီနုသက် မျက်နှာမှာလည်း စိုးရိမ်ပူပန်မှု...ကာ အထင်းသား။

"သားဆီက အခုထိ အဆက်အသွယ် မရသေးဘူး မဆင့်ရေ၊ ဒါနဲ့ သမီးဆီရော ဖုန်းဆက်သေးလား"

"မဆက်ဘူး အန်တီ"

"ဟင်း ... ဒီကောင်လေးနဲ့တော့ ခက်ပါတယ်၊ ဘယ်တွေများရောက်၊ ပြီး ဘာတွေများ လုပ်နေပါလိမ့် ..."

မေမေက အန်တီနုသက် လက်တစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ထားလိုက်ရင်း ...

"သိပ်လည်း စိတ်မပူပါနဲ့ နုရယ်၊ သူ့မှာ ရှောင်လွဲလို့မရတဲ့ကိစ္စ တစ်စုံတစ်ရာ ရှိနေလို့နေမှာပါ"

ဒီလိုနဲ့ အချိန်တွေ နောက်ထပ် နာရီဝက်လောက် ကြာသွားသည်။ ခန်းမထဲမှာ ရောက်နေသည့် လူတွေ၏ မျက်လုံးတွေ ပါးစပ်တွေက စေ့စပ်ပွဲ မစတင်သေးသည့်အတွက် သို့လော သို့လောတွေ ဖြစ်ကုန်ပြီ။ သူမလည်း ခန်းမထဲသို့ မသိမသာ ချောင်းကြည့်ရုံကလွဲလို့ ...ာမှမတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ တစ်ယောက်တည်းလည်း မထွက်ရဲ။ သူမ၏ ဖခင်နှင့် သူ့ဖခင်တို့ ကတော့ ခန်းမထဲမှာ ရုပ်တည်ကြီးတွေနှင့် ဘာမှမဖြစ်သည့်အလား ထိုင်နေ၏။ မိခင်နှစ်ယောက်ကတော့ ဟန်ဆောင်ပြုံးရင်း ဧည့်သည်တို့ကို လိုက်လံနှုတ်ဆက်နေတော့သည်။

စေ့စပ်ပွဲက စတင်သင့်သည့် အချိန်ထက် တစ်နာရီခွဲလောက် နောက်ကျနေခဲ့ပြီ။ သူ့ဆီက အခုထိ ဘာသတင်းအစအနမှ ရောက်မလာသေး။

သူမ နဖူးမှာ ဝေ့သီလာသော ချွေးစက်တွေကို သူငယ်ချင်းမချောချောက snow tower နှင့် အသာတို့သုတ်ပေးလာကာ ...

“မင်းမာန်ထက်ကို အစက စေ့စပ်သေချာပြီး နင့်ဘဝအတွက် ယုံကြည်ကိုးစားလောက်တဲ့ ယောကျာ်းတစ်ယောက်လို့ ငါထင်ထားခဲ့တာ၊ အခုတော့ ငါ့အမြင်တွေ ပြောင်းပစ်ရတော့မလို ဖြစ်နေပြီ”

ဟု ဆိုလာသည်။

မှန်သည်။ ချောချော စကားနှင့် သူမ တွေးနေခဲ့သော အတွေးသည် ထပ်တူပင်ဖြစ်သည်။ ဤယောကျာ်းတစ်ယောက်ကို မိဘတွေ၏ သဘောတူညီမှုကြောင့်သော်လည်းကောင်း၊ သူ၏ လုပ်ရည်ကိုင်ရည် အရည်အချင်းနှင့် နာမည်ဂုဏ်သတင်းကြောင့်သော် လည်းကောင်း၊ မိန်းမတစ်ယောက်အတွက် ဘဝလက်တွဲဖော်အဖြစ် အားကိုးထိုက်သောသူဖြစ်သည်ဟူသော အယူအဆကြောင့်သော်လည်းကောင်း ထိုအချက်များကြောင့်သာ သူမက သူနှင့်စေ့စပ်ဖို့ကိစ္စကို လက်ခံခဲ့တာ ဖြစ်သည်။ ပြီးတော့ ယခုအချိန်ထိ သူမရင်ကို လှုပ်ခါစေနိုင်သော ယောကျာ်းသား တစ်ဦးတစ်ယောက်မှ သူမဘဝထဲသို့ ဝင်ရောက်လာခြင်း မရှိခဲ့ခြင်းဟာလည်း မင်းမာန်ထက်နှင့်ကိစ္စကို ခေါင်းညိတ်လက်ခံဖို့ အလေးသာစေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်သည်။ မင်းမာန်ထက်ကတော့ သူမကို မြင်မြင်ချင်း ချစ်သွားခဲ့တာဟု သူမထံမှာ ဝန်ခံခဲ့ဖူးသည်။ သူမကလည်း သူ့လို အစစအရာရာ အပြစ်ပြောစရာမရှိအောင် perfect ဖြစ်နေသည့် ယောကျ်ားတစ်ယောက်ကို နောင်တစ်ချိန်၌ အတူနေတာများလာလျှင် ချစ်သွားမိလိမ့်မည်ဟု တွေးထင်ထားခဲ့တာဖြစ်သည်။ သို့သော် ယခုအချိန်မှာတော့ ထိုအတွေးကို သူမဘက်က သေသေချာချာ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်နေခဲ့ပါပြီ။

"ဒီစေ့စပ်ပွဲကို ခေါင်းညိတ်ခဲ့မိတာ ငါ နောင်တရချင်နေသလိုပဲ ချော ..."

ချောချောက မျက်လုံးတွေနဲ့သာ ပြုံးပြလာသည်။ ဒါဟာ 'နင့်ကို ငါနားလည်တယ်' ဆိုသည့်သဘော။ သူမက သက်ပြင်းမောကို ရှုတ်ထုတ်ပစ်လိုက်ရင်း ...

"တကယ်ဆို မင်းမာန်ထက်ကို ငါ ငြင်းခဲ့ဖို့ကောင်းတယ်၊ အခုတော့ ..."

သူ စကားမဆုံးလိုက်။ အခန်းထဲကို မေမေ ရောက်လာသည်။

"သမီးရေ ... မောင်မင်းမာန်ထက် ရောက်လာပြီ"

သူမက နာရီကိုကြည့်မိပြန်သည်။ ဖိတ်ရောက်သင့်သည့်အချိန်ထက် နှစ်နာရီတိတိ နောက်ကျပြီးမှ ရောက်လာခဲ့တာဖြစ်သည်။ သူမထိုင်ရာမှ ထလိုက်စဉ်မှာပဲ အခန်းထဲကို မင်းမာန်ထက် ရောက်လာတော့သည်။

"လာ ... ကိုယ်တို့ အပြင်သွားရအောင်"

သူက အဲ့ဒီစကားကိုဆိုကာ သူမဆီသို့ လက်တစ်ဖက် ကမ်းပေးသည်။ သူ့ပုံစံက ဘာမှအများမလုပ်ထားသည့်အလား။ လုံးဝကိုပဲ ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးပင်။ သူမက သူကမ်းပေးလာသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ပြန်လည်မဆုပ်ကိုင်ဖြစ်သေး။ အသိချင်ဆုံးသော မေးခွန်းကိုသာ မေးဖြစ်သည်။

"ရှင် … ဘာလို့နောက်ကျနေတာလဲ"

သူမက ဤမေးခွန်းကို ဂရုစိုက်ဟန်မပြမိစွာ လှုပ်လှုပ်ခတ်ခတ်မေးလိုက်တာ ဖြစ်သော်လည်း သူပြန်ပြောလာပုံကတော့ အေးအေးသက်သာပင်။

"ကိုယ် … လေလံပွဲတစ်ခုကို သွားနေလို့ပါ၊ ဒီလေလံပွဲက ကိုယ့်ကုမ္ပဏီအတွက် သိပ်ကိုအရေးကြီးတဲ့ လေလံပွဲမို့ပါ"

ဘုရားရေ … ။ ဒါဆို သူနဲ့ မိမိရဲ့ စေ့စပ်ပွဲက သူ့ရဲ့လေလံပွဲလောက်တောင် အရေးမပါခဲ့ဘူးပေါ့။ ဒီလိုလား … ။ ဟား … ။

စေ့စပ်ပွဲအပေါ်မှာထားသည့် သူ၏စိတ်အာရုံဝင်စားမှု အတိုင်းအတာကို သူမတော့ ဒေါသထွက်ရသည့်ကြားမှပင် သြချယူရလေသည်။ ဒါလား … သူမကို ချစ်ပါတယ်ဆိုသော ယောကျ်ားတစ်ယောက်၏အချစ်က ဒါတဲ့လား။ ဟား … မှတ်ထားဖို့တောင် ကောင်းနေပြီ။

သူမက တစ်ခုခုပြောချလိုက်ဖို့ ပြင်နေတုန်းမှာပဲ …

"သားနဲ့ သမီး ထွက်ခဲ့တော့လေ၊ အချိန်က တော်တော်နောက်ကျနေပြီ၊ လာ … လာ … "

အန်တီနုသက် ဝင်ရောက်လာသည့်အတွက် ထွက်လုထွက်ခင် စကားလုံးတို့က လည်ချောင်းထဲကနေ ဝမ်းဗိုက်ထဲ ပြန်လျှောကျသွားတော့သည်။

သူမ မှားသွားပြီ။ သူ့ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်တာ သိပ်ကိုမှားသွားပြီ။ မိဘတွေ ပြောလာစဉ်က သူမ ငြင်းလိုက်ရင် အကောင်းသား။ အခုတော့ နောက်ကျသွားပြီ။ သိပ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားခဲ့ပြီ။ ဒါပေမယ့် သူမက သူ့ကို စကားတစ်ခွန်းတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"ကျွန်မ ... ရှင့်ကို လုံးဝ မကျေနပ်ဘူး"

သူမစကားကြားတော့ သူက တစ်ချက်ကြည့်လာသည်။ ကြည့်လာသည့်ပုံက သမားရိုးကျအကြည့်မဟုတ်။ သူ့အကြည့်မှာ အဓိပ္ပာယ် တစ်မျိုး ပါပေမယ့် ထိုအဓိပ္ပာယ်ကို တိတိကျကျ သူမ ဘာသာမပြန်တတ်ပေ။ ဒီတော့ သူမက ထိုအကြည့်မှာ 'မင်းမကျေနပ်လည်း ဂရုမစိုက်ဘူး' ဟူသော အဓိပ္ပာယ်ရသည်ဟုသာ မှတ်ယူထားလိုက်မိတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## မြချက် (၂)

စေ့စပ်ပွဲ ပြီးခဲ့တာ တစ်ပတ်လောက်ကြာသွားပြီဖြစ်သော်လည်း ထိုနေ့က ကိစ္စကို သူမစိတ်ထဲ တနုံ့နုံ့ဖြစ်နေဆဲပင်။ တွေးလေလေ ဒေါ်သတို့က အစိုင်အခဲကြီးမားလာလေလေပင် ဖြစ်သည်။ လူကြားလို့မှ မကောင်း။ ဘဝနှင့်ဆိုင်သော စေ့စပ်ပွဲကိုပစ်ထားကာ လေလံပွဲတစ်ခုမှာ လေလံဝင်ဆွဲနေပါသတဲ့။ ဒီလိုလူမျိုး နောင်လာနောက်သားတွေ ကြည့်နိုင်အောင် ပြတိုက်ထဲမှာ ပြထားဖို့တောင် ကောင်းနေပြီ။

သူမတစ်ယောက်တည်း ခုတင်ပေါ်တွင် လူးလိမ့်ကာ ပေါက်ကွဲနေတုန်းမှာပဲ သူမနားထဲကို အသံတစ်ခု ဝင်ရောက်လာလေသည်။ အသံက အပေါ်ဘက်ဆီက။ ဟော ... ဒါ ... သွပ်ပေါ်ကို မိုးစက်တွေကျတဲ့ အသံပဲ။ ဟုတ်တယ်။ ဒါမိုးရွာလာတဲ့ အသံ။

သူမစိတ်ထဲ မြူးသွားရကာ ခုတင်ပေါ်မှ ခုန်ဆင်း၍ ဝရန်တာဘက်သို့ ထွက်လာခဲ့လိုက်သည်။ ဒီနှစ်မိုးရာသီ၏ ပထမဆုံးရွာသော မိုးရေစက်တွေက သူမအပေါ်သို့ တဖွဲဖွဲ ခုန်ဆင်းလာတော့သည်။ သူမက မိုးရေစက်တွေကို မျက်နှာမော့ခံယူရင်းမှ ခုန်ပေါက်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရာသီသုံးခုတွင် မိုးရာသီကို အကြိုက်ဆုံးပင်။ ယခုလို မိုးရွာလာပြီဆိုလျှင်လည်း မိုးရေထွက်ချိုးလိုက်ရမှ စိတ်ကျေနပ်သူ ဖြစ်သည်။ ပြီးတော့ တစ်ခုရှိသေးသည်။ ဒါက မိုးရွာပြီးနောက်တွင် ကတ္တရာလမ်းမပေါ်၌ ဖိနပ်မစီးဘဲ လမ်းလျှောက်ရတာကိုလည်း စွဲလမ်းနှစ်သက်သေးတာ ဖြစ်ပါသည်။ ဒါကို ရူးတယ်လို့ပြောပြော၊ ကြောင်လိုက်တာဟုပဲဆိုဆို သူမကတော့ ဂရုမစိုက်ပါပေ။ စကားတောင် ရှိသေးတယ် မဟုတ်လား။ လူတွေအားလုံးဟာ တစ်ယောက်တစ်မျိုးဆီ ရူးနေကြတာတဲ့၊ အဲဒီတော့ သူမ၏ ရူးသွပ်မှုသည်လည်း သဘာဝကျသော ရူးသွပ်မှု တစ်ခုပင် ဖြစ်သည်ဟု သူမထင်ပါသည်။

သူမက ဝရန်တာပေါ်မှာတင် တစ်ဝကြီးမိုးရေချိုးကာ စိတ်ကျေနပ်သွားပြီဆိုမှ အခန်းထဲ ပြန်ဝင်လာခဲ့လိုက်သည်။ နောက်တော့ အဝတ်အစိုတွေကို လဲလှယ်ဝတ်ဆင်ရင်းမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။ အဲဒါကတော့ ယနေ့ည မိဘတွေ အိပ်ပျော်သွားချိန်တွင် အပြင်သို့ ခိုးထွက်၍ မိုးရွာပြီးစ မြေသင်းရနံ့ကို ရှူရှိုက်ရင်း ကတ္တရာလမ်းမပေါ်၌ ဖိနပ်မပါဘဲ လမ်းလျှောက်ရသောအရသာကို ခံစားကြည့်ဖို့ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စာရင်းဇယားတွေကြားထဲမှာ ခေါင်းနစ်ကာ ဂဏန်းတွေကို မှန်းလောက်အောင် တွက်ချက်စစ်ဆေးနေရင်းကနေ သူ့အာရုံတွေက ထိုင်းမှိုင်းနောက်ကျိလာခဲ့သည်။ ဒီကိစ္စကို အတွင်းရေးမှူးမလေး မဒီသော်နဲ့ဖြစ်ဖြစ်၊ မန်နေဂျာနှင့်ဖြစ်ဖြစ် လွှဲပေးထားလိုက်၍ဖြစ်သော်လည်း သူမခိုင်းဖြစ်။ မယုံ၍မဟုတ်သော်လည်း မှားတတ်သော လူ့သဘာဝကြောင့် တစ်ခါတလေ ချွတ်ချော်သွားတတ်သည် မဟုတ်လား။ စာရင်းဇယားလောကတွင် သုညတစ်လုံး လိုသွား၊ ပိုသွားခြင်းကပင် ကြီးမားသော ပြဿနာတစ်ရပ်ကို ဖြစ်ပေါ်စေတတ်ပါသည်။ ထို့ကြောင့် အောက်မှတက်လာသော စာရင်းဇယားမှန်သမျှကို စစ်စစ်ပေါက်ပေါက် စစ်ဆေးပြီးမှ သူက လက်မှတ်ထိုး အတည်ပြုတတ်တာ ဖြစ်သည်။

စာရင်းတွေ အကုန်လုံး စစ်ဆေးပြီးသွားတော့ ညဆယ့်တစ်နာရီ ထိုးနေပြီ။ သူက စာအုပ်တွေကို ပြန်စီလိုက်ကာ တောင့်တင်းနေသော လည်ကုပ်ကို ဘယ်ညာရမ်းပြီး ချိုးလိုက်သည်။ ထို့နောက် သူက ပေါ်တီကိုအောက်က ကားဆီသို့ထွက်လာကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါက သူ၏ အကျင့်တစ်ခုပင်ဖြစ်သည်။ ညဘက်၌ အာရုံကို အလုပ်များများ ပေးမိသော ရက်မျိုးတွင် သူ၏အလှစီး ပြိုင်ကားကို အမိုးဖွင့်၍ အပျင်းပြေ ကားလျှောက်မောင်းရခြင်းကို နှစ်သက်လေသည်။ ညဘက် လမ်းပေါ် ကားများရှင်းသောအချိန်၌ ခပ်မြူးမြူး သီချင်းတစ်ပုဒ်ကို နားထောင်ရင်း မျက်နှာကို လာရောက်တိုးခတ်သော လေနုအေးတို့၏ အထိအတွေ့ကို ခံယူရသည်မှာ ဘာနှင့်မျှမလဲနိုင်သော အရသာတစ်မျိုးပင် ဖြစ်သည်။

ထိုသို့ ဦးတည်ချက်မဲ့စွာ ကားမောင်းလာရင်းမှ တစ်နေရာအရောက်တွင် သူ့ကားက ထိုးရပ်သွားလေတော့သည်။ သူက မျက်မှောင်တစ်ချက် ကြုတ်လိုက်ကာ အကြည့်က ဒိုင်ခွက်ဆီသို့ ရောက်သွားသည်။ လက်တံက ဆီဂိတ်အောက်ဆုံးအမှတ်အောက်မှာ။

"ကျွတ် ... ဆီကုန်ပြီ"

သူက စိတ်ပျက်သလို ရေရွတ်ကာ ကားပေါ်မှဆင်းပြီး ကားနောက်ဖုံးထဲက ဆီပုံးကို ထုတ်ရလေသည်။ အင်း ... ပြောရရင်တော့ အဲဒီမှာ စတွေ့တာပင်ဖြစ်သည်။

ဆီပုံးကို နောက်ဖုံးထဲကထုတ်ယူပြီး ဆီတိုင်ကီထဲထည့်မည့် အလုပ်မှာပင် သူ့အကြည့်က မျက်နှာချင်းဆိုင်က တစ်ဖက် ပလက်ဖောင်းဆီသို့ ရောက်သွားရသည်။

"ဟင် ..."

ကောင်မလေး တစ်ယောက်။ ညဝတ်အင်္ကျီအဖြူရောင်ဂါဝန်လေးနှင့်။ ဆံပင်တွေကို ဖြန့်ချထားကာ မျက်နှာကို မော့ချိုင်းကာ လက်တွေကို ဆန့်တန်းလိုက်ဖြင့် လမ်းလျှောက်သွားလေသည်။ပြီးတော့ ပိုပြီးစိတ်ဝင်စားဖို့ကောင်းသည်မှာ သူမ ခြေထောက်များတွင် ဖိနပ်မပါချေ။

www.burmeseclassic.com



ဆံနွယ်တွေက တစ်ချက် တစ်ချက် လေအဝှေ့တွင် နောက်ဘက်ဆီသို့ လွင့်ခနဲ လွင့်ခနဲ ဖြစ်သွားပုံမှာ ညာဘက် လမ်းဘေး နီယွန်မီးရောင်အောက်၌ အတော်ကြည့်၍ ကောင်းပါသည်။ သူမပုံစံက လူတစ်ယောက်နှင့်ပင် မတူ။ ဝိညာဉ်တစ်ကောင်နှင့် နှိုင်းရမှာကျတော့လည်း ရိုင်းများ ရိုင်းလေမလား။ ဒီတော့ ကဗျာဆန်ဆန်ပြောရလျှင် ကောင်းကင်က နတ်သမီးတစ်ပါး ကမ္ဘာမြေပေါ် လမ်းဆင်းလျှောက်နေသည်ဟုပင် ပြောရမလို။

သူမပုံစံက သာမန် လမ်းလျှောက်သွားပုံနှင့်လည်း မတူချေ။ ပေါ်အဖြူတစ်စ လေနှင့်မျောလွင့်သွားပုံမျိုး ဖြစ်သည်။ သူ့မျက်လုံးထဲမှာ ဒီပုံစံက လုံးဝကို အသစ်။

အဲဒီမှာတင်ပဲ သူ့စိတ်တွေ ဘယ်လိုဖြစ်သွားမှန်းမသိချေ။ တစ်စုံတစ်ရာက ဆွဲငင်လိုက်သလို သူမနောက်ကို လိုက်ကြည့်ချင်စိတ်တွေ ပေါ်လာတော့တာ ဖြစ်သည်။ ထို့ကြောင့် သူက ဆီပုံးကို ကားထဲမှာ ဒီအတိုင်းထည့်ပစ်ခဲ့ကာ ကားကို လော့(ခ်)ချခဲ့ပြီးနောက် သူမနောက်ကို လိုက်ခဲ့မိတော့သည်။ သို့ပေမယ့် သူက သူမ မရိပ်မိအောင် ခပ်လှမ်းလှမ်းမှ နောက်ချန်လိုက်တာဖြစ်သလို သူမက ဟိုဘက် ပလက်ဖောင်းပေါ်က လျှောက်တာဖြစ်ပြီး သူကတော့ ဒီဘက်ပလက်ဖောင်းပေါ်မှ လျှောက်လာခဲ့တာ ဖြစ်သည်။

သူမကတော့ ပတ်ဝန်းကျင်ကို သိဖို့ဂရုမစိုက်ချေ။ တစ်လောကလုံးမှာ သူမတစ်ယောက်သာ ရှိနေပုံနှင့် လမ်းလျှောက်နေတော့တာ ဖြစ်သည်။ ဒီလိုနှင့် လေးငါးမိနစ်လောက်ကြာအောင် လျှောက်ပြီးသောအခါ သူမက ပလက်ဖောင်းပေါ်တွင် လျှောက်နေရာမှ ကတ္တရာလမ်းမကြီးပေါ်သို့ ဆင်းလျှောက်လေတော့သည်။ ဒီတော့ သူကပါ ကတ္တရာလမ်းမပေါ် ဆင်း၍ လျှောက်မိလေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



သူက ဘောင်းဘီအိတ်ကပ် တစ်ဖက်တစ်ချက်ထဲ လက်နှိုက်ထည့်ကာ သူမကို နောက်ကျောဘက်မှ လိုက်ကြည့်နေခဲ့ရင်း တစ်နေရာအရောက်တွင် ရှေ့မှသွားနေသော သူမက ရပ်တန့်လိုက်,သဖြင့် သူပါ ခြေလှမ်းတွေကို ရပ်လိုက်ရတော့သည်။ သူမရပ်လိုက်တာက ကော်ဖီဆိုင်လေး တစ်ခုရှေ့မှာ ဖြစ်သည်။

သူမက ကော်ဖီဆိုင် ဆိုင်းဘုတ်လေးကို မော့ကြည့်ပြီးနောက် သူမ ဂါဝန်မှာပါတဲ့ အိတ်ကပ်တွေကို လိုက်စမ်းနေသည်။ သူ့အထင် သူမ ပိုက်ဆံလိုက်ရှာနေတာ ဖြစ်ပါလိမ့်မည်။ နောက်တော့ သူမက ပိုက်ဆံ ပါမလာလို့ စိတ်ပျက်သွားသည့်ပုံစံဖြင့် ခေါင်းတစ်ချက်ကုပ်ကာ ရှေ့ဆက်မသွားတော့ဘဲ နောက်ပြန်လှည့်ကာ လာရာလမ်းကို ပြန်လျှောက်လာ၏။ ထိုအခါ သူနှင့် သူမက မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ သူက သူမ ရိပ်မိသွားမှာစိုးသဖြင့် ကိုယ့်ဘာသာ လမ်းလျှောက်နေသူတစ်ယောက်လို သူမကိုမကြည့်ဘဲ လမ်းလျှောက်လာပြီးမှ သူမနှင့်ရှောင်ကာ ကော်ဖီဆိုင်ရှေ့နားရောက်အောင် လျှောက်လာခဲ့လိုက်သည်။ နောက်မှ သူမကို အသာငဲ့စောင်းကြည့်ကာ ခပ်ဝေးဝေးမှ ခွာပြီး သူမနောက်ကို တစ်ဖန်လျှောက်လာခဲ့လိုက်ပြန်သည်။

သူမပုံစံက တစ်မျိုးတော့ တစ်မျိုးပါပင်။ ဘယ်လိုတစ်မျိုးလည်းတော့ သူလည်း သေချာမသိ။ ညကြီးအချိန်မတော် မိန်းကလေးတစ်ယောက်တည်း လမ်းမကြီးပေါ်မှာ ဖိနပ်မပါဘဲ လမ်းလျှောက်နေပါသတဲ့။ ဒါဟာ သာမန်လူတစ်ယောက်၏ လုပ်ရပ်မျိုးတော့ မဟုတ်ပေ။ ရူးနေတယ် ပြောရအောင်ကလည်း သူမပုံစံက ရူးနေတဲ့ပုံ မဟုတ်တော့တွေးလေလေ တွေးလို့မရလေလေပင် ဖြစ်သည်။

ဒီလိုနဲ့ လာရာလမ်းကို ပြန်လျှောက်လာရင်းမှ သူ့ကားနား



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ပြန်ရောက်လာသည်။ အစတော့ သူက သူ့ကားနားမှာပင် နေခဲ့တော့မလို့ စိတ်ကူးမိသေးသည်။ နောက်တော့ သူမ ဘယ်ကိုပြန်မလဲဆိုတာကို သိချင်စိတ် ပေါ်လာလေရာ ပထမစိတ်ကူးကိုဖျက်၍ သူမနောက်သို့ လိုက်ခဲ့မိပြန်တော့သည်။

သူ့ကားကို ကျော်၍ သုံးမိနစ်ခန့် လျှောက်လာပြီးသောအခါ သူမက လမ်းချိုးတစ်ခုအတွင်းသို့ ဝင်ရောက်သွားသဖြင့် သူပါ လိုက်ဝင်လာခဲ့သည်။ ဤသို့ဖြင့် လျှောက်လိုက်လာရင်းမှ နောက်ဆုံးတွင်တော့ သူမသည် ခြံကြီးတစ်ခြံအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။ ဒီတော့မှ သူလည်း ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပစ်လိုက်မိရင်း နောက်ကြောင်းကို ပြန်လှည့်လာခဲ့လိုက်တော့သည်။

ရင်ထဲမှာတော့ ဘာမှန်းမသိသော ပုဏ္ဏာတစ်ပုဒ်က ခိုးလိုးခုလုဖြင့် ကပ်ငြိပါလာ၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

မနေ့ညနေက မိုးတွေရွာတော့ ကျွန်မ စိတ်ကူးတစ်ခု ရတယ်။ အဲဒါက ညဘက် နီယွန်မီးတွေ ထွန်းထားတဲ့အချိန်မှာ ကတ္တရာလမ်းပေါ် ဖိနပ်မပါဘဲ လမ်းလျှောက်ကြည့်ချင်မိတာပဲ။ ဒါနဲ့ ကျွန်မလည်း အဲဒီ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ မနေ့ညက အဖေနဲ့ အမေရဲ့ အလစ်ကို ချောင်းခဲ့တယ်။ ဒါပေမယ့် အထမ မြောက်လိုက်ပါဘူး။ အမေတို့ အအိပ်ကိုစောင့်ရင်းနဲ့ ကျွန်မကပဲ သူတို့အရင် အိပ်ပျော်သွားခဲ့တယ်လေ။ အအိပ်ကြီးလွန်းတဲ့ကျွန်မကို ကျွန်မ အမြင်ကတ်လိုက်တာ မပြော ပါနဲ့။

အဲ . . . ဒါပေမယ့်လို့ အဲဒီလို အိပ်ပျော်သွားတဲ့အချိန် မှာပဲ ကျွန်မဟာ သိပ်ကို ထူးဆန်းလှပတဲ့ အိပ်မက်တစ်ခုကို မက်ခဲ့ ရတယ်။ အိပ်မက်ထဲမှာ ကျွန်မက မိုးရွာပြီးစ မြေသင်းနံ့တွေသင်းပျံ့ နေတဲ့ ကတ္တရာ လမ်းမကြီးပေါ်မှာ ဖိနပ်မစီးဘဲ တစ်ယောက်တည်း လျှောက်သွားနေသတဲ့လေ။ ပြီးတော့ ကျွန်မတို့ လမ်းနဲ့ သိပ်မဝေးတဲ့

www.burmeseclassic.com



နေရာက မိုးအလင်းကော်ဖီဆိုင်လေးထဲမှာလည်း ကော်ဖီသောက်ဖို့ စိတ်ကူးလိုက်သေး တယ်။ ဒါပေမယ့် ကံဇာတာ ညံ့တဲ့ ကျွန်မက အိပ်မက်ထဲမှာတောင် ကံ မကောင်းပါဘူး။ ပိုက်ဆံတစ်ပြားမှမပါတာနဲ့ ဒီအတိုင်းပဲ လှည့်ပြန်လာခဲ့ရ တယ်လေ။

ပြီးတော့ ထူးဆန်းတာတစ်ခုရှိသေးတယ်။ လူတစ်ယောက်က ကျွန်မ နောက်ကနေ တကောက်ကောက်လိုက်ပြီး ကျွန်မကို ကြည့်နေသတဲ့လေ။ အစကတော့ ကျွန်မ ကြောက်သွားတယ်၊ ကျွန်မကို တစ်ခုခုများ ရန်ပြုမလို့လားပေါ့။ ဒါပေမယ့် သူ့ပုံစံက အေးအေးဆေးဆေးပါပဲ။ ဒါနဲ့ ကျွန်မလည်းမသိချင်ယောင်ဆောင်ပြီး ကိုယ့်လမ်းကိုယ် လျှောက်လာခဲ့လိုက်တာ အိမ်ရောက်တဲ့အထိပါပဲတဲ့။

ကဲ ... ဘယ်လောက် ထူးဆန်းတဲ့ အိပ်မက်လဲ။ ကျွန်မ တကယ့် အပြင်မှာလည်း အဲဒီလို လမ်းလျှောက်ကြည့်ချင်လိုက်တာ ... ။

ဂျီစက်သက်ဒွေဘ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမက အသစ်စက်စက် ဒိုင်ယာရီစာအုပ်လေးကို ပိတ်လိုက်ကာ ရင်ဘတ်ပေါ်မှာ တင်ထားလိုက်ရင်း ညအိပ်မက်ကို ပြန်မြင်ယောင်နေမိသည်။

တော်တော်ထူးဆန်းတဲ့ အိပ်မက်ပါပင်။

ထိုအခိုက် ...

"ဒေါက် ... ဒေါက် ..."

"သမီးရေ ... နိုးနေပြီလား၊ ဆင်းခဲ့တော့လေ၊ breakfast စားရအောင်"

မေမေ့စကားအသံ အဆုံးမှာတော့ သူမက ဒိုင်ယာရီစာအုပ်လေးကို ခေါင်းအုံးအောက်သို့ ထိုးသွင်းလိုက်ပြီး ...

"နိုးပြီ မေမေ ... လာခဲ့မယ်"

ဟု ပြန်အော်ကာ ရေချိုးခန်းထဲသို့ ပြေးရသည်။ ဆံပင်တွေကို စည်းကြိုးတစ်ခုဖြင့် ခပ်မြင့်မြင့်စုစည်းကာ မျက်နှာသစ်ခြင်းနှင့် သွားတိုက်ခြင်းကို ခပ်မြန်မြန် လုပ်လိုက်သည်။

အောက်ထပ် breakfast ဝိုင်းမှာက မေမေနဲ့ ဖေဖေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်နေပြီ။ သူမက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တော့ မေမေက သူမရှေ့မှ ကော်ဖီခွက်ထဲသို့ ကော်ဖီငှဲ့ထည့်ပေးလာရင်း ...

"သမီး ညက စောစော မအိပ်ဘူးလား"

"အိပ်ပါတယ် မေမေရဲ့၊ ဘာဖြစ်လို့လဲ ..."

"မျက်လုံးတွေ ရဲနေလို့ ..."

သူမက မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း ...

"ဘာဖြစ်လို့ ရဲနေတာလည်း မသိဘူး၊ ညကတော့ သမီး အစောကြီး အိပ်ပျော်သွားတာပါ"

ဟု ရေရွတ်သလိုလို ပြောသလိုလိုဖြင့် ဆိုမိသည်။ နောက်တော့ မေမေ့လုပ်ငန်းအကြောင်းတွေဘက် ရောက်သွားလိုက်၊ မေမေ့အိမ်မှုကိစ္စတွေအကြောင်း ပြောလိုက်ဖြင့် breakfast ဝိုင်းက ပုံမှန်လည်ပတ်နေကျအတိုင်းပင် လည်ပတ်သွားခဲ့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

အရေးကြီး စာရွက်စာတမ်းတွေကို သားရေလက်ဆွဲအိတ်ထဲ သေချာထည့်ပြီးနောက် စားပွဲပေါ်က နာရီကို လက်မှာကောက်ယူပတ်လိုက်သည်။ နာရီကိုကြည့်တော့ ရှစ်နာရီထိုးလုလု။ ရုံးတက်ချိန်က ရှစ်ခွဲမို့ ထားမောင်းမှာနှင့် ဘာနှင့်ဆိုတော့ အကိုက်ပင်ဖြစ်သည်။

လိုအပ်သော ပစ္စည်းပစ္စယအစုံဖြင့် အောက်ထပ်ဆင်းလာတော့ ညှော်ခန်းထဲမှာ မေမေနှင့်ဆုံသည်။

"သား ... အလုပ်သွားတော့မလို့လား"

ဟုတ်ကဲ့ ... "

"ဟင် ... breakfast စားသွားဦးလေ၊ သားကြိုက်တဲ့ နန်းကြီးသုပ်ကို ငါးဖယ်များများနဲ့ မေမေ သုပ်ထားတယ်"

အစကတော့ သူက မစားတော့ဘူးလို့ပင်။ ဒါပေမဲ့ နန်းကြီးသုပ်ဆိုတာနဲ့ breakfast စားလိုက်သည်။ မေမေက ဟင်းရည်ပန်းကန်ကို သူ့ရှေ့ချပေးရင်း ...

"သား ... ဒီနေ့မနက် အလုပ်ထဲမှာ အရေးကြီးကိစ္စ ရှိလား"

"မရှိပါဘူး၊ ဘာလို့လဲ ... "


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အလုပ်နည်းနည်းနောက်ကျလည်း ဖြစ်တယ်ပေါ့၊ဟုတ်လား"

သူက ဟင်းရည်တစ်ဇွန်း ခပ်သောက်လိုက်ရင်းမှ ခေါင်းညိတ်ပြလိုက်မိသည်။

"ဒါဆို အိစက်တို့အိမ် ခဏဝင်ပေးစမ်းပါ၊ မဆင့်က စိန်နားကပ် ဒီဇိုင်းဆန်းတာထဲက တစ်ရံလောက်ရှာခိုင်းထားတာ၊ အဲဒါ မနေ့က ပွဲစား ဒေါ်တင့် လာပြသွားတာလေး ကြိုက်လို့ ယူထားတယ်၊ အဲ့ဒါ ဝင်ပေးပေးစမ်းပါ"

"ပေးလိုက်လေ၊ သား ဝင်ပေးခဲ့လိုက်မယ်"

"အေးအေး ... ဒါဆို မေမေ သွားယူလိုက်ဦးမယ်"

မေမေ အနားကထွက်သွားတော့မှ သူက လက်မှနာရီကို ထပ်ကြည့်မိသည်။ မတတ်နိုင်ချေ။ ဒီနေ့တော့ ရုံးနောက်ကျတော့မည်။

နန်းကြီးသုပ်ကို လက်စသတ် စားပြီးချိန်မှာပဲ မေမေ ပြန်ရောက်လာသည်။

"ရော့ ... သား၊ ဈေးကတော့ ဖုန်းနဲ့ပဲ မေမေ လှမ်းပြောလိုက်မယ်၊ ကြားလား ..."

"ဟုတ်ကဲ့ ..."

သူက မေမေ ပေးလာသည့် အနက်ရောင် ကတ္တီပါဘူးလေးကို ဘောင်းဘီအိတ်ကပ်ထဲသို့ ထိုးထည့်ကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့လိုက်၏။ ကားမောင်းလာရင်းမှ သူ့မျက်လုံးထဲတွင် အိစက် ညက်ညော၏ ပုံလေးကို မြင်ယောင်ကြည့်မိသည်။ ဘယ်တော့ကြည့်ကြည့် ချစ်စရာကောင်း လှပနေတတ်သော ဆုတောင်းကောင်းခဲ့သူလေးပင် ဖြစ်သည်။ စေ့စပ်ပွဲနေ့က သူ၏လုပ်ရပ်အတွက် သူမက သူ့ကိုခင်းကာ မကျေနပ်ကြောင်းကို ဆန္ဒပြနေခဲ့တာ စေ့စပ်ပွဲပြီးကတည်းကပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းဆက်လျှင် မကိုင်ချေ။ သူမအိမ်ကို သူရောက်သွားလျှင်လည်း သူမက အခန်းထဲအောင်းကာ သူ့ကိုထွက်တွေ့ခြင်း မရှိပါ။ စေ့စပ်ပွဲနေ့က ကိစ္စရပ်မှာ သူ့ဘက်က လွန်သွားခဲ့တာ မှန်သော်လည်း စေ့စပ်ပွဲကို ရောက်အောင် သူလာခဲ့သည်ပဲ။ သူ့လို အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးမှာ ဒီလိုကိစ္စရပ်မျိုး မကြာခဏ ဖြစ်ပေါ်လာနိုင်သည် ဆိုတာကို သူမဘက်က နားလည်တွေးပေးသင့်တာပေါ့။ အခုတော့ ...။

ထားပါလေ။ သူနှင့် သူမ လက်ထပ်ပြီးသွားလျှင် ဒါတွေကို သူမ အလိုလို နားလည်သွားပါလိမ့်မည်။ သူက ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်တော့ အထဲက အန်တီဆင့် ထွက်လာသည်။

"လား ... သား"

အန်တီဆင့်က သူ့ကို အိမ်ထဲဝင်ဖို့ခေါ်ပေမယ့် သူက ...

"ကျွန်တော် အထဲထိ မဝင်တော့ဘူး အန်တီ၊ မေမေက ဒီပစ္စည်းလေး ပေးခိုင်းလို့ ..."

ဟုဆိုကာ မေမေ ပေးလိုက်သော ပစ္စည်းကို ထုတ်ပေးလိုက်သည်။

"တစ်ခုခု စားသွားဦးလေကွယ်၊ သမီးလေးနဲ့လည်း စကားပြောရတာပေါ့"

"စားခဲ့ပြီ အန်တီ၊ ဒါနဲ့ အိစက်ကော"

"သမီးက အိမ်နောက်က ခရေပင်အောက်မှာ ခရေပန်း ကောက်နေတယ်"

"ဒါဆို ကျွန်တော် အဲဒီကိုပဲ သွားလိုက်တော့မယ်"

"အေးအေး ... သား"

သူက အိမ်နောက်ဘက်ဆီသို့ ထွက်လာခဲ့လိုက်သည်။ သူမကို ခပ်လှမ်းလှမ်းမှပင် လှမ်းမြင်ရပါသည်။ အစိမ်းရောင် ဂါဝန်ခြင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူမက ပန်းတွေကောက်နေ၏။ သူမက ပန်းကောက်ခြင်းမှာ အာရုံဝင်စားနေတာမို့ သူလာတာကို မမြင်သေး။ အနားကိုရောက်သွားမှ ဖျတ်ခနဲ မော့ကြည့်လာသည်။

"ပန်းကောက်နေတာလား ..."

သူက သူမကို အချိုသာဆုံး ပြုံးကာ နှုတ်ဆက်လိုက်တာဖြစ်သော်လည်း သူမ၏ အဖြေကတော့ သင်းသည်။

"မြင်တဲ့အတိုင်းပဲ ..."

သူက သူမနှင့် မျက်နှာချင်းဆိုင်လောက်မှာ ထိုင်ချလိုက်ရင်း ...

"ခရေပန်းများ ဘာလို့အချိန်ကုန် ဇက်ကြောတက်ခံပြီး ကောက်နေလဲ၊ အပြင်မှာ တစ်ရာဖိုးလောက် ဝယ်လိုက်ရင် သုံးကုံးလောက်ရတယ်"

သူ့စကားအဆုံး သူမက ပန်းကို ငုံ့ကောက်နေရာမှ မျက်လုံးလှန်ကြည့်လာသည်။ ကြည့်လာပုံက မကျေနပ်သည့်အကြည့်။ ဒါပေမယ့် ဘာမှတော့မပြော။ မျက်လွှာပြန်ချကာ သူမပန်းကိုသာ ဆက်ကောက်နေ၏။

"ကိုယ့်ကို စိတ်ဆိုးတုန်းပဲလား ..."

သူမက ဘာမှပြန်မဖြေ။ ဒီတော့ သူက ပန်းတစ်ပွင့်ဆီကို လှမ်းလိုက်သည့် သူမလက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်ပြီး ...

"အိစက် ..."

ဖျတ်ခနဲ မော့ကြည့်လာပြန်သည့် သူမနှင့် သူ အကြည့်ချင်းဆုံသွားသည်။ တစ်မိနစ်လောက် eye power ချင်း ပြိုင်နေကြပြီးမှ သူမက အရင် မျက်လွှာချသွားပြီး လက်ကိုဆောင့်ရုန်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ ရှင့်အချိန်တွေ သိပ်ကိုပေါများနေတယ်ပေါ့၊ ဟုတ်လား ..."

"ကိုယ် မင်းနဲ့ စကားမများချင်ဘူး၊ အဲဒီနေ့က ကိစ္စဟာ ကိုယ်မှားတယ်ပဲ ထားပါတော့၊ မင်းကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ"

"မှားတယ်ပဲ ထားပါတော့ မဟုတ်ဘူး၊ မှားကိုမှားတာ၊ ကျွတ် ... ရှင်နဲ့ စကားကြာကြာပြောရင် ရိုင်းစိုင်းတဲ့ စကားလုံးတွေ ကျွန်မပါးစပ်က ထွက်လာလိမ့်မယ်၊ ရှင် အခု အလုပ်သွားမှာမဟုတ်လား၊ သွားပါတော့ ..."

သူ့ကို သွားပါတော့ဟု ဆိုသော်လည်း အရင်ဆုံး ထထွက်သွားတာက သူမသာဖြစ်သည်။ ပန်းခြင်းကို လက်တစ်ဖက်ကကိုင်ရင်း ခြေလှမ်းကျဲကြီးတွေဖြင့် ထွက်ခွာသွားသော သူမကိုကြည့်ကာ သူက သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။ ဘဝနှစ်ခုကို တစ်ခုတည်းပေါင်းရန်အတွက် သူမနှင့် သူ့ကြားတွင် ညှိနှိုင်းစရာတွေ အများကြီးပင် ဖြစ်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၃)

သူ့လုပ်ရပ်ကို သူများတွေများ ကြားသွားရင် ရယ်ကြလေမလားတော့ မသိ။ ပြီးတော့ သူ့ကိုယ်သူလည်း နားမလည်ချေ။

တစ်နေ့ ညက တွေ့လိုက်ရသော ကောင်မလေးကို နောက်နေ့တွေမှာလည်း တွေ့ချင်မိသောကြောင့် သူမတို့လမ်းထိပ်နားဆီကနေ ညဘက် ဆယ်နာရီလောက် အချိန်ကစပြီး သန်းခေါင်ကျော် တစ်ချက်ထိုးလောက်အထိ လာလာစောင့်နေမိတာ သုံးညတိတိ ရှိသွားပြီဖြစ်သည်။

ဘာ့ကြောင့် ဒီလိုဖြစ်နေရသလဲဆိုတာကိုတော့ တိတိကျကျ သူမသိသေး။

ဒီခံစားချက်က အချစ်ဟုတော့ ယတိပြတ် ပြော၍မရသေး။

အင်း ... ဒီတော့ စိတ်ဝင်စားမှုအဆင့်ဟု သတ်မှတ်ရမည် ထင်သည်။

အခုလည်း သူက သူမတို့လမ်းထိပ်နှင့် ခပ်လှမ်းလှမ်းမှာ ကားကိုရပ်ထားလိုက်ပြီး မြူးမြူးကြွကြွ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးလေး ဖွင့်နားထောင်ရင်း သူမကို စောင့်နေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ညဆယ့်တစ်နာရီကျော်ကျော်လောက် အချိန်မှာတော့ သူ သိပ်ကိုမြင်တွေ့ချင်သော အဖြူရောင်အရိပ်လေးသည် ကဗျာတစ်ပုဒ်ပမာ လွင့်မျောလာလေတော့၏။ သူ့ရင်ထဲမှာ လှိုက်ခနဲ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမက ကောင်းကင်ကြီးကို မော့ကြည့်ရင်း မှိတ်တုတ်မှိတ်တုတ် လင်းလက်နေတဲ့ ကြယ်တွေကြားက ဖိုးလမင်းကြီးကို သဘောကျနေမိသည်။ အခုလိုညရဲ့ အလှအပက လမင်းကြီးကြောင့် ပိုမိုအသက်ဝင်လှပနေခဲ့တာ ဖြစ်သည်။ ပြီးတော့ လမ်းဘေး နီယွန်မီးရောင်တွေ၊ တစ်ချက် တစ်ချက် အေးမြစွာ တိုက်ခတ်လာတတ်သော လေနုအေးလေးတွေ၊ တစ်ခါတစ်ရံ ထွက်ပေါ်လာတတ်သည့် ပုရစ်အော်သံတွ စသည် စသည်ဖြင့် ညက ဘယ်လောက်လှပလိုက်ပါသလဲ။ ဒီလို လှပသောညမှာ တစ်ယောက်တည်း လမ်းထလျှောက်ရတဲ့ အရသာ ဘယ်လောက်ကောင်းတယ်ဆိုတာ တစ်လောကလုံးမှာ သူမတစ်ယောက်သာ သိလေရော့သလား။ ဒီလိုညဘက်မှာ မိန်းကလေးတစ်ယောက်တည်း လမ်းလျှောက်ထွက်ရတာ အန္တရာယ်များပေမယ့်လို့ သူမကတော့ မကြောက်ပေါင်။ အဝေးကြီးသွားတာမှလည်း မဟုတ်တာ။ သူမတို့ လမ်းထိပ်နှင့် ခပ်လှမ်းလှမ်းက ကော်ဖီဆိုင်လေးနားအထိပဲလေ ...။

သူမက လမ်းကြားထဲကထွက်ပြီး လမ်းမပေါ်ရောက်သည်နှင့် ယောင်ပြီး စီးလာမိသည့် ဖိနပ်တွေကို ချွတ်ပစ်လိုက်တော့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကိုင်ရင်း လမ်းလျှောက်နေမိတော့သည်။ ကတ္တရာလမ်းမနှင့် ခြေဖဝါးတို့ကြားခံ အတားအဆီးမရှိဘဲ ထိတွေ့ရသည့်အရသာက ဘယ်လို ခံစားလို့ကောင်းမှန်း မသိ။

ထိုသို့ တစ်ယောက်တည်း စိတ်ကူးတွေယဉ် လမ်းလျှောက် လာရင်းမှ စိတ်ထဲမှာ နောက်ကနေ တစ်ယောက်ယောက် လိုက်လာသလို ခံစားလာရ၏။ သူမက အစတော့ လှည့်ကြည့်ဦးမလို့ပင်။ နောက်တော့ လှည့်ကြည့်လိုက်လို့ သူမ သတိထားမိသွားတာကို သူသိသွားရင် မထူး ဇာတ် ခင်းလာမှာ စိုးတာနဲ့ လှည့်ကြည့်မနေတော့ဘဲ ကိုယ့်လမ်းကိုယ်သာ သတိထားပြီး လျှောက်နေလိုက်တော့၏။

ဒီလိုနဲ့ ကော်ဖီဆိုင်လေးရှေ့ ရောက်လာသည်။ ဒါနဲ့ သူမ က ကော်ဖီဆိုင်လေးထဲဝင်ကာ ကော်ဖီတစ်ခွက်မှာကာ ထိုင်နေလိုက်သည်။ ထိုင်တာကလည်း အဝင်ပေါက်ကို မျက်စောင်းထိုးအနေအထား မြင်ရသော ခုံမှာ ဝင်ထိုင်နေလိုက်တာ ဖြစ်ပါသည်။ သို့မှသာ သူမနောက်မှ လိုက် လာသူ ဆိုင်ထဲကို ဝင်လာပါက တန်းမြင်နိုင်မည် မဟုတ်ပါလား။

သူမ တွက်ဆထားသည့်အတိုင်းပင် သူမဆိုင်ထဲမှာ ထိုင် လိုက်ပြီး မရှေးမနှောင်းပင် ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ ထိုအခါ သူမက ဘာရယ်မဟုတ် အကြည့်မျိုးဖြင့် ကြည့်လိုက်ကာ မသိ မသာ အကဲခတ်မိတော့သည်။

အသက်အရွယ်ကတော့ သူမလောက်ပါပင်။ ဥပမိရုပ်က လည်း ချောနေတာမျိုးမဟုတ်ပေမယ့် အဆင့်အတန်းတစ်ခုရှိသော ရုပ်မျိုး ဖြစ်သည်။ လူဆိုး၊ သူခိုးတော့ ဟုတ်ပုံမရ။ ဒါဆို သူက ဘာကြောင့် သူမနောက်ကို လိုက်လာရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူမက အဖြေရှာနေတုန်းမှာပဲ သူက သူမနှင့် မျက်နှာချင်းဆိုင်က စားပွဲမှာ ဝင်ထိုင်ကာ စားပွဲထိုးလေးကို တစ်ခုခု မှာလိုက်တာ တွေ့ရသည်။ နောက်တော့ သူမက ခေါင်းကို ခါရမ်းပစ်လိုက်ကာ သူ့ကို အာရုံစိုက်မနေတော့ဘဲ ကိုယ့်ဘာသာ ကော်ဖီကို အရသာခံသောက်နေလိုက်သည်။

ဒီလိုမျိုး ညဘက်ကြီးမှာ အပြင်ထွက် ကော်ဖီသောက်ရတာ စိတ်ကျေနပ်မိတာတော့ အမှန်ပင်။ ကော်ဖီ၏ ခါးစိမ့်စိမ့်အရသာကလည်း အခုမှ ပို၍ အရသာခံလို့ ကောင်းနေ၏။ ဒီနေ့တော့ သူမက ကော်ဖီသောက်ရန်အတွက် ပိုက်ဆံကို သတိတရ သေချာထည့်လာခဲ့တာ ဖြစ်ပါသည်။

ဤသို့ဖြင့် သူမသည် ကော်ဖီကို အရသာခံသောက်ရင်း ဆယ်မိနစ်ခန့် တွေးချင်ရာတွေး ငေးချင်ရာငေးနေပြီးမှ ပိုက်ဆံရှင်းကာ လာလမ်းအတိုင်း ပြန်လာခဲ့သည်။ အမည်မသိ ယောကျ်ားသားသည်လည်း သူမနောက်မှ ထုံးစံအတိုင်း ပါလာခဲ့၏။

သို့ပေမယ့် သူမ အိမ်ပြန်ရောက်သည်အထိ ထိုယောကျ်ားက မည်သို့သော ထူးထူးဆန်းဆန်း တစ်စုံတစ်ရာကိုမှ ပြုလုပ်လာခဲ့ခြင်း မရှိပါပေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက် အိပ်ရာကနိုးတော့ သူမပါးစပ်ထဲမှာ ခါးသက်သက် အရသာတစ်ခု ရနေသလိုပင်။ ဟား ... ဟုတ်သားပဲ။ သူမ မနေ့ညက မေမေ့အတွက် ကော်ဖီဖျော်ပေးပြီး သူမပါ တစ်ခွက် ဖျော်သောက်မိတာလေ။ ပြီးတော့ သွားမတိုက်ဘဲ အိပ်ခဲ့မိတာဖြစ်သည်။

မနေ့ညဆိုမှ ညကမက်သော အိပ်မက်ကို သူမ သတိရလာသည်။ ထို့ကြောင့် သူမက မွေ့ရာအောက်တွင် ထိုးထည့်ထားသော ဒိုင်ယာရီစာအုပ်လေးကို ဆွဲထုတ်လိုက်သည်။

ထို့နောက် ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညကလည်း ကျွန်မ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကျွန်မက မိုးလင်းထိဖွင့်တဲ့ ကောင်ဖီဆိုင်လေးမှာ ကော်ဖီသွားသောက်သတဲ့။ ပြီးတော့ တစ်လောက ကျွန်မ အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့ အမည်မသိ ယောကျ်ားသားကို မနေ့ညက အိပ်မက်ထဲမှာ ထပ်တွေ့ခဲ့တယ်။ ညက တော့ အဲဒီယောကျ်ားကို ကျွန်မက သေသေချာချာ အကဲခတ်ခဲ့တယ်တဲ့။ ပြီးတော့ အရင်တစ်ခါကလိုပဲ ကျွန်မတို့ အိမ်နားအထိ သူ ပါလာခဲ့သေး တယ်တဲ့။

အပြင်မှာလည်း ကျွန်မ အဲဒီ ကော်ဖီဆိုင်လေးမှာ ကော်ဖီ သွားသောက်ချင်လိုက်တာ။ အိပ်မက်ထဲကလို ညဘက်ကြီးမှာ ပေါ့။

ကိုစက်ဘက်ဝေသော

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

Green day ဓာတ်ပုံဆိုင်ထဲကို ဝင်လိုက်သည်နှင့် studio ထဲတွင် ကင်မရာတစ်လုံးဖြင့် အလုပ်ရှုပ်နေသော လှထူးကို တွေ့လိုက်ရသည်။ လှထူးက ဓာတ်ပုံရိုက်ကူးခြင်းမှာ စျာန်ဝင်စားနေတာမို့ သူ့ကို မမြင်သေး။ ထို့ကြောင့် သူက နီးစပ်ရာတစ်ခုလုံးမှာ ခြေချိတ်ဝင်ထိုင်ရင်း ဓာတ်ပုံရိုက်တာကို လက်ပိုက်ကြည့်နေလိုက်သည်။

နှစ်မိနစ်လောက်ကြာမှ လှထူးက နောက်ဘက်မှာ ထိုင်နေတဲ့သူကို မြင်သွားပြီး ...

"ဟာ ... ဟော့ကောင်၊ ဘယ်တုန်းက ရောက်နေတာလဲ"

"အခုလေးတင် ..."

"ခဏလေးစောင့်ကွာ၊ ပြီးတော့မှာပါ"

"ရတယ်၊ အေးဆေးလုပ် ..."

ယခု ဓာတ်ပုံအရိုက်ခံနေသော နှစ်ယောက်က နှစ်ယောက်စလုံး model လိုလို၊ ရုပ်ရှင်မင်းသား မင်းသမီးလိုလို ပြင်ဆင်ထားကြသော်ဖြစ်သော်လည်း အနုပညာရှင်တော့ ဟုတ်ဟန်မတူပါ။ ချစ်သူစုံတွဲတစ်တွဲ အမှတ်တရ ဓာတ်ပုံလာရိုက်ခြင်းသာ ဖြစ်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပျင်းပျင်းရှိလာတာနှင့် အနားတွင်တွေ့ရသော ဂျာနယ်တစ်စောင်ကို ကောက်ယူဖတ်နေလိုက်သည်။ ဂျာနယ်ထဲတွင် စာရေးဆရာစကားဝိုင်းတစ်ခု ပါလာလေရာ ထိုစကားဝိုင်းတွင် သူပါ ဝင်ရောက်မိသွားသည်။

ဂျာနယ်ထဲတွင် ရှာန်ဝင်စားနေသည်မှာ မည်မျှကြာသွားသည် မသိ။ အနားကိုက လှထူးရောက်လာမှ ဂျာနယ်ထဲက ထွက်ဖြစ်သည်။

"ကဲ ... ဘောစိ၊ မလာစဖူး အလာထူးလို့ပါလား၊ ပြောစမ်းပါဦး၊ လာရတဲ့အကြောင်းရင်းကို"

"ဘာကိစ္စမှမရှိဘူး၊ မင်းဆီ တမင်လာတာ"

"မလုပ်စမ်းပါနဲ့ကွာ၊ ရာသီဥတုက ဒီနေ့တစ်နေ့ပဲ သာသာယာယာရှိသေးတာ၊ မင်းကြောင့် မိုးထပ်ရွာနေပါဦးမယ်"

သူက လှထူးစကားကို သဘောတကျဖြင့် ရယ်ကာ ဒင်းပခုံးကို လက်သီးတစ်ချက် ခပ်ဆတ်ဆတ် ထိုးဖြစ်သည်။ လှထူးနဲ့ သူက ငယ်ပေါင်းတွေတော့ မဟုတ်။ ဆယ်တန်းနှစ်လောက်မှ ခင်မင်ခဲ့ကြတာဖြစ်သော်လည်း ငယ်ပေါင်းများပမာ ပေါင်းမိကြပါသည်။

"မင်း အလုပ်ရှိသေးလား ..."

"လောလောဆယ်တော့ အားသွားပြီဆိုပါတော့"

"တစ်ခုခု သွားစားရအောင်ကွာ၊ ဒီမှာ လက်ထောက်နဲ့ လွှဲခဲ့လို့ ရတယ်မဟုတ်လား"

"အေး ... အဲဒါဆို ခဏစောင့်"

လှထူးက ထထွက်သွားကာ သူ့လက်ထောက်အား မှာစရာရှိတာ သွားမှာနေသည်။ နောက်တော့ နှစ်ယောက်သား ကားတစ်စီးဖြင့် ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားရင် ကောင်းမလဲ"

"SAKURA TOWER ပဲ သွားတာပေါ့"

ဒီလိုနှင့် ဦးတည်းရာက SAKURA TOWER ဖြစ်သွားခဲ့သည်။ အထပ်နှစ်ဆယ်က ကော်ဖီဆိုင်မှာပင် ထိုင်ဖြစ်ကြသည်။ သူတို့နှစ်ယောက်ဆုံဖြစ်လျှင် များသောအားဖြင့် ဒီဆိုင်ကိုသာ လာဖြစ်တာ များပါသည်။

မှာစရာရှိတာ မှာပြီးတော့ ...

"ဘယ်လိုလဲ ... လုပ်ငန်းအခြေအနေ ကောင်းရဲ့လား"

လုထူး စကားကို သူက သူ့ထုံးစံအတိုင်း ပခုံးနှစ်ဖက်တွန့်လိုက်ရင်း ...

"ဒီလိုပါပဲ၊ ပြတ်တစ်လှည့် ငတ်တစ်လှည့်ပေါ့"

"ဟား ... ဟား ... ဘောစိကပဲ ပြောရတယ် ရှိသေးတယ်"

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ နောက်တော့ နှစ်ယောက်စလုံး အကြည့်က အတွဲတစ်တွဲ ထိုင်နေရာဆီသို့ ဘာရယ်မဟုတ် ကြည့်ရင်းက ရောက်သွားသည်။

"သူများ သားသမီးတွေများ ကောင်းစားနေချက်ကတော့ မနာလိုစရာကြီး"

"အားကျတယ်လား"

"အင်းပေါ့"

ရယ်ဖြစ်ကြပြန်သည်။ ထိုသို့ ရယ်နေရင်းကနေ သူ့မျက်လုံးအာရုံထဲမှာ ပေါ်လာတာက အဖြူရောင် တိမ်တစ်စ။ ညဘက်မှာတွေ့ခဲ့ရတဲ့ အဖြူရောင် ဂါဝန်လေးနှင့် တိမ်တစ်စ။ သူမမျက်နှာကို မြင်ယောင်မိသည့် ခဏမှာတော့ သူက လုထူးနှင့် အချစ်အကြောင်းကို ဆွေးနွေးကြည့်ချင်စိတ်များ တဖွားဖွား ပေါ်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို မေးစရာတစ်ခုရှိတယ်"

"ဘာမေးမလို့လဲ၊ မေး"

"အချစ်အကြောင်းပါ"

"ဘယ်လို . . . "

သူ့စကားကြားတော့ လှထူး ဖြစ်ပျက်သွားပုံက အလန့်တကြား။ သောက်ရန် မ,လိုက်သော ကော်ဖီခွက်တောင် နှုတ်ခမ်းဆီ မရောက်သေး၊ လမ်းတစ်ဝက်ကနေ အောက်ပြန်ချထားလိုက်ကာ . . .

"မှန်မှန်ပြောစမ်း၊ မင်းတွေ့ထားပြီ မဟုတ်လား"

"အချိန်တန်ရင် ပြောပြမယ်၊ အခုလောလောဆယ် ငါမေးတာကို အရင်ဖြေ . . . ဟုတ်လား"

"အိုကေ . . . ဘာမေးမလို့လဲ၊ မေး"

မေးမယ်ဆိုမှ ဘယ်ကစမေးရမှန်း မသိ။ စကားလုံးက ပါးစပ်ထဲမှာတင် ပျောက်နေ၏။ ကိုယ်က စီးပွားရေးဘက်မှာသာ ဆရာကျချင် ကျနေမည်။ နှလုံးသားနယ်ပယ်မှာတော့ သူငယ်တန်းအဆင့်သာ ဖြစ်သည်။ ဒါတောင် ကိုယ့်ကိုယ်ကိုယ်မို့ နည်းနည်းပိုပြီး အဆင့်တင်ပြောထားတာ။ တကယ်တမ်းက သူငယ်တန်း အဆင့်တောင်မဟုတ်၊ မူကြိုအဆင့်လောက်ရယ်သာ။

လှထူးကတော့ ဒီလိုမဟုတ်။ နှလုံးသားနယ်ပယ်မှာ ဆရာကြီးအဆင့်ဟု သတ်မှတ်၍ မရရင်တောင် ဘွဲ့ရအဆင့်လောက်တော့ ရှိနေပြီ ပြောရမည်။ ရည်းစား နှစ်ယောက်လောက် ထားဖူးသည်။ အိစီကလီလေးတွေလည်း အများကြီး၊ ဘာပဲပြောပြော ကိုယ့်ထက်သာတာကတော့ သေချာသည်။

"ဒီလိုကွာ . . . လူတစ်ယောက်က လူတစ်ယောက်ကို ချစ်မိသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာကိုကြည့်ပြီး သတ်မှတ်နိုင်လဲ၊ ၅၂၈ ကို ပြောတာမဟုတ်ဘူး နော်၊ ၁၅၀၀ ကို ပြောတာ"

သူ့စကားဆုံးတော့ လှထူးက တစ်ချက်တိတ်သွားသည်။ ပြီးမှ တွေးတွေးဆဆဖြင့် ...

"မင်းမေးခွန်းကို ငါက ငါ့အတွေ့အကြုံနဲ့ ငါကြားဖူးတာတွေကို ပေါင်းစပ်ပြီးဖြေမှာနော်။ ဒါပေမယ့် ဒါဟာ အတိအကျပါလို့ ငါမဆိုလိုဘူး"

သူက ခေါင်းညိတ်ပြလိုက်တော့မှ လှထူးက စကားကိုဆက်ပြောသည်။ ဘာပဲဖြစ်ဖြစ် ပညာယူရမှာပဲ မဟုတ်လား။

"အချစ် သုံးမျိုးရှိတယ်ကွ၊ ပထမတစ်မျိုးက မြင်မြင်ချင်း အချစ်တဲ့၊ အဲဒီအချစ်က ထူးဆန်းတယ်၊ လူတစ်ယောက်က လူတစ်ယောက်ကို ပထမဆုံး စတွေ့တဲ့အခိုက်အတန့်လေးအတွင်းမှာပဲ တစ်သက်လုံးအတွက် ချစ်မိသွားတာ၊ ဒါမျိုးက ရေးရေစက်အားကောင်းတဲ့ သူတွေမှာ ဖြစ်တတ်တယ်၊ ဒါပေမယ့် သူ့မှာ ဆိုးကျိုးတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ဒီအချစ်က ကြိုက်တာနဲ့ မှားတတ်တယ်၊ ချစ်တာနဲ့ ကြိုက်တာက မတူဘူး၊ ချစ်တယ်ဆိုတာက ကိုယ်ချစ်မိတဲ့လူနဲ့ ပတ်သက်သမျှအားလုံးကို ချစ်တာ၊ သူ ဘာပဲဖြစ်နေနေ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အပြစ်လို့ မြင်လို့မရတာ၊ သူ့ရဲ့ အကျည်းတန်မှုတွေအားလုံးက ကိုယ့်မျက်လုံးထဲမှာ လှနေတာဟာ အချစ်ပဲ၊ ကြိုက်တာကတော့ ဒီလိုမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ ရုပ်ရည်၊ ဒါမှမဟုတ် ဟန်ပန်အမူအရာ စသဖြင့်ပေါ့၊ အဲဒီလို လူတစ်ယောက်ရဲ့ ကောင်းကွက်တစ်ခုခုကိုရွေးပြီး နှစ်သက်သဘောကျတာဟာ ကြိုက်တာပဲ၊ ဥပမာ ... ဆိုင်မှာတင်ထားတဲ့ အရုပ်တစ်ရုပ်ကို သဘောကျသလိုမျိုးပေါ့၊ အရုပ်လေး သစ်လွင်



www.burmeseclassic.com

www.burmeseclassic.com



လုပနေတုန်းတော့ လက်ကမချစတမ်း ကိုင်ထားချင်ပေမယ့်လို့ ဟောင်းနွမ်းသွားတဲ့အခါမှာတော့ ချောင်မှာထိုးထားလိုက်တာမျိုးကို ကြိုက်တာလို့ခေါ်တယ်၊ အဲဒါကြောင့် မြင်မြင်ချင်း အချစ်မှာ ချစ်တာလား၊ ကြိုက်တာလားဆိုတာ ကိုယ့်ဘာသာ သေချာခွဲခြား သိနိုင်ဖို့တော့ လိုတယ်"

လှထူးက စကားကို ခဏဖြတ်ထားကာ သူ့ကို တစ်ချက်ကြည့်လာသည်။ သူက စိတ်ဝင်တစား နားထောင်နေတာ သေချာမှ စကားကိုဆက်သည်။

"ဒုတိယအချစ်တစ်မျိုးကကျတော့ အနေနီးစပ်မှုကြောင့် ဖြစ်ပေါ်လာတဲ့အချစ်၊ လူတစ်ယောက်ကို ရိုးရိုးသားသားနဲ့ မိတ်ဆွေသူငယ်ချင်းလို ခင်မင်နေရာကနေ ကြာလာတော့ သံယောဇဉ်တွေတိုးပြီး ချစ်မိသွားတာ၊ ဒီအချစ်ကတော့ ရိုးရှင်းတယ်၊ ဘေးထွက်ဆိုးကျိုး မရှိဘူး"

"နောက်တစ်ခုကရော ..."

"နောက်ဆုံးတစ်မျိုးကျတော့ အမုန်းကနေ အသွင်ပြောင်းလာတဲ့ အချစ်၊ လူတစ်ယောက်ကို လူတစ်ယောက်က အကြောင်းတစ်ခု တစ်ရာကြောင့် ခါးခါးသီးသီး မုန်းနေရာကနေ တစ်စုံတစ်ခုသော ကြောင်းကြောင့် ချစ်မိသွားတာ၊ ဒီအချစ်က အန္တရာယ်များတယ် မာနတွေကို လျှော့လိုက်မှ လုပလာတတ်တဲ့ အချစ်မျိုးပဲ ..."

လှထူးက စကားကို အဆုံးသတ်ကာ မောသွားဟန်ဖြင့် အေးသွားပြီဖြစ်သော ကော်ဖီခွက်ကို တစ်ရှိန်ထိုး ကောက်မော့လိုက်လေတော့သည်။ လှထူးက အချစ်အကြောင်းကို တော်တော်များများ ပြောသွားပေမယ့်လို့ သူ့စိတ်ထဲမှာ သိချင်တာကို ပြည့်ပြည့်ဝဝ သိလိုက်ရပြီဟု ခံစား၍မရသေး။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား ..."

"မဟုတ်ဘူး၊ ရှိသေးတယ်၊ လူတစ်ယောက်က လူတစ်ယောက်ကို ချစ်မိနေပြီလို့ ဘယ်လိုသိနိုင်သလဲဆိုတော့ ဥပမာကွာ ... မင်းက မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေပြီဆိုပါတော့၊ ဒါပေမယ့် ချစ်လား မချစ်လားဆိုတာကို မင်း ဝေခွဲလို့မရသေးဘူး၊ အဲ ... အိပ်မက်တွေထဲမှာ သူ့အကြောင်းက အမြဲပါနေတာတို့၊ သူနဲ့တွေ့ရင် စိတ်ထဲမှ မိုင်တွေအဝေးကြီးကနေ မနားတမ်း ပြေးလာရသူတစ်ယောက်လို လှိုက်ဖိုမောနေတာတို့၊ အားလပ်တဲ့အချိန်လေးတွေမှာ ဖျတ်ခနဲဆို စိတ်က သူ့ဆီရောက်ရောက်နေတတ်တာတို့၊ သူ့ဘာ လုပ်လုပ် မင်းစိတ်နဲ့ တည့်နေတာတို့ဟာ အချစ်ရဲ့ ဝိသေသတွေပဲ၊ ပြီးတော့ လူတစ်ယောက်က လူတစ်ယောက်ကို တကယ်ချစ်လာပြီ ဆိုရင် ရင်ဘတ်က စကားပြောလာလိမ့်မယ်"

လှထူးရဲ့ နောက်ဆုံး စကားတစ်ကြောင်းက သူ့နားထဲမှာ စီးဝင်သွားသလို ခံစားလိုက်ရသည်။

"ရင်ဘတ်က စကားပြောလိမ့်မယ်"

သူက ထိုစကားကိုပဲ ထပ်ကာထပ်ကာ ရေရွတ်ကြည့်လိုက်မိ၏။ ဒါကို လှထူးက ကြည့်ကာရယ်ရင်း ...

"အဟား ... ဟုတ်တယ်၊ ငါ့ရင်ဘတ်ကတော့ ခဏခဏ စကားပြောတယ်၊ အဲ့ဒါကြောင့် ငါ ရည်းစားတွေများလာတာ"

လှထူး စကားကြောင့် သူပြုံးမိသည်။ တတ်လည်း တတ်နိုင်သည့်ကောင်။ အင်း ... ကိုယ့်ရင်ဘတ်ကတော့ စကားမှပြောတတ်ပါလေစ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆို

ရင်ဘတ်ထဲမှာတင် ချစ်နေလို့ မပြီးဘူး

တစ်ဖက်လူ မြင်လာအောင် ထုတ်ပြမှ

အရောင်လက်လာတာမျိုးပါ ...

www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၄)

တနင်္ဂနွေနေ့မို့ အလုပ်နားသဖြင့် သူက အိမ်မှာပဲ စာရင်းဇယားတွေကို ပြန်စစ်နေမိသည်။ အခြားဝန်ထမ်းတွေအတွက်သာ တနင်္ဂနွေသည် အလုပ်အားလပ်သောနေ့ဖြစ်ပြီး သူ့အတွက်ကတော့ ဘာမှမထူးခြားပေ။ သူ့စိတ်ကိုက အလုပ်နှင့်လက် မပြတ်ရှိနေမှ နေသာထိုင်သာရှိတာဖြစ်သည်။

သူက ထိုသို့ စာရင်းစာအုပ်တွေထဲမှာ နစ်မြုပ်နေတုန်းမှာပဲ အမေက အနားရောက်လာသည်။

"သား ဘယ်မှမသွားဘူးလား"

"မသွားပါဘူး၊ ဘာလို့လဲ မေမေ"

သူက အဲဒီလိုမေးတော့ မေမေက မျက်စောင်းထိုးသည်။ ပြီးနောက် သက်ပြင်းကို ဟင်းခနဲချရင်း ...

"မင်းမှာလည်း အမြဲတမ်း အလုပ်ပြီးရင် အလုပ်၊ အလုပ်ပြီးရင် အလုပ်နဲ့ပဲ လုံးလည်ချာလည်လိုက်နေတာပဲ၊ ရုံးပိတ်ရက်မှာ အပြင် လေးဘာလေး သွားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း သားမှာ သွားစရာမှမရှိတာ"

မေမေက မျက်စောင်းထိုးလာပြန်သည်။ ပြီးနောက် သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်လာပြန်ရင်း ...

"မင်း ... အိစက်လေးကို ချော့ပြီးပြီလား"

"အိစက်ကို ချော့ရမယ်၊ ဘာလို့ချော့ရမှာလဲ ..."

"ဟာ ... စေ့စပ်ပွဲတုန်းက မင်းလုပ်ရပ်က လွန်တယ်လေကွာ၊ အဲဒီတော့ သူ့ကိုချော့ရမှာပေါ့"

"မေမေကလည်း အဲဒီကိစ္စက ပြီးသွားတာကြာပြီလေ"

"မရဘူးလေ၊ ဘယ်မိန်းကလေးမဆို ကိုယ့်ကို တန်ဖိုးထားပြီး ဂရုတစိုက်ရှိမှ သဘောကျတာ၊ အခု မင်းလုပ်နေပုံက မျက်နှာလွှဲ ခဲပစ်နိုင်လွန်းတယ်၊ သူက တစ်ချိန်မှာ မင်းရဲ့ ကြင်ယာဖက်ဖြစ်လာမယ့်သူလေ၊ မင်းဘက်က အခုကတည်းက ကြင်ကြင်နာနာလေး ဆက်ဆံပြထားမှပေါ့၊ တစ်နေ့တစ်နေ့ ဒီငွေနောက်ပဲ လိုက်နေတော့တာ၊ အိစက်မို့လို့သာပေါ့၊ ပြောရရင်လည်း မကောင်းပါဘူး၊ ငါသာ အိစက်နေရာမှာဆိုရင် နင့်လိုလူကို မယူဘူး"

"ဟာဗျာ ... အမေကလဲ"

"အမေကလဲ မနေနဲ့၊ ငါမှန်တာတွေ ပြောနေတာ"

"သားလည်း သူ့ကိုချစ်ပါတယ်"

"အဲဒါက မင်းရင်ထဲမှာပဲ ချစ်နေတာလေ၊ တစ်ဖက်လူမြင်အောင် ပြမှ မင်းအချစ်ကိုက ဟိုကနားလည်လာမှာပေါ့၊ တကတည်း ခေတ်လူငယ်မဟုတ်တဲ့ အတိုင်းပဲ၊ အကုန်လုံး လိုက်သင်ပေးနေရတယ်"

သူက မေမေ့ကို သဘောကျလာသဖြင့် ရှေ့မှာဖွင့်ထားသော စာရင်းစာအုပ်ကိုပင် ပိတ်ပစ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒါဆို ဆရာမကြီးပဲ ပြောတော့၊ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ခဏနေရင် အိမ်ကို အိစက်လာလိမ့်မယ်၊ သူ့အမေ ယူထားတဲ့ စိန်နားကပ်ဖိုး လာပေးမှာ၊ သူလာရင် အပြင်လေးဘာလေးလျှောက် ခေါ်သွားပြီး လည်ပေါ့၊ ပြီးတော့ ဒီမှာရော ... ညနေကျရင် သူ့ကို ရုပ်ရှင်လိုက်ပြလိုက်၊ ငါ လက်မှတ်နှစ်စောင် ဖြတ်လာတယ်"

အမေက သူ့ရှေ့က စားရင်းစာအုပ်ပေါ်သို့ လက်မှတ်နှစ်စောင် ပစ်ချပေးလာသည်။ ထို့နောက် "ငါပြောသလို သေချာလုပ်နော်" ဟုဆိုကာ ထထွက်သွားသည်။ သူ့မှာတော့ လက်မှတ် နှစ်စောင်ကို ကြည့်ရင်း ...

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

ထွက်သာ ထွက်လာရသော်လည်း စိတ်က သိပ်မပါချေ။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ မင်းမာန်ထက်နှင့် သေချာပေါက်တွေ့ရမှာ။ ခင်းက အလုပ်အားလပ်ရက်ဆိုရင် ဘယ်မှသိပ်သွားတာ မဟုတ်။ အိမ်ထဲမှာတင် သူ့ရဲ့ကုမ္ပဏီက မပြီးပြတ်သေးရဲ့ အလုပ်တွေကို တကုပ်ကုပ် လုပ်နေတတ်တာ။ ဘယ်အချိန်မဆို သူ့အကြောင်းတွေးလိုက်ရင် ရင်ထဲ လေးလံလာတတ်သည်မို့ မတွေးချင်ပေမယ့် မတွေးလို့ကလည်း မရ။ တစ်နေ့နေ့မှာ သေချာပေါက် လက်ထပ်ရမည့်သူမို့ လျစ်လျူရှုထားလို့ မဖြစ်။

ဟင်း ... စီးပွားရေးသရဲ ကျောက်ခဲကြီးကို နူးညံ့လာအောင် ဘယ်လိုလုပ်ရပါ့မလဲ မသိ။

အတွေးတွေနဲ့အတူ ကားကို ပေါ်တီကိုအောက်အထိ မောင်းဝင်လာခဲ့လိုက်သည်။ ကားပေါ်ကအဆင်းမှာပဲ အိမ်ထဲမှ အန်တီနုသက် ထွက်လာ၏။

"ဟော ... သမီး လာပြီ"

သူမက အန်တီနုသက်ကို ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ... သမီး"

အန်တီနုသက် နောက်မှ အိမ်ထဲလိုက်ဝင်လာရင်း သူမ မျက်လုံးက မင်းထက်မာန်ကို ဝေ့ဝဲရှာမိသည်။ မတွေ့။ တစ်နေရာရာမှာတော့ ရှိနေမှာသေချာပါသည်။

ထိုင် ... သမီး၊ သမီး လာမယ်ဆိုလို့ အန်တီက မနက်ကတည်းက မျှော်နေတာ"

"လာမလို့ပဲ အန်တီရဲ့၊ လာခါနီးမှ ချောချောရောက်လာလို့ အခုမှ ထွက်လာဖြစ်တာ"

"အေးအေးဆေးဆေး နေရမယ်နော်၊ ထမင်းစားပြီးမှ ပြန်ရမယ်၊ ကြားလား ..."

"မစားတော့ဘူး အန်တီ ... ဟို"

"နိုး ... နိုး ... မဟုတ်နဲ့၊ အန်တီက သမီးကို ကျွေးချင်လို့ ကိုယ်တိုင်ဝင်ချက်ထားတာ၊ စားရမယ် ... ဒါပဲ၊ ပြီးတော့ ဒီနေ့ အိမ်မှာ သားလည်းရှိနေတာဆိုတော့ ကွက်တိပဲ၊ အန်တီတို့ ထမင်းလက်ဆုံစားရတာပေါ့ ..."

သူမ မငြင်းသာတော့။ အခုမှ ထမင်းမစားခင် ထွက်လာမိတာကို နောင်တရသွားမိသည်။

"ဒါနဲ့ အန်ကယ်ရော အန်တီ"

"သမီး အန်ကယ်က နေပြည်တော်သွားနေတယ်၊ ညနေမှ ပြန်ရောက်မှာ"

"ဪ ... ဒီမှာ မေမေက ပေးခိုင်းလိုက်တာ၊ ငါးဆယ်တဲ့ အန်တီ၊ စစ်ကြည့်လိုက်ပါဦး"

သူမက အနက်ရောင်အိတ်နှင့် ထည့်ယူလာသော ငွေနှစ်ထပ်ဖိုးငွေ သိန်းငါးဆယ်ကို အန်တီနုရှေ့ တွန်းပို့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စစ်နေစရာ မလိုပါဘူး သမီးရယ်၊ ဒီလူနဲ့ ဒီလူ ပြောစရာမှ မဟုတ်တာ၊ မဆင့်ကလည်း အလကားသက်သက် လာပို့ခိုင်းနေသေးတယ်၊ နောက်ကြုံမှပေးလည်း ရတဲ့ဥစ္စာ"

သူမလည်း မေမေ့ကို ထိုသို့ပြောပြီး စာဒကတက်ခဲ့သေးတာပင်။ ဒါပေမယ့် မေမေကမှ လက်မခံတာ။ ပိုက်ဆံပေးချင်တာက ဟန်ဆောင်အကြောင်းပြချက် တစ်ခုပါ။ တကယ်တမ်းက ဒီအိမ်ကို သွားစေချင်တာ။

"သမီး ... တစ်ခုခုသောက်လေ၊ အပူလား ... အအေးလား၊ အင်းရာသီဥတုက ပူပါတယ်၊ အအေးပဲသောက်နော်၊ ဒေါ်မြင့်ရေ ... သံပရာရည် တစ်ခွက်လောက် ဖျော်ခဲ့ပါဦး"

အန်တီနုသက်ရဲ့ အော်ပြောသံအဆုံးမှာပဲ အပေါ်ထပ်ကနေဆင်းလာတဲ့ မင်းမာန်ထက်ကို တွေ့လိုက်ရသည်။ သူမက သူ့ကို ကြာကြာကြည့်မနေ၊ တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီး အကြည့်ကို လွှဲထားလိုက်သည်။

"ဟော ... ဟိုမှာ သားလာပြီ၊ သားနဲ့စကားပြောနှင့်ဦးနော် သမီး၊ အန်တီ ဒါတွေသွားထားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီ ..."

အန်တီ ထွက်သွားတော့ ဧည့်ခန်းထဲမှာ သူမနှင့် မင်းမာန်ထက်သာ ကျန်နေခဲ့သည်။ သူ သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လာရင်း ...

"အိစက် ဒီနေ့ အားလား ..."

ဟု မေးလာ၏။ သူမက သူ့ကို မျက်လုံးလှန်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ ..."

"ကိုယ်မေးတာကို အရင်ဖြေပါ"

သူ့ကို အမြင်ကတ်ကာ အဲဒါတွေပဲ ဖြစ်သည်။ ဘယ်တော့မဆို သူက အပေါ်စီးက။ ကုမ္ပဏီဝန်ထမ်းတွေကို အမြဲတမ်း အထက်က အုပ်ချုပ်ခဲ့တာမို့ အကျင့်ပါနေတာလားတော့ မပြောတတ်။

အစကတော့ သူမက ရွဲ့ပြီး 'မအားဘူး'ဟု ပြောဖို့ စိတ်ကူးမိသေးသော်လည်း တိုလုတိုခင် စိတ်ကို တစ်ချက်ဆွဲဆန့်လိုက်ပြီး ...

"အားပါတယ်၊ ဘာလို့လဲ ..."

"ဒါဆို ညနေ ကိုယ်လာခေါ်မယ်၊ ရုပ်ရှင်သွားကြည့်ရအောင်၊ ကိုယ် လက်မှတ်ဖြတ်ထားပြီးသွားပြီ"

အောင်မလေး ... ဘုရားသခင် ကယ်တော်မူပါ၊ စီးပွားရေးသရဲက ရုပ်ရှင်ကြည့်ရအောင် ဆိုပါလား။ ကြားသားမိုးကြိုး။ သူမက နှာခေါင်းတစ်ချက် ရှုံ့ပစ်လိုက်ရင်း ...

"ရုပ်ရှင်က ဘာကားလဲ ..."

"ကုလားကား၊ ညစာလည်း အပြင်မှာပဲ စားကြတာပေါ့၊ ဟုတ်လား ..."

"ချောချာကိုပါ ခေါ်ခဲ့လို့ ရလား ..."

"ကိုယ်က အိစက်နဲ့ နှစ်ယောက်တည်း သွားချင်တာ ..."

သူမက သက်ပြင်းတစ်ချက်ကို တမင်တကာပင် လုပ်သံကြီးနှင့် ဟင်းခနဲ ချလိုက်ရင်း ...

"ပြီးတာပဲ ..."

ထိုအချိန်မှာပဲ အန်တီနုသက်က ဧည့်ခန်းထဲ ရောက်လာကာ သူမကို ပြုံးပြလာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ... ထမင်းစားရအောင်၊ သားရော... လာလေ၊ ပြီးတော့မှ စကားဆက်ပြောကြတာပေါ့..."

နောက်တော့ သုံးယောက်သား ထမင်းစားခန်းထဲ ဝင်လာခဲ့ကြသည်။ ချက်ထားသော ဟင်းတွေက စုံလို့ပင်။ သူမကြောင့်ပဲ တမင်တကာ စုံစုံလင်လင်နဲ့ များများစားစား ချက်ထားတာလား။ ဒါမှမဟုတ် နေ့တိုင်း ဒီလိုပဲ ချက်စားတာလားတော့ မသိ။ အရန်ဟင်းခွက်တွေကို ထားလိုက်ဦး။ အသားဟင်းကတင် လေးမျိုးလောက် ရှိသည်။

"ထည့်စားနော် သမီး၊ အားမနာနဲ့၊ ကိုယ့်အိမ်လိုသဘောထားပြီးစား၊ သား သမီးထဲကို ဟင်းတွေထည့်ပေးလိုက်ဦးလေ"

ထမင်းဝိုင်းမှာ အန်တီနုသက် အသံထွက်နေပြီး သူနှင့် သူမကတော့ တစ်ချက် တစ်ချက်မှသာ 'အင်း၊ အဲ၊ ဟုတ်ကဲ့' စသည်ဖြင့် ပြန်ပြောဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

လှထူးက 'ရှေ့ဆောင်'မှာ ကုလားကား တော်တော်ကောင်းသည်ဆိုလို့ နှစ်ယောက်သား လာကြည့်မိသည်။ ဇာတ်ကားက ပေတော်တော်ရှည်၏။ ဇာတ်အိမ်နှင့် ရိုက်ချက်များက တအားကောင်းသော်လည်း ကုလားကားတို့၏ ထုံးစံအတိုင်း ဇာတ်ကား၏သုံးပုံတစ်ပုံခန့်က သီချင်းဆိုပြီး ကနေသော အခန်းများသာဖြစ်၏။ မြန်မာဇာတ်ကား နှစ်ကားခန့်ကြာ၏။

လှထူးက မိမိကိုပင် စကားမပြောနိုင်။ ဇာတ်ကားထဲမှာ မျောနေရှာသည်။

ဇာတ်ကားပြီး၍ မီးများပြန်ဖွင့်သောအခါ နှစ်ယောက်သားတော်တော်နှင့် ထွက်၍မရ။ ဝင်ပေါက်နှင့် အဝေးဆုံးချောင်ထဲမှာ ရောက်နေခဲ့ကြတာမို့ ရှေ့ကလူတွေ ထွက်လို့အပြီးကို စိတ်ရှည်ရှည်ဖြင့် စောင့်နေရ၏။

ထိုအခိုက်မှာတင်ပဲ သူ့မျက်လုံးထဲကို တစ်စုံတစ်ယောက်က တိုးဝင်လာခဲ့တာ ဖြစ်သည်။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်က အာမေဋိတ်သံ ထွက်သွားရသည်အထိ လူ ၁ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

သူမ ...။

ညာဘက်တွေမှာ လမ်းလျှောက်ထွက်တတ်သည့် ကောင်မလေး။ ပဟောင်ဦးဆန်သော တိမ်တစ်စ။

သူမက အထွက်ပေါက်နားကို ရောက်နေပြီဖြစ်သည်။ ပြီးတော့ သူမဘေးမှာ ယောကျ်ားတစ်ယောက်နှင့်။ ထိုယောကျ်ားကိုတော့ မျက်နှာ မမြင်ရပါ။ နှစ်ယောက်စလုံးကို ကျောဘက်မှ မြင်နေရတာ ဖြစ်သော်ငြားလည်း သူမကတော့ နောက်ကို တစ်ချက် မျက်နှာလှည့်လာ၍ မြင်လိုက်ရတာ ဖြစ်သည်။

ကြည့်နေတုန်းမှာပင် သူမတို့နှစ်ယောက်က အပြင်ကိုရောက်သွားသဖြင့် သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

ထိုယောကျ်ားမျိုးနှင့် သူ မည်သို့ပတ်သက်နေပါသလဲ။

စောစောတုန်းကတော့ ရှေ့ကလူတွေ ထွက်နေတာကို စိတ်ရှည်ရှည်နှင့် စောင့်နေမိသော်လည်း ယခုတော့ စိတ်မရှည်တော့။ ထို့ကြောင့် သူက အတင်းတိုးထွက်မိတော့သည်။

"ဟေ့ကောင် ... ဘာတွေအရေးကြီးပြီး အတင်းတိုးနေတာလဲ၊ ဖြည်းဖြည်းပေါ့ကွ"

လူထူး စကားကိုလည်း ဂရုမထားအား။ ကိုယ့်ဇောနှင့်ကိုယ်ဆိုတော့ အပြင်ရောက်ဖို့ကိုသာ အာရုံစိုက်နေမိသည်။ သူက ဇွတ်တိုးလာတော့ လူထူးလည်း နောက်မှာကျန်ခဲ့သည်။

ဒီလိုနှင့် ခဏအကြာမှာတော့ ချွေးတစ်လုံးလုံးနှင့် သူ အပြင်ရောက်လာခဲ့သည်။ ဒါပေမယ့် သူမတို့ကို မတွေ့ရတော့။ ဓနရာအနံ့



www.burmeseclassic.com

www.burmeseclassic.com



ချက်စိတ်ရှာမိသော်လည်း မတွေ့ပေ။ ရင်ထဲမှာဖြစ်ပေါ်လာသည့် ခံစားချက်က ဘယ်လိုကြီးမှန်းမသိ။

သူက စိတ်ပျက်လက်ပျက်ဖြင့် လျှော့တိလျှော့ရဲ ရပ်နေကာ အင်္ကျီလက်နှစ်ဖက်ကို အပေါ်သို့ ဆွဲတင်အပြီးမှာပဲ တစ်စုံတစ်ယောက်က နောက်ကနေ သူ့ပခုံးကို လာပုတ်သည်။ ကြည့်လိုက်တော့ လှထူး။

"ငါ့ကောင်ကလည်း လောလှချည်လား၊ ဘာတွေအရေးကြီးနေတာလဲ"

"အထဲမှာ နေရတာ မွန်းလာလို့ပါ"

ယုံတယ်၊ မယုံတယ်တော့ မသိ။ ခပ်တည်တည်ပင် လိမ်လိုက်မိသည်။

အပြန်လမ်းတစ်လျှောက်မှာတော့ သူမတို့နှစ်ယောက်ကိုသာ မြင်ယောင်နေမိသည်။ မျက်နှာမမြင်လိုက်ရသော ထိုယောကျ်ားသားနှင့် သူမက မည်သို့ပတ်သက်နေပါသနည်း။ ထိုယောကျ်ားသည် သူမ၏ ...။

သူက ထိုအတွေးကို ဆက်မတွေးဝံ့တော့ဘဲ ခေါင်းကိုရမ်းပစ်လိုက်သည်။ လှထူးပြောသလို ရင်ဘတ်က စကားပြောလာပြီထင်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို ခေါင်းပုတ်နှိုးတော့

အချစ်က ပြောတယ် ...

ငါ အိပ်ရေးပျက်နေတယ်တဲ့။

အဲ့ဒီစရာမကောင်းဘူးလား ...

ဘယ်တုန်းကမှလဲ သူ နိုးမလာဖူးဘဲနဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com

## မြချက် (၅)

ဒီနေ့တော့ သူမက စောစောစီးစီးပဲ လမ်းလျှောက်ထွက်လာဖြစ်ခဲ့သည်။ ဖေဖေနှင့် မေမေလည်း အစောကြီး အိပ်ရာဝင်သွားတာမို့ သူမအတွက် အခွင့်အရေး ပေါ်လာခြင်း ဖြစ်သည်။

ဒါပေမယ့် သူမတို့ လမ်းကြားထဲက ထွက်လာအပြီး ခဏလောက် လျှောက်မိလာသောအခါမှာတော့ သူမနှင့် မျက်နှာချင်းဆိုင်မှ လူနှစ်ယောက် လမ်းလျှောက်လာနေတာကို တွေ့ရ၏။ ညဆယ်နာရီဆိုသောအချိန်က လူသွားလူလာရှိနေသေးသော အချိန်မို့ သူမက ဂရုထားနေဘဲ ကိုယ့်လမ်းကိုယ်သာ ဆက်လျှောက်လာခဲ့လိုက်၏။

သို့ပေမယ့် သူတို့နဲ့ ကပ်အရောင်မှာတော့ ထိုနှစ်ယောက်က သူမကို ရှောင်ကွင်းမသွားဘဲ သူမရှေ့တည့်တည့်မှ ပိတ်ရပ်လိုက်ကာ ...

"ညီမလေး ... ဘယ်သွားမလို့လဲ"

"တစ်ယောက်တည်းလား၊ အစ်ကိုကြီးတို့နဲ့ လိုက်ခဲ့လေ၊ ပျော်ရွှင်ပါးပါးပေါ့ ..."

သူမစိတ်ထဲ နည်းနည်းတော့ ထိတ်လန့်သွားရသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ထံမှ အရက်နံ့ကလည်း အော်ဂလီဆန်ဖွယ်ရာ တထောင်းထောင်း ထွက်ပေါ်နေ၏။ သူမက စိတ်ကို ပြန်တင်းလိုက်ကာ သူတို့ကို ကွင်း၍ ရှောင်ထွက်သွားဖို့ ပြင်လိုက်သည်။ သို့ပေမယ့် တစ်ယောက်က သူမလက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလာကာ ...

"ဒီလိုတော့ မစိမ်းကားနဲ့လေကွာ၊ အစ်ကိုကြီးတို့က ကြင်နာတတ်ပါတယ်၊ ညီမလေး မနစ်နာစေရပါဘူး၊ နော် ... အစ်ကိုကြီးတို့နဲ့ လိုက်ခဲ့"

သူမက ထိုသူကို ခပ်တင်းတင်း ပြန်ကြည့်ပစ်လိုက်ရင်း ...

"ကျွန်မ မိကောင်းဖခင် သားသမီး၊ ရှင်တို့ထင်သလို မဟုတ်ဘူး၊ လွှတ် ... လက်ကို"

ဟုဆိုကာ လက်ကိုဆောင့်ရုန်းလိုက်သည်။ သို့ပေမယ့် ယောကျ်ားတစ်ယောက်၏ အားကို မိန်းမတစ်ယောက်က ယှဉ်လို့မရ။ သူမ၏ ရုန်းထွက်မှုက အချည်းနှီးသာ။

"ညီမလေးကလည်း ဒီလိုတော့ မစိမ်းကားနဲ့လေ၊ အစ်ကိုကြီးတို့နဲ့ လိုက်ခဲ့နော် ... လာ ... လာ ..."

ကျန်တစ်ယောက်ကပါ သူမ၏ နောက်လက်တစ်ဖက်ကို လာဆွဲကာ သူမကို ချုပ်လိုက်၏။ ဒီတစ်ခါမှာတော့ သူမ၏ ကြောက်ရွံ့မှုက ဒီဂရီတိုးလာကာ စိတ်တွေ အရမ်းကိုလှုပ်ရှားလာခဲ့သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းဖို့ ပြင်လိုက်စဉ်မှာတော့ ကားမီးရောင်တစ်ခုက သူမတို့အပေါ်သို့ တိုးဖြာကျလာသည်။ သူမ လှည့်ကြည့်လိုက်တော့ ကားတစ်စီးက သူမတို့ဆီသို့ ဦးတည်မောင်းလာကာ မလှမ်းမကမ်းမှာ ရပ်လိုက်တာကို တွေ့ရသည်။ သို့ပေမယ့် ကားမီးတွေက တော့ ပိတ်မသွားပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားက ဘာလဲကွ ..."

"ဒီကားစုတ်က ဘာလာရှုပ်တာလဲ မသိဘူး"

အမှူးသမား နှစ်ယောက်က ထိုသို့ရေရွတ်ပြီး ကားပေါ်က လူဆင်းအလာကို စောင့်နေကြသည်။ တစ်ယောက်က သူမလက်ကို လွှတ်လိုက်ပြီဖြစ်ပေမယ့်လို့ ကျန်တစ်ယောက်ကတော့ လွှတ်မပေးသေးချေ။ သို့ပေမယ့် သူမစိတ်ထဲ ကြောက်စိတ်တွေတော့ လျော့သွားသလို ခံစားရ၏။

ထိုအချိန်မှာပဲ ကားပေါ်က လူတစ်ယောက် ဆင်းလာလေတော့၏။ လူချည်းသက်သက် ဆင်းလာတာတော့ မဟုတ်။ လက်ထဲမှာ ဆော့(စ်)ဘောရိုက်တံလို နံပါတ်တုတ် တစ်ချောင်းကိုကိုင်ပြီး ဆင်းလာတာဖြစ်သည်။ ကားမီးရောင်ကြောင့် ထိုလူ၏မျက်နှာကိုတော့ ကောင်းစွာ မမြင်ရချေ။

ထိုသို့ အမှူးသမားနှစ်ယောက်က ကားပေါ်က ဆင်းလာနေသည့် လူဆီ အာရုံရောက်နေခိုက်မှာပင် သူမ ထိုအခွင့်အရေးကို အမိအရ အသုံးချကာ သူမ၏လက်ကို ချုပ်ကိုင်ထားသော အမှူးသမား၏ လက်ကို ကုန်းကိုက်ပစ်လိုက်လေတော့တာ ဖြစ်သည်။

"အား ... ကိုက်တယ်၊ ကိုက်တယ် ... ခွေးမ ... ကဲဟာ"

အကိုက်ခံရသူက အကျယ်ကြီးအော်ပြီး သူမကို အလန့်တကြား ဆောင့်တွန်းပစ်လိုက်တော့ သူမနောက်ကို လက်ပြန်ထောက်လျက် အနေအထားနဲ့ ဖင်ထိုင်လဲကျသွားရသည်။ သူမ၏ ညာဘက်လက်ဆီက ဆစ်ခနဲ နာကျင်အောင် မျက်သွား၏။

"အ ..."

သူမဆီက နာကျင်မှုကြောင့် အသံတစ်ခု ထွက်သွားခိုက်မှာပင် ကားပေါ်မှ ဆင်းလာသူက ဘာစကားတစ်ခွန်းမှမပြောဘဲ အမှူးသမား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကာ လက်ထဲက တုတ်ဖြင့် တရစပ် ဝင်ရိုက်လေတော့တာ ဖြစ်သည်။ အမူးသမားနှစ်ယောက်ကလည်း အစတော့ ပြန်ချဖို့ ကြိုးစားသေးသည်။ သို့ပေမယ့် တုတ်နှင့် လက်နှင့် ချရတာဆိုတော့ ပွဲကမကြာလိုက်။ အမူးသမားနှစ်ယောက် ပြေးတော့ သည်။

ဒီတော့မှ ကယ်တင်ရှင် ယောကျ်ားသားက သူမဘေးကို ရောက်လာပြီး ...

"ဟို ... ဘာဖြစ်သွားသေးလဲ၊ ထနိုင်လား၊ ကျွန်တော် ထူပေးရ မလား"

အခုမှ သူ့မျက်နှာကို သူမ သေချာကြည့်မိ၏။ ဘုရားရေ ... အရင်နေ့တွေတုန်းက နောက်ကနေ တကောက်ကောက် လိုက်လာတတ်တဲ့ သူပါလား။ သူကရော လူကောင်းတစ်ယောက်မှ ဟုတ်ရဲ့လား မသိ။ အင်း ... သူ့ပုံစံလေးကတော့ ရိုးသားပုံပါပဲ။

"ကျွန်တော် ပြောနေတာ ကြားရဲ့လား၊ လန့်သွားတယ်ထင်တယ်၊ ထူပေးရမလား ..."

ပြောပြောဆိုဆို သူကဆွဲထူမယ်လုပ်တော့မှ သူ့ကို စကား ပြန်မပြောမိဘဲ တစ်ယောက်တည်း ခွဲခြမ်းစိတ်ဖြာနေမိသော သူမ သတိ ဝင်လာကာ ...

"ဩော် ... ရတယ် ... ရတယ်၊ ကျွန်မ ထနိုင်ပါတယ်"

ဒီတော့မှ သူမကို ဆွဲထူဖို့ ကုန်းကုန်းကွကွ လုပ်နေသည့် သူက ကိုယ်ရှိန်သတ်သွားသလို သူမလည်း လဲကျနေရာမှ ထဖြစ်တော့၏။ လဲကျသွားစဉ်က အရင်ထောက်လိုက်မိသော ညာဘက်လက်ကတော့ အတော် နာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ကျေးဇူးတင်သော အကြည့်မျိုးဖြင့် ကြည့်လိုက်ကာ ...

"ဟို ... ကျေးဇူးတင်ပါတယ်၊ ရှင်ရော ခိုက်မိသွားသေးလားဟင်"

"ကိုယ် ဘာမှမဖြစ်ပါဘူး၊ ဖြစ်နေတာက မင်း ..."

"ရှင် ..."

"လက်က နာနေတယ် မဟုတ်လား ..."

ဒီတော့မှ သူမက ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ထားမိသော ညာဘက်လက်ကို ငုံ့ကြည့်လိုက်မိရင်း ...

"ဩော် ... ရပါတယ်၊ ဒီလောက်ကြီး မဟုတ်ပါဘူး"

"ကိုယ် မင်းကို သိပါတယ်၊ အခု မင်း ကော်ဖီဆိုင်ကို သွားမလား၊ ဒါမှမဟုတ် အိမ်ကိုပဲပြန်မလား"

"အိမ်ပဲပြန်တော့မယ်"

"ကိုယ် လိုက်ပို့ပေးမယ်လေ"

"ရပါတယ်၊ ကျွန်မ ပြန်ရဲပါတယ်"

"မဟုတ်တာ၊ တော်ကြာ ဟိုကောင်တွေနဲ့ ထပ်တွေ့နေရင် ခက်မယ်၊ ကိုယ် လိုက်ပို့ပေးမယ်၊ ခဏစောင့်"

သူမ ဘာမှ ထပ်မပြောနိုင်ခင်မှာပဲ သူက သူ့ကားဆီသို့ ပြန်ပြေးသွားကာ ကားကို လော့(ခ်)တွေ ဘာတွေ ချခဲ့ပြီးနောက် ပြန်ရောက်လာသည်။

"လာ ... သွားရအောင်"

နှစ်ယောက်သား ဘေးချင်းယှဉ်လျှောက်လာခဲ့ကြသည်။ သူက သူမထက် အရပ်နည်းနည်း ပိုမြင့်၏။

"ကိုယ့်နာမည် လူမိုးခါးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်က အိစက်ညက်ညောပါ၊ အများခေါ်သလို အိစက်လို့ပဲ ခေါ်ပေါ့"

"အမှန်အတိုင်း ပြောရရင် အိစက်ကို ကိုယ် သတိထားမိနေတာ ကြာပြီ၊ အိစက်က ညဘက်တွေမှာ လမ်းလျှောက်ထွက်တယ်နော်၊ မိန်းကလေး တစ်ယောက်တည်းဆိုတော့ အန္တရာယ်များတာပေါ့၊ ညဘက်ကြီးကို ဘာလို့လမ်းလျှောက်ထွက်တာလဲ၊ ပြီးတော့ တစ်ခါတလေ ဖိနပ်လည်း မစီးဘူး"

'ကျွန်မလည်း ရှင့်ကို သတိထားမိနေတာ ကြာပြီ' ဆိုသော စကားကိုတော့ သူမက စိတ်ထဲကနေပဲ ပြောလိုက်မိသည်။ အပြင်မှာတော့ သူမက ခပ်ဟဟ ရယ်လိုက်ရင်း ...

"အဟင်း ... ရယ်စရာတော့ ကောင်းနေမလား မသိဘူး၊ ကျွန်မမှာ ဝါသနာတစ်ခု ရှိတယ်၊ အဲဒါဘာလဲဆိုတော့ ညဘက် မိုးကောင်းကင်ကြီးကိုကြည့်ပြီး လမ်းမကြီးပေါ်မှာ ဖိနပ်မစီးဘဲ လေညင်းခံရင်း လမ်းလျှောက်ရတာကို သဘောကျတာ၊ ကြယ်တွေရယ်၊ နီယွန်မီးရောင်တွေရယ် ... ကဲ ... ဘယ်လောက်လှလိုက်သလဲ"

"ဒါဆိုလည်း စောစောလေး လျှောက်ပေါ့"

"စောစောလျှောက်တော့ လူရှုပ်တယ်လေ၊ ကားလည်းရှုပ်တယ်၊ ကျွန်မက တစ်ယောက်တည်း တွေးချင်ရာတွေး ငေးချင်ရာငေးနေချင်တာ၊ ပြီးတော့ ကျွန်မ မိဘတွေ အိပ်ပျော်သွားမယ့်အချိန်ကိုလည်း စောင့်ရသေးတယ်၊ ကျွန်မက သူတို့မသိအောင် ခိုးထွက်ရတာကိုး"

စကားတပြောပြောနှင့် လျှောက်လာရင်းက သူမတို့လမ်းထိပ်ကို ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့လမ်းထိပ် ရောက်ပြီပဲ၊ ရှင် ပြန်ရင်ပြန်လိုက်တော့လေ၊ ဒီလောက်ဆို ရပါပြီ"

သူမက ထိုသို့ပြောလိုက်တော့ သူက သူမတို့လမ်းကြားထဲကို လှမ်းကြည့်သည်။ ပြီးမှ ...

"အိုကေလေ၊ ဒါဆို ကိုယ်သွားတော့မယ်၊ good night"

"ဟုတ် ... good night"

ထို့နောက် သူက လှည့်ထွက်သွားသည်။ ဒါပေမယ့် သုံးလေးလှမ်းမျှ လှမ်းအပြီးမှာတော့ နောက်ကိုပြန်လှည့်ကြည့်လာကာ ...

"အိစက် ... အိပ်ရာမဝင်ခင် လက်ကို ဆေးလူးလိုက်ဦးနော်၊ မေ့နေဦးမယ်"

ဟုဆိုလာ၏။ သူမက သူ့ကိုပြုံးပြလိုက်တော့မှ သူက ဘောင်းဘီအိတ်ကတ်ထဲ လက်နှိုက်ကာ ပြန်သွားသည်။ သူမကတော့ သူ့ကို တော်တော်ကြာ ရပ်ကြည့်နေပြီးမှ လမ်းထဲဝင်လာခဲ့လိုက်သည်။ ထို့နောက် ခြံတံခါးကို တွန်းဖွင့်ကာ သော့ကို သေချာပြန်ခတ်ခဲ့ပြီးမှ အိမ်ထဲဝင်လာခဲ့လိုက်သည်။

နံရံပေါ်က နာရီကိုကြည့်တော့ ညဆယ့်တစ်နာရီထိုးပြီး မိနစ်နှစ်ဆယ် ရှိနေပြီဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာကနိုးတော့ သူမရဲ့ ညာဘက်လက်က နည်းနည်းနာနေ၏။ ညက အိပ်နေရင်း အကောင်တစ်ကောင်ကောင်များ ကိုက်သွားသလား မသိပေ။ သူမက အတွေးနဲ့အတူ ညာဘက်လက်ကို လှည့်ပတ်ကြည့်မိ၏။ အကောင်တွေဘာတွေ ကိုက်ထားတဲ့ အရာမျိုးလည်း မတွေ့ပါ။ ဘယ်လိုဖြစ်ရတာပါလိမ့်။

အင်း ... ညက အပ်ရင်း ညာဘက်လက်ကိုများ ဖိအိပ်ခဲ့မိလေသလား။ ဖြစ်နိုင်သည်။ ဒါပဲဖြစ်နိုင်သည်။ သူမက ထိုအတွေးကိုပင် အတည်ပြုလိုက်ကာ အိပ်ရာပေါ်မှ ဆင်းဖို့ပြင်သည်။

ထိုအခိုက် သူမခေါင်းထဲကို ညကမက်သော အိပ်မက်က ဝင်လာသည်။ ဟုတ်သားပဲ။ ညက သူမ အိပ်မက် မက်သေးတာပဲ။

ထို့ကြောင့် သူမက ခေါင်းအုံးအောက်မှာ ဖိထားသော စာအုပ်လေးကို ထုတ်လိုက်သည်။ ညကအိပ်မက်ကို မှတ်တမ်းတင်ရဦးမည်။ ဒါကလည်း သူမ၏ အကျင့်တစ်ခုပင်။ ညဘက်တွေမှာ ထူးထူးဆန်းဆန်း အိပ်မက်တွေမက်လျှင် အခုလို စာအုပ်တစ်အုပ်ထဲမှာ မှတ်တမ်းတင်ထားလိုက်ရမှ ကျေနပ်တာ။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ကျွန်မကလည်း အိပ်မက် မက်ပြန်သည်။ အိပ်မက်ထဲမှာ ကျွန်မက ထုံးစံအတိုင်း လေညှင်းခံရင်း လမ်းလျှောက်ထွက်လာတာပေါ့။ အဲဒီမှာ အမူးသမား နှစ်ယောက်က ကျွန်မကို လာနှောင့်ယှက်တယ်တဲ့။ အဲဒီမှာတင်ပဲ ကျွန်မရဲ့ အိပ်မက်တွေထဲမှာ အခုတစ်လော ခဏခဏ တွေ့နေရတဲ့ ယောကျ်ားတစ်ယောက်က ကျွန်မကိုလာကယ်တယ်လေ။ အဖြစ်အပျက်က တကယ့်ကို ရုပ်ရှင်တွေထဲက အတိုင်းပဲ။ နောက်တော့ သူက ကျွန်မကို ကျွန်မတို့လမ်းထိပ်အထိ လိုက်ပို့ပေးတယ်လေ။ ကျွန်မနဲ့ သူ စကားတွေလည်း ပြောဖြစ်ကြသေးတယ်။ ပြီးတော့ သူက ပြန်ကာနီးမှာ အမူးသမားတစ်ယောက်ကြောင့် ခိုက်မိသွားတဲ့ ကျွန်မရဲ့ ညာဘက်လက်ကို ဆေးလူးဖို့လည်း သတိပေးသွားသေးသတဲ့လေ။

ဪ . . . မေ့တော့မလို့။ သူက ကျွန်မကို နာမည်တောင် ပြောသွားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က 'လှမိုးခါး'တဲ့လေ။ အံ့ရော... ဘယ်လောက် ထူးဆန်းတဲ့ အိပ်မက်လဲနော်။

ရှိစက်သုက်ဗြော

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## မြွချက် (၆)

တံခါးကိုဖွင့်ပြီး ဝင်လာသည့် မဒီသော်၏ မျက်နှာကိုမြင်လိုက်ရသောအခါ စိတ်ထဲမှာ ထင့်သွားမိသည်။ မဒီသော်၏ မျက်နှာမှာ မကြည်လင်မှု၊ အလိုမကျမှုတွေကို တွေ့လိုက်ရသောကြောင့်ပင်။ သူက ဘာမှမမေးသေးဘဲ မဒီသော်၏ အလိုအလျောက် ပြောဆိုလာမှုကိုပဲ စောင့်ဆိုင်းနေလိုက်သည်။

မဒီသော်က ထိုင်ခုံမှာ ဝင်မထိုင်။ သူ့ရှေ့မှာ မျက်လွှာချရပ်လာကာ ...

"တောင်းပန်ပါတယ် ဆရာ၊ ကျွန်မတို့ စမ်းချောင်းမြေကွက်ကို လက်လွှတ်ခဲ့ရတယ်"

လွန်ခဲ့သော သုံးရက်လောက်က စမ်းချောင်းဘက်ရှိ မြေကွက်တစ်ခု ရောင်းမည်ဆို၍ သူတို့ကုမ္ပဏီက မြေကွက်ပိုင်ရှင်နှင့် သွားရောက်ဆွေးနွေးကာ ဈေးညှိနှိုင်းခဲ့ကြသည်။ အဲဒီမှာ နှစ်ဦးနှစ်ဖက် ပြေလည်သောဈေးတစ်ခု သတ်မှတ်နိုင်ခဲ့သဖြင့် ဒီနေ့မှာ အပြီးသတ် စာချုပ်ချုပ်ရန်အတွက် မန်နေဂျာ၊ အတွင်းရေးမှူး မဒီသော်နှင့် ရှေ့နေတစ်ယောက်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို သူကလွှတ်လိုက်ခြင်းပင်။ တကယ်တော့ ဈေးညှိနှိုင်းသော နေ့ကတည်းက တစ်ခါတည်း စာချုပ်မလို့ပင်ဖြစ်သည်။ သို့ပေမယ့် မြေကွက်ပိုင်ရှင်က လက်မခံဘဲ နောက်သုံးရက်နေမှ လာခဲ့ပါဟု ဆိုသဖြင့် ဒီနေ့မှ လွှတ်လိုက်ရခြင်း ဖြစ်သည်။ အခုတော့ ...။

ထင်တော့ထင်သား။ ပိုင်ရှင်၏ ရည်ရွယ်ချက်က သူတို့ကုမ္ပဏီကို သုံးရက်လောက် ကြိုးရှည်ရှည်နှင့် လှန်ထားပြီး ဤသုံးရက်အတွင်းမှာ ဈေးပိုပေးနိုင်သောသူကို ရှာမည်။ ပိုပေးနိုင်သူတွေ့ပါက ထိုလူကို ရောင်းမည်ဖြစ်ပြီး ဈေးပိုပေးနိုင်သူ မပေါ်လာပါမှ မိမိတို့ကို *ရောင်းမည်ဆိုသည့် အတွေးဖြစ်သည်။ ဒါကို သူ တွေးထားမိပြီးသား။* အခုတော့ ထင်ထားသည့် အတိုင်းပင်။

သူက မဒီသော်အား ပြုံးပြလိုက်ကာ ...

"ထိုင်ပါဦး ..."

ဆိုတော့ သူမက ရှေ့ကခုံမှာ ခပ်ရို့ရို့ ဝင်ထိုင်သည်။ ဒါပေမယ့် သူ့မျက်လုံးတွေကို တည့်တည့်မကြည့်ရဲ။ အကြည့်ကို ခပ်လွှဲလွှဲ ပို့ထားလေ၏။

"ကဲ ... ဆိုပါဦး၊ ဘယ်လိုဖြစ်ရတာလဲ"

"Seven Stars ကုမ္ပဏီက ဈေးပိုပေးပြီးဝယ်သွားတာပါ ဆရာ"

"အင်း ..."

"တကယ်ဆို ပိုင်ရှင် အဒေါ်ကြီးက ဒီလိုမလုပ်သင့်ဘူး မဟုတ်လား ဆရာ၊ ကျွန်မတို့နဲ့ ဈေးစကားပြောပြီး စာချုပ်ဖို့တောင် ရက်ချိန်းထားပြီးမှ အခုလို အခြားသူကို ရောင်းလိုက်တာ လုံးဝ မဖြစ်သင့်ဘူး မဟုတ်လား"

"ဖြစ်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ဟုတ်တယ်၊ မြေကွက်ပိုင်ရှင် အဒေါ်ကြီးနေရာမှာ ကိုယ်သာဆိုရင်လည်း ဒီလိုပဲ လုပ်မှာပဲ၊ ပိုင်ရှင်ဆိုတာကတော့ ဈေးပိုပေးတဲ့လူကို ရောင်းမှာပဲလေ၊ ဒါက သဘာဝကျပါတယ်၊ ကိုယ်က ဒီရလဒ်ကို မျှော်လင့်ထားပြီးသား"

"ရှင် ..."

"ဟုတ်တယ်၊ ကိုယ်က အစကတည်းက ဒီမြေကွက်ကို ရလိမ့်မယ်လို့ ထင်ကိုမထားတာ၊ ဒါပေမယ့် **Seven Stars** က ဝယ်သွားလိမ့်မယ်လို့တော့ ကိုယ်မှန်းမထားပါဘူး၊ **someone** ပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကိုယ်ကတော့ ကျေနပ်တယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ လက်ထောက်တွေ ပညာရသွားလို့"

မဒီသော်က သူ့ကို အရောင်တစ်မျိုး ဖြတ်ပြေးသွားသော မျက်လုံးများဖြင့် ကြည့်လာသည်။ ဒီအကြည့်ဟာ တစ်ခုခုကို သဘောပေါက်သွားသော အကြည့်မျိုး။

"သဘောပေါက်သွားပြီ မဟုတ်လား၊ အခုဖြစ်ရပ်ကြောင့် နောင်အခါမှာ အခုလိုဖြစ်ရပ်မျိုး မဖြစ်အောင် မဒီသော် လုပ်တော့မယ်လေ၊ အမှားထဲက သင်ခန်းစာ ယူတော့မယ်၊ ဟုတ်တယ် မဟုတ်လား ..."

မဒီသော်က ခေါင်းတစ်ချက်ညိတ်ရင်း ...

"ဟုတ်ကဲ့ ... ဆရာ"

"ဒါထက် သိခဲ့လား၊ **Seven Stars** က ကိုယ်တို့သတ်မှတ်ထားတဲ့ ဈေးထက် ဘယ်လောက် ပိုပေးသွားတယ်ဆိုတာ"

"သိခဲ့တယ် ဆရာ၊ ကျွန်မ အဲဒါကိုတော့ ရအောင်မေးခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက အစတော့ မပြောဘူး၊ ကျွန်မက မရမက မေးတော့မှ မပြောချင်ပြောချင်နဲ့ ပြောလိုက်တာ၊ သုံးသိန်းတဲ့"

"ဟုတ်လား ... ကတိတစ်လုံးနဲ့ ငွေသုံးသိန်းကို လဲလိုက်တာပဲ၊ ပိုင်ရှင်အတွက်တော့ ငွေသုံးသိန်း ပိုရသွားတာ တန်တာပေါ့၊ ဒါပေမယ့် ကိုယ်တို့က မြေကွက်ကို မရလိုက်ပေမယ့် သူ့ထက် ပိုတန်ပါတယ်၊ ဟုတ်တယ်မဟုတ်လား ..."

အခုမှ မဒီသော်က စိတ်သက်သာရာ ရသွားပုံနှင့် ပြုံးလာနိုင်သည်။ သူကလည်း မဒီသော့်ကို မျက်စတစ်ချက် ပစ်ပြကာ ပြုံးပြလိုက်သည်။

"ကျွန်မက ဆရာ့ကို ကစားပွဲတွေမှာ သိပ်တော်တဲ့ ကစားသမားတစ်ယောက်နဲ့ တူတယ်လို့ ထင်ထားတာ၊ အခုတော့ ကျွန်မအထင်က လွဲနေတယ်"

မဒီသော့် စကားကြောင့် သူ့မျက်ခုံးတွေက ပင့်တက်သွားရ၏။ ပြီးနောက် သူက ကုလားထိုင်နောက်မှီကို ခပ်ပြေပြေမှီလိုက်ရင်း ...

"ဟုတ်လား ... ပြောပါဦး၊ ဒါဆို ကိုယ်က ဘာနဲ့တူတာလဲ"

"ဆရာက ကစားပွဲတစ်ခုရဲ့ နည်းပြနဲ့တူတာ၊ ကိုယ့်ရဲ့ ကစားသမားတွေကို ဘယ်လိုနေရာမှာ ဘယ်လိုအသုံးပြုရင် ပြိုင်ပွဲမှာ အောင်မြင်မှု ရနိုင်မယ်ဆိုတာကို ကောင်းကောင်းသိတဲ့ နည်းပြပေါ့"

မဒီသော့် စကားကြောင့် သဘောတကျပင် သူ ပြုံးသွားရ၏။ ထို့ကြောင့် သူက အကျီကော်လံစ တစ်ဖက်ကို ဆွဲထောင်ပြလိုက်ရင်း ...

"ဟား ... ဟား ... ကိုယ့်ကိုယ်ကိုယ် ဒီလောက်တော်တာ အခုမှပဲ သိတော့တယ်"

နှစ်ယောက်သား ရယ်မိကြသည်။ ဒီလိုပါပဲ။ တိုက်ပွဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလာရင် အရှုံးအနိုင်ဆိုတာလည်း ရှိလာမှာပဲလေ။ အနိုင်ရတဲ့အချိန်မှာ ပျော်ရွှင်မှုကို စားသုံးနိုင်သလို အရှုံးနဲ့တွေ့လာရင်လည်း အရှုံးထဲက သင်ခန်းစာကို ရအောင်ယူရတတ်ရတယ်။ ဒါမှ ဘဝက တိုးတက်တော့မှာပေါ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းထဲမှာ ဆုံလည်ကုလားထိုင်ကို ဘယ်ညာလှည့်ထိုင်နေရင်းမှ မင်းမာန်ထက် ပြုံးလိုက်မိသည်။ အခုလောက်ဆို လူမိုးခါး တစ်ယောက် အရှုံးကြောင့် ရင်နာနေလောက်ရောပေါ့။ လူမိုးခါးမျက်နှာကို ဖြစ်နိုင်ရင် သွားတောင်ကြည့်လိုက်ချင်သေး။

အခုတစ်ခေါက် စမ်းချောင်းမြေကွက် ဝယ်ယူရာ၌ သူနိုင်ခဲ့ပြီ။ တကယ်တော့ စမ်းချောင်းမြေကွက်ကို မိုးခါးကုမ္ပဏီက အရင်သတင်းရပြီး ဈေးတွေ ဘာတွေတောင် သတ်မှတ်ကာ စာချုပ်ချုပ်ဖို့အထိ ရက်ချိန်းပင် ယူထားနိုင်ခဲ့တာဖြစ်သည်။

ဒါကို အခြားကုမ္ပဏီတစ်ခုက မိုးခါးကုမ္ပဏီထက် တစ်သိန်းပိုပေးပြီး ဝယ်ဖို့ သွားပြောတယ်လေ။ ပိုင်ရှင်အဒေါ်ကြီးကလည်း စီးပွားရေးလောကအကြောင်း ဘာမှနားလည်တာ မဟုတ်ပါဘူး။ ဒီမြေကွက်ကို အလျင်စလို ရောင်းပြီး နယ်ပြောင်းမှာမို့ ဈေးပိုပေးတဲ့လူကို ရောင်းမယ်။ တစ်သိန်းဆိုတဲ့ ငွေကလည်း ငွေပဲဆိုတော့ အဒေါ်ကြီးက ရှေ့သိမ်တွေ ဘာတွေနဲ့ တွေ့မှာစိုးတော့ တန်းပြီး စာမချုပ်သေးဘူး။ သူ့ဘက်က ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်စရာရှိတာ ပြင်ထားမယ်။ နောက်သုံးရက်နေ့မှ လာခဲ့ဆိုပြီး တစ်ခါ ထပ်ချိန်းလိုက်တယ်။

အဲ … ဒါကိုပဲ နောက်ထပ် ကုမ္ပဏီတစ်ခုက မိုးခါးကုမ္ပဏီ ထက် နှစ်သိန်းပိုပေးပြီး သွားဝယ်ပြန်ရော။ အဒေါ်ကြီးကလည်း ငွေပို ရမှာဆိုတော့ ရှေ့ကုမ္ပဏီကို မရောင်းတော့ဘူး။ အခုကုမ္ပဏီကိုပဲ ရောင်း ခဲ့မယ်ဆိုပြီး နောက်သုံးရက်ကြာရင် လာခဲ့လို့ ထပ်ချိန်းလိုက်ပြန်တယ်။

စီးပွားရေးလောကကလည်း ပစ္စည်းတစ်ခုခုဝယ်ရင် ဘယ် တော့မှ ဈေးများများ မပေးချင်ကြဘူး။ ဖြစ်နိုင်ရင် အလကား ဈေးလောက် နဲ့သာ ရချင်ကြတာဆိုတော့ တစ်ဦးကိုတစ်ဦး တစ်သိန်းလောက်သာ ပို ပေးပြီး တိုးတိုးတိတ်တိတ်နဲ့ အသံမထွက်အောင် ကြိတ်ဝယ်ချင်ကြတာ။

ဒါတွေကို ကောင်းကောင်း ညက်တဲ့သူက ရှေ့နေတွေရော၊ အသိသက်သေတွေရော၊ စာချုပ်စာတမ်းတွေပါ တစ်ခါတည်း ယူသွားပြီး မိုးခါးကုမ္ပဏီထက် သုံးသိန်းပိုပေးကာ အဒေါ်ကြီး သဘောကျလောက် အောင် ပြောတယ်။ ပြီးတော့ ငွေပုံပေးပြီး တစ်ထိုင်တည်း ဝယ်ပစ်လိုက် တာလေ။

အခုတော့ အားလုံးကို သူနိုင်ခဲ့သည်။ ဒါပေမယ့် အခြား ကုမ္ပဏီတွေကို နိုင်တာက သူ့အတွက် မပြောပလောက်။ မိုးခါးကုမ္ပဏီ ကို နိုင်ခဲ့တာကတော့ အချိုမြိန်ဆုံးပင် ဖြစ်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ညဘက် လမ်းထွက်လျှောက်ရင်း လမ်းထိပ်အရောက်မှာတော့ လမ်းဘေးအုတ်ခုံပေါ်မှာ ထိုင်နေသည့် လူမိုးခါးကို တွေ့လိုက်ရသည်။ သူက သူမကို လက်တစ်ဖက် ထောင်ပြလာရင်း ...

"မင်္ဂလာရှိသော ညပါနော်"

ဟု ဆိုလာ၏။ သူမက သူ့အနားကို လျှောက်သွားလိုက်ရင်း ...

"ရှင်က ဒီမှာဘာလုပ်နေတာလဲ"

"အိစက်ကို စောင့်နေတာလေ"

"ကျွန်မကို ..."

"အင်း ..."

"ဘာလုပ်ဖို့လဲ ..."

"တွေ့ချင်လို့ပေါ့"

"တွေ့ချင်လို့၊ ဘာလို့ တွေ့ချင်ရတာလဲ"

"အဲဒီအဖြေကို ကျွန်တော်လည်း ကိုယ့်ဘာသာ ကိုယ် အကြိမ်ကြိမ် မေးဖူးတယ်ခင်ဗျ၊ ဒါပေမယ့် ဒီမေးခွန်းက ခက်တယ် ဆရာမရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုထိ အဖြေရှာလို့ မတွေ့သေးဘူး၊ ပြီးတော့ အဲဒီနေ့က နာခေးနေလို့ ကျွန်တော် ကျောင်းမတက်ဘူးလေ ...”

သူ့စကားကြောင့် သူက တစ်ဖက်လှည့်ကာ ပြုံးမိ၏။ သူက အုတ်ခုံပေါ် ထိုင်နေရာမှ ထလိုက်ကာ ...

“ကော်ဖီဆိုင်ရောက်အောင်သွားမှာ မဟုတ်လား၊ သွား ... ရအောင်လေ၊ ကိုယ်လည်း မင်းနဲ့ လမ်းလျှောက်ကြည့်ချင်လို့”

နောက်တော့ သူမနှင့် သူ ဘေးချင်းယှဉ်ကာ လမ်းလျှောက်မိကြသည်။

“ရှင် ဘယ်အချိန်ကတည်းက လမ်းထိပ်ကို ရောက်နေတာလဲ”

“အင်း ... ရှစ်နာရီခွဲလောက်က”

“ဘုရားရေ ... အခု ဆယ့်တစ်နာရီ ထိုးနေပြီ၊ ဒါဆို ရှင်အကြာကြီး စောင့်ခဲ့ရမှာပေါ့”

“အင်းပေါ့၊ ဒီမှာလေ ... ဒါလေးနဲ့ စောင့်နေတာ”

သူက နားကြပ်တန်းလန်းနှင့် i-pop တစ်ခုကို ဘောင်းဘီအိတ်ကပ်ထဲက ထုတ်သည်။ ပြီးနောက် ပြန်ထည့်လိုက်၏။

“ကျွန်မက နေ့တိုင်းတော့ လမ်းမလျှောက်ဖြစ်ဘူးလေ၊ စိတ်ကူးပေါက်တဲ့ ညမျိုးတို့၊ မိုးရွာပြီးစ ညမျိုးတို့မှ လမ်းလျှောက်ဖြစ်တာဆိုတော့ တကယ်လို့ ဒီနေ့ညသာ ကျွန်မ မလာရင် ဘယ်လိုလုပ်မလဲ”

“တစ်နာရီထိုးလောက်အထိမှ မလာရင် ပြန်မှာပေါ့ကွ၊ ပြီးတော့ နောက်နေ့ ထပ်လာစောင့်မယ်လေ”

“နောက်နေ့ပါ မလာရင်ရော”

“အဲဒီတော့လည်း နေ့တိုင်းလာစောင့်ရမှာပေါ့၊ တစ်ညမဟုတ်တစ်ညတော့ ထွက်လာမှာပဲလေ”



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ကော်ဖီဆိုင်လေးကို ရောက်လာသည်။ ထောင့်မကျ တကျ ဝိုင်းမှာပင် ထိုင်ဖြစ်ကြသည်။ ကော်ဖီခွက် မှာပြီးနောက် ...

"ကျွန်မ အကြာကြီး မထိုင်ဘူးနော်၊ ကော်ဖီကို ခပ်မြန်မြန်သောက်ပြီး ပြန်မှာ"

ဟုဆိုတော့ သူကပြုံးသည်။ သူမက သူ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်ရင်း ...

"ရှင်က ဘာပြုံးတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ အခုလို ကောင်မလေးတစ်ယောက်နဲ့ ညကြီးမင်းကြီးမှာ ကော်ဖီအတူသောက်ရလိမ့်မယ်လို့ တစ်ခါမှ မတွေးကြည့်ခဲ့ဘူးလို့ပါ"

သူ့စကားအဆုံး သူမက သူ့ကို မျက်စောင်းထိုးလိုက်မိ၏။ ထိုအခိုက်မှာပင် စားပွဲထိုးလေးက မှာထားသော ကော်ဖီနှစ်ခွက်ကို လာချပေးသည်။

ထို့နောက် သူမက ကော်ဖီပူပူ တစ်ခွက်လုံးကို လက်က မချစတမ်း ဇွတ်ကောအတင်းကော မှုတ်သောက်ပစ်လိုက်တော့သည်။ ဒါကို သူက တအံ့တသြကြည့်နေသေး၏။ သူမက မသိချင်ယောင်ဆောင်ကာ ပိုက်ဆံရှင်းရန်အတွက် ညဝတ် အင်္ကျီအိတ်ကပ်ထဲကို စမ်းမိစဉ်မှာတော့ ...

"ဘုရားရေ ... ကျွန်မ ပိုက်ဆံထည့်မလာမိဘူး"

သူမ၏ အလန့်တကြား ရေရွတ်သံအဆုံးမှာတော့ သူ့မျက်လုံးတွေကလည်း ပြူးကျယ်ဝိုင်းစက်သွားကြသည်။

"အဲဒါမှ ဒုက္ခပဲ၊ ကိုယ်ကလည်း မင်းကိုအားကိုးပြီး လိုက်လာတာ၊ ကိုယ့်မှာလည်း ပိုက်ဆံမပါဘူး"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာ ရှုံ့မဲ့သွားရသည်။ သူမက ဟိုကြည့်ဒီကြည့် လုပ်ကာ ...

"အမလေး ... ဒုက္ခပါပဲ၊ အရုက်တော့ ကွဲပါပြီ၊ တော်ကြာ ကျော်မကောင်း ကြားမကောင်း ပိုက်ဆံမရှင်းနိုင်လို့ ရဲစခန်းတွေဘာတွေ ရောက်ကုန်မှဖြင့် ..."

သူမ စကားအဆုံး သူ့မျက်နှာကြီးက ပြုံးဖြီးလာကာ ရယ်လေတော့သည်။ အစတော့ 'ခွီး ခွီး ... ခွီး ခွီး' နှင့် ကြိတ်ရယ်တာဖြစ်ပြီး နောက်တော့မှ တဟားဟား အော်ရယ်လေတော့တာ ဖြစ်သည်။

"ရှင် ဘာရယ်တာလဲ၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ"

"မင်းက ရယ်စရာပြောတာကိုးကွ၊ ကော်ဖီနှစ်ခွက်ဖိုးလောက်နဲ့တော့ ဘယ်သူမှ ရဲစခန်း မတိုင်ပါဘူး၊ ပြီးတော့ ကိုယ်ကနောက်တာပါ၊ ကိုယ့်မှာ ပိုက်ဆံပါပါတယ်"

ဒီတော့မှ သူမလည်း ရှက်သွားရကာ ခေါင်းကုတ်၍ ပြုံးမိတော့သည်။

"ရှင်က တော်တော်နောက်တာပဲ၊ ကျွန်မက တကယ်မှတ်လို့ အဟင်း ..."

ဒီတစ်ခါတော့ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြိုင်တူရယ်မိကြသည်။

ဘယ်လို ဓာတ်သဘောလဲတော့ မသိ။ သူနှင့် စကားပြောရတာ စိတ်ထဲမှာ ထိုင်းမှိုင်းလေးလံနေတာမျိုး မရှိဘဲ ပေါ့ပါးလွတ်လပ်နေသလို ခံစားရလေသည်။ သူ့ကို သူမစိတ်ထဲတွင် အခုမှသိကာစ လူ တစ်ယောက်လို ခံစားမနေရဘဲ ငယ်ပေါင်းကြီးဖော်တစ်ယောက်လို ရင်းနှီးနေတော့တာ ဖြစ်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညက အိပ်မက်ထဲမှာတော့ လူမိုးခါးက ကျွန်မကို လမ်းထိပ်မှာ လာစောင့်နေတယ်တဲ့။ ပြီးတော့ ကျွန်မတို့တွေ ကော်ဖီဆိုင်မှာ ကော်ဖီအတူတူ သောက်ကြတယ်။ ဖြစ်ချင်တော့ ကျွန်မမှာ ပိုက်ဆံပါမလာဘူး။ အဲဒီမှာ သူက ပြောတယ်.. သူ့မှာလည်း ပိုက်ဆံမပါဘူး၊ ကျွန်မကို အားကိုးပြီး လိုက်လာတာတဲ့။ အိပ်မက်ထဲမှာ ကျွန်မတော်တော်ကို ရှက်ရွံ့တုန်လှုပ်သွားခဲ့ရတာ။ အပြင်မှာ တကယ်ဖြစ်နေတဲ့အတိုင်းပဲ။ ပြီးမှ သူက နောက်နေတာမို့ တော်သေးတယ်။ အိပ်မက်ထဲမှာ ကျွန်မတို့တွေရယ်လိုက်မိကြတာမပြောပါနဲ့။ နောက်တော့ သူက ကျွန်မကို လမ်းထိပ်အထိ ပြန်လိုက်ပို့ပြီးမှ ပြန်သွားတယ်လေ။

ကဲ.. ဘယ်လောက်ထူးဆန်းတဲ့ အိပ်မက်လဲ။ အခုနောက်ပိုင်း မက်တဲ့ကျွန်မရဲ့ အိပ်မက်တွေက ဟိုးအရင်က မက်ခဲ့တဲ့ အိပ်မက်တွေလို အကြောင်းအရာအမျိုးမျိုးနဲ့ တောင်စဉ်ရေမရတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ နေ့စဉ် ဘဝ ဖြတ်သန်းနေသလို ကျောရိုးတစ်ခုတည်းမှာပဲ သွားနေတာ။ ပြီးတော့ လူမိုးခါးဆိုတဲ့ ယောကျ်ား တစ်ယောက်ကို အိပ်မက်ထဲမှာ ခဏခဏ ထည့်မက်နေတာကလည်း အံ့ဩစရာ မကောင်းဘူးလား။ တကယ်ဆို လူမိုးခါးဆိုတာက ကျွန်မ မြင်တွေ့ဖူးတဲ့၊ သိကျွမ်းခင်မင်ဖူးတဲ့ ယောကျ်ား တစ်ယောက်လည်း မဟုတ်ဘူး။ ကျွန်မ တစ်ခါမှ မသိဘူး၊ မမြင်ဘူး၊ မကြားဘူးတဲ့ နာမည်တစ်ခုနဲ့ ယောကျ်ားတစ်ယောက်ကို အပြင်မှာ တကယ်မရှိပါဘဲ ကျွန်မရဲ့ အိပ်မက်ကလည်း အခန်းဆက် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလိုပဲ။

ဂိုစက်သက်ရောဘာ

♥ ♥ ♥


www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၇)

"ရှင့်အကြောင်းတွေ ကျွန်မကို ပြောပြပါလား၊ ကျွန်မတို့ တစ်ယောက်အကြောင်းကို တစ်ယောက် ဘာမှမသိကြသေးဘူးနော်"

"ကိုယ့်အကြောင်း"

"အင်းလေ"

"အိစက်က ဘာတွေသိချင်တာလဲ"

"မိတ်ဆွေသူငယ်ချင်း တစ်ယောက်ကို ပြောပြလို့ရတဲ့ နောက်ဆုံးအတိုင်းအတာထိပေါ့ ..."

မေးသာမေးလိုက်ရပေမယ့် စပ်စုရာများ ရောက်သွားမလားလို့ တွေးမိပြီး နောင်တရချင်သွားသည်။ သိတာ သိပ်မကြာသေးသည့် လူတစ်ယောက်၏ personal ကို မေးမိတာ အပြစ်တစ်ခုမြောက်သလားဆိုတာ သူမ မသိပါ။ ဒါပေမယ့် မိတ်ဆွေသူငယ်ချင်းလုပ်တော့မယ်ဆိုရင် တစ်ယောက်အကြောင်း တစ်ယောက် အတိုင်းအတာတစ်ခုအထိတော့ သိထားသင့်သည်ဟု သူမ ထင်သည်။ ပြီးတော့ သူမကိုယ်တိုင်ကလည်း သူ့အကြောင်းတွေကို သိချင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အကြောင်းက ဘာမှထွေထွေထူးထူး စိတ်ဝင်စားစရာ မကောင်းပါဘူး၊ မိသားစုအကြောင်းပြောရရင် ကိုယ့်မိဘ နှစ်ပါးစလုံး ရှိသေးတယ်၊ ကိုယ်ကတစ်ဦးတည်းသော သား၊ ကိုယ့်အဖေနာမည် က ဦးမိုးအောင်၊ ကိုယ့်အမေနာမည်က ဒေါ်ခက်မာ၊ ကိုယ်က Civil နဲ့ ကျောင်းပြီးထားတယ်၊ အခု ကိုယ့်အလုပ်က ..."

သူက စကားကို ခဏဖြတ်ထားသည်။ ပြီးမှ ကော်လံစ တစ်ဖက်ကို ဆွဲဆောင့်လိုက်ရင်း ...

"ပြောရရင် နည်းနည်းကြွားရာရောက်ဦးမယ်၊ ကြွားတာမဟုတ်ဘူး နော်၊ အိစက်မေးလို့ ဖြေတာ၊ ကိုယ်က အခု ကုမ္ပဏီတစ်ခုရဲ့ MD၊ ကုမ္ပဏီဆိုပေမယ့် သေးသေးလေးပါ"

ပြောပြီးနောက် သူက ကော်ဖီခွက်ကို အာစွတ်ရုံလောက် သောက်ပြီး ကော်ဖီခွက်ကို ပြန်ချထားလိုက်ကာ သူမ မျက်နှာကို စေ့စေ့ ကြည့်လာရင်း ...

"ကဲ ... ဒီတစ်ခါ အိစက်အလှည့်"

"ရှင် ... အိစက်က ဘာပြောရမှာလဲ"

"ဟင် ... အိစက်အကြောင်း ပြောပြပေါ့"

"အိစက်အကြောင်းက ပျင်းစရာကြီးပါ၊ သိချင်မနေပါနဲ့၊ ဘာမှ မထူးခြားဘူး၊ မိုးခါးအကြောင်းလောက်တောင် ပြောစရာအကြောင်း အရာ မများဘူး"

"ဟုတ်လား ... ဒါဆို တစ်ခုမေးမယ်၊ အဲဒါကတော့ ဖြေပေး"

"ဘာမေးမှာလဲ၊ ပြော"

"အိစက်မှာ ချစ်သူရှိလား ..."

"ရှင် !"



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားသော မေးခွန်းမို့ ကြောင်သွားရသည်။ ပြီးမှ သူမက အားရပါးရ ရယ်ပစ်လိုက်မိရင်း ...

"မိုးခါးက ဘယ်လိုထင်လို့လဲ"

"မထင်တတ်လို့ မေးတာပေါ့"

"သိချင်ရင် စုံစမ်းကြည့်၊ မပြောပြဘူး၊ ဒါမျိုးက လူတိုင်းကို ပြောပြလို့မှ မရတာနော်"

သူက အနည်းငယ် ပြုံးသည်ဆိုရုံလေး ပြုံးကာ ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

"ရပါတယ်၊ အိုင်တီခေတ်ကြီးထဲမှာ လျှို့ဝှက်ချက်ဆိုတာ မရှိတော့ပါဘူး"

ည ဆယ့်တစ်နာရီခွဲလောက်တွင် သူမတို့ ပြန်လာခဲ့ကြသည်။ သူက ထုံးစံအတိုင်း သူမကို လမ်းထိပ်နားအထိ လိုက်ပို့ပေးသည်။ ပြန်ကာနီးတွင် သူက ...

"ဩော် ... အစက်ကို ကိုယ့်အကြောင်း ပြောပြဖို့ တစ်ခုကျန်သွားတယ်"

"ဟုတ်လား၊ ပြောပါဦး ... ဘာများလဲ"

"ကိုယ့်နှလုံးသားက တစ်ခါမှ အသုံးမပြုရသေးဘူးဆိုတာပါ၊ good night နော်"

ပြောပြီး သူက လှည့်ထွက်သွားကာ လေးငါးဆယ်လှမ်းလောက် လှမ်းပြီးနောက် သူမကို လက်တစ်ဖက် နောက်ပြန်ထောင်ပြသွားလေ၏။ သူမမှာတော့ သူ့ကျောပြင်ကိုကြည့်ရင်း နေရာမှာတင် ရပ်ကျန်နေခဲ့ရသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညက အိပ်မက်ထဲမှာလည်း လူမိုးခါးနဲ့ ကျွန်မ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြတယ်။ သူက သူ့အကြောင်းတွေ ကျွန်မကို ပြောပြတယ်။ ပြီးတော့ ကျွန်မအကြောင်းကို မေးတယ်။ သူ့ကိုပြောပြရ လောက်အောင် ကျွန်မအကြောင်းက ထူးခြားမှုမှ မရှိတာ။ အဲဒီတော့ ကျွန်မအကြောင်းတော့ သူ့ကို မပြောပြဖြစ်ခဲ့ပါဘူး။

အခုဆို လူမိုးခါးနဲ့ ကျွန်မက အိပ်မက်ထဲမှာ တော်တော် ရင်းနှီးနေပြီလေ . . . ။

ဂိုစက်ညာတ်ရွှေသာ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ဒိုင်ယာရီစာအုပ်လေးကို ပိတ်ပြီးနောက် အိပ်ရာပေါ်မှာ အလျားမှောက်နေရာကနေ ပက်လက်လှန်အနေအထားကြောင့် အိပ်လိုက်ကာ ရင်ဘတ်ပေါ်မှာ ဒိုင်ယာရီစာအုပ်လေးကို တင်ထားလိုက်မိသည်။ ထို့နောက် မျက်လုံးတွေကို မှေးမှိတ်ထားလိုက်ကာ ညကမက်သော အိပ်မက်ကို ပြန်လည်ပုံဖော်ကြည့်မိ၏။ လူမိုးခါးမျက်နှာက အာရုံမှာ ရှင်းသန့်စွာ ဝင်ရောက်နေရာယူလာသည်။

ဒီမှာတင်ပဲ သူမ အကြံတစ်ခုရသွားသည်။ ထို့ကြောင့် သူမက အိပ်ရာပေါ်မှ အမြန်ခုန်ဆင်းကာ မှန်တင်ခုံ၏အောက်ဘက် ဒုတိယ အံဆွဲထဲမှ A4 တစ်ရွက်နှင့် ခဲတံကို ထုတ်ယူလိုက်သည်။ ပြီးနောက် သူမလက်တို့သည် ကောက်ကြောင်းများကို ပုံဖော်မိတော့၏။

သူမက ပုံတူပန်းချီဆွဲရာ၌ ပါရမီပါသူတစ်ယောက် ဖြစ်သည်။ ကျောင်းနေစဉ်ကဆိုလျှင် အတန်းလိုက် နှစ်စဉ် ပန်းချီပြိုင်ပွဲများတွင် အမြဲတမ်း ပထမရသူတစ်ယောက်ဖြစ်သည်။ သူမက ပန်းချီကို ဆေးရောင်စုံ ခြယ်ထားသော ပန်းချီထက် ခဲသားပန်းချီများကို ပို၍ နှစ်သက်သောသူ ဖြစ်သည်။ ပန်းချီသင်တန်း မတက်ဖူးသော်လည်း လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဦး၏ ပုံကို ပုံတူဆွဲရာ၌ ချွတ်စွပ်တူအောင် ဆွဲနိုင်ပါသည်။ ဆရာကောင်းကောင်းနှင့် အနည်းငယ် သင်လိုက်မည်ဆိုပါက professional တစ်ဦး ကျိန်းသေပေါက် ဖြစ်လာနိုင်သော်လည်း သူမမှာက ထိုသို့ ရည်ရွယ်ချက်မျိုး မရှိပါပေ။

အချိန်အတော်လေး ကြာသွားအပြီးမှာတော့ သူမ၏ ပန်းချီဆွဲခြင်းက အောင်မြင်စွာ ပြီးစီးသွား၏။ မည်းနက်ထူထဲသော မျက်ခုံးနှစ်ခု၊ အနည်းငယ် ညှို့ဓာတ်ပါသော မျက်လုံးတစ်စုံနှင့် ပိရိသေသပ်သော နှစ်ခမ်းတို့ကို ပိုင်ဆိုင်ထားသော လူမိုးခါးဆိုသည့် ယောကျ်ားတစ်ယောက်က သူမကို ရီဝေစွာကြည့်နေ၏။ ဤကဲ့သို့သော ယောကျ်ားတစ်ယောက်ကို သူမ၏အိပ်မက်တို့က မည်သည်ကိုကြည့်၍ ဖန်ဆင်းထားပါသလဲ။

ပန်းချီကို အချိန်အတော်ကြာ စိုက်ကြည့်နေမိတုန်းမှာပင် သူမ၏ဝမ်းက တရှိန်ရှိန်အသံပေးကာ ဆန္ဒပြလာတော့၏။ ဟုတ်သားပဲ။ သူမ အခုထိ မျက်နှာတောင်မသစ်ရသေး။ နိုးလာကတည်းက အိပ်မက်ကို မှတ်တမ်းတင်ပြီး အိပ်မက်ထဲက မင်းသားပုံကို ဆွဲနေမိတာ။ မနက်ရှစ်နာရီတောင် ထိုးနေပြီပဲ။

သူမ အိပ်ရာပေါ်က ဆင်းလိုက်သည်။ ထို့နောက် ပန်းချီလေးအား သူမ အိပ်ရာပေါ်မှကြည့်လျှင် ရှင်းရှင်းလင်းလင်း မြင်နိုင်မည့် နံရံတစ်နေရာတွင် ကပ်လိုက်သည်။

ထူးတော့ ထူးဆန်းသား။ သူမက အခန်းနံရံကို ရှင်းနေမှကြိုက်တာ။ ဒါ့ကြောင့် ဘယ် celebrity ရဲ့ ပုံကိုတောင်မှ သူမအခန်းထဲမှာ ကပ်မထားခဲ့။ အခုတော့ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ရေချိုး အဝတ်အစားလဲပြီး ထမင်းစားခန်းဘက် ဆင်းလာခဲ့လိုက်တော့ ထမင်းစား စားပွဲကို အဝတ်တစ်ခုနှင့်သုတ်နေသော မေမေ့ကို တွေ့လိုက်ရသည်။ သူမက မေမေ့လက်ထဲမှ အဝတ်ကို ဆွဲယူလိုက်ရင်း

"ပေးပေး ... သမီး လုပ်လိုက်မယ်"

သူမက အဝတ်ကို အတွင်းအပြင် လှန်ခေါက်လိုက်ပြီးမှ စားပွဲကို သုတ်သည်။ မေမေကတော့ ကြက်မွေးတစ်ချောင်းနှင့် ဗီရိုတွေကို လိုက်သုတ်နေတော့၏။

"စောစောက နုသက် ဖုန်းဆက်တယ်၊ မောင်မင်းမာန်ထက် စင်ကာပူကို အလုပ်ကိစ္စတစ်ခုနဲ့ သွားစရာရှိကယ်တဲ့"

"အဲဒါများ အဆန်းလုပ်နေတယ်၊ သူက ဒီလိုပဲ ခဏခဏ သွားနေကျပဲဟာ"

"မဟုတ်ဘူး၊ သူက စင်ကာပူက ပြန်လာရင် မင်္ဂလာပွဲကို စီစဉ်ချင်ပြီတဲ့"

မေမေ့စကားကြောင့် စားပွဲကို သုတ်နေသော လက်က တွန့်သွားရသည်။ ပြီးမှ စားပွဲကို ဆက်သုတ်နေလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဘာပြန်ပြောလိုက်လဲ ..."

"အခြေအနေကြည့်ပြီး စီစဉ်ကြတာပေါ့လို့ ပြောလိုက်တယ်၊ ဒါပေမယ့် မေမေ့ သဘောကလည်း နှသက် သဘောအတိုင်းပဲ၊ စေ့စပ်တာနဲ့ လက်ထပ်တာကို အချိန်တွေ အကြာကြီး ကွာမသွားစေချင်ဘူး၊ လက်ထပ်ရမှာချင်းအတူတူ သမီးတို့ကို ခပ်မြန်မြန်ပဲ မင်္ဂလာပွဲ လုပ်ပေးချင်တယ်၊ လက်ထပ်ဖို့ အချိန်ဆွဲတယ်ဆိုတာ ဘဝတစ်ခုကို ထူထောင်ဖို့ အဆင်သင့်မဖြစ်သေးတဲ့လူတွေ၊ မပြည့်စုံသေးတဲ့ လူတွေအတွက်သာ လိုအပ်တာပါ၊ အခု မေမေတို့မှာက နှစ်ဖက်စလုံး ပြည့်စုံပြီးသားပဲလေ၊ အဲဒီတော့ ဘာလို့ အချိန်တွေ ဆွဲနေဦးမှာလဲ ..."

သူမက စားပွဲသုတ်ခြင်းကို ရပ်တန့်လိုက်ကာ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ မေမေကပါ သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လာတော့၏။

"မင်းမာန်ထက်က စလုံးမှာ ဘယ်လောက်ကြာမှာတဲ့လဲ မေမေ"

"နှစ်လလောက် ကြာမယ်ပြောတာပဲ၊ သမီး သူနဲ့ စကားပြောကြည့်လေ၊ သမီးတို့ လူငယ်ချင်းကြည့်ပြီး ညှိကြလေ၊ ပေါင်းရမှာက သမီးတို့ မဟုတ်လား ..."

မေမေ ပြောတာလည်း ဟုတ်တော့ ဟုတ်ပါသည်။ ဒီယောကျ်ား တစ်ယောက်ကို နောင်တစ်ချိန်မှာ သေချာပေါက် လက်ထပ်ရမည့်အတူတူမှာ စော၍ လက်ထပ်လိုက်ခြင်းသည်လည်း ဘာမှထူးခြားလာမည်မဟုတ်ပေ။ ဒါပေမယ့်လို့ ထူးခြားနေတာက သူမစိတ်တွေပင် ဖြစ်သည်။ မင်းမာန်ထက်နှင့် ဘဝခရီးကို လက်တွဲရတော့မည်ဟု တွေးမိလိုက်တိုင်း ရင်ထဲမှာ တင်းကျပ် လေးလံလာတော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒီလိုမဖြစ်သင့်ဘူး မဟုတ်ပါလား။ ရုပ်ရည်၊ အဆင့်အတန်း ဘာတစ်ခုမှ အပြစ်ဆို ထောက်ပြစရာ မရှိသော ယောကျ်ားတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ပိုင်ဆိုင်ခွင့်ရခြင်းသည် ဘုရားပေးတဲ့ ဆုလာဒ်ပင် မဟုတ်လား။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် စ,လုံးမှာ နှစ်လလောက် ကြာလိမ့်မယ် အိစက်၊ အလုပ်ကိစ္စတစ်ခုကြောင့် မသွားမဖြစ် သွားရမှာ၊ ကိုယ်ပြန်လာရင်တော့ မင်္ဂလာကိစ္စကို စီစဉ်ချင်ပြီ၊ စေ့စပ်ထားတာလည်း အချိန်အတိုင်းအတာတစ်ခုအထိ ကြာသွားပြီ မဟုတ်လား"

"မေမေ ပြောပြလို့ ကျွန်မ သိပြီးပါပြီ"

"ဒါဆို အိစက် သဘောကရော ..."

"ကျွန်မ သဘောကတော့ လူကြီးတွေ သဘောအတိုင်းပါပဲ၊ တစ်နေ့မှာ လက်ထပ်ရမှာ သေချာနေတာပဲလေ၊ အစောကြီးပဲ လက်ထပ် လက်ထပ်၊ နောက်ကျမှပဲ လက်ထပ် လက်ထပ် ဘာမှထူးထူးခြားခြား ခံစားမနေရပါဘူး"

သူမစကားဆုံးတော့ သူက သူမမျက်လုံးတွေထဲကို အဓိပ္ပာယ်တစ်မျိုးနဲ့ စိုက်ကြည့်လာသည်။ သူ့အကြည့်က သူမစကားကို နှစ်သက်သဘောကျသည့် အကြည့်မျိုးမဟုတ်။ တစ်စုံတစ်ရာကို ရှာဖွေနေသော အကြည့်မျိုးဖြစ်ပြီး သူမ၏စကားအပေါ်တွင် feeling တစ်ခုခု ခံသွားပုံမျိုးဖြစ်သည်။ မတတ်နိုင်ချေ။ ဒါဟာ သူမ၏ စိတ်ခံစားမှုကို အရှိအတိုင်းသားဆုံး



www.burmeseclassic.com

www.burmeseclassic.com



အပွင့်အလင်းဆုံးနှင့် မကွယ်မဝှက် အရှိအတိုင်း ထုတ်ဖော်ပြသခြင်းပင် ဖြစ်သည်။

"ကိုယ် အိစက်ကို မေးစရာရှိတယ်၊ အမှန်အတိုင်း ဖြေပေးမလား"

"မေးကြည့်လေ၊ ကျွန်မ မလိမ်တတ်ဘူး၊ ခံစားရတဲ့အတိုင်းပဲပြော တတ်တယ်"

မေးမယ်ဆိုပြီးတော့ သူက တန်းမမေးသေး။ သူမ မျက်လုံးတွေကို ခွဲခြမ်းစိတ်ဖြာနေသေးတာ ဖြစ်သည်။ ပြီးတော့မှ အမေးစကားက ထွက်လာ၏။

"အိစက် ကိုယ့်ကို ချစ်လား ..."

ဒီမေးခွန်းကို သူမ မျှော်လင့်ထားပြီးသားပင် ဖြစ်သည်။ သူ့မျက်လုံးတွေမှာက မျှော်လင့်ချက်တွေနှင့်။ ခက်သည်က သူမ မလိမ်ချင်။ နှလုံးသားကို ပို၍တောင် မလိမ်ချင်။

ထို့ကြောင့် သူမက ခေါင်းကိုရမ်းပြလိုက်ရင်း ...

"ကျွန်မ ရှင့်ကို မချစ်ဘူး"

သူမ စကားအဆုံး သူ့မျက်နှာက မျှော်လင့်ချက်အလင်းရောင်တွေ ပျောက်ဆုံးသွားကာ မှိုင်းညို့သွားသည်။ ဒီလိုဆိုတော့လည်း သူ့ပုံစံက စိတ်မကောင်းစရာ။ ခက်သည်က အချစ်ဖြစ်သည်။ နယူတန်၏ တန်ပြန်နိယာမကို ရိုက်ချိုးခဲ့တဲ့ တစ်ခုတည်းသော အရာဟာ အချစ်ပဲဟု ဟိုးလွန်ခဲ့တဲ့ ကာလတစ်ခုဆီတုန်းက ချောချော ပြောခဲ့ဖူးသည်။ ပေးသလောက် ပြန်မရတာ အချစ်တဲ့။

"ကိုယ်ကတော့ အိစက်ကို ချစ်တယ်၊ မြင့်မြင့်ချင်းကို ချစ်ခဲ့တာ ဒါကြောင့် မိဘတွေ စကားကို နားထောင်ခဲ့တာ၊ ဒီအကြောင်းတွေ အိစက်ကို ကိုယ် ပြောပြခဲ့ဖူးပါတယ်လေ၊ ထားလိုက်ပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လို့ ကိုယ် တစ်ခုတော့ ထပ်မေးချင်သေးတယ်၊ ကိုယ့်ကို မချစ်ဘူးဆိုရင်တောင် ကိုယ်နဲ့လက်ထပ်ရတော့မှာကို တွေးမိပြီး စိတ်လှုပ်ရှားမိတာမျိုးတို့ ဘာတို့ မဖြစ်ဘူးလား"

'စိတ်မလှုပ်ရှားတဲ့အပြင် စိတ်တောင်လေးနေသေးတယ်' လို့များ အဲဒီလို အမှန်အတိုင်းဖြေလိုက်ရင် သူ နေရာမှာတင်များ ပွဲချင်းပြီးသွားမလား မသိ။ ဒါပေမယ့် သူမ မဖြေဖြစ်လိုက်ပါ။ လက်တွဲဖော် အလောင်းအလျာတစ်ယောက်ကို ဒီလောက်အထိတော့ မရက်စက်သင့်ဘူးလားလို့။

"ရှင်နဲ့ ပတ်သက်ပြီး ကျွန်မဆီမှာ ဘယ်လိုခံစားချက်မျိုးမှ ရှိမနေဘူး၊ ဒါအမှန်ပါ၊ ကျွန်မ အပွင့်လင်းဆုံး ဝန်ခံတာပါ၊ ဒါပေမယ့် ရှင့်ကို ဘဝလက်တွဲဖော်တစ်ယောက်အဖြစ်တော့ ကျွန်မ စိတ်ထဲမှ လက်ခံပေးလို့ ရတယ်၊ ငြင်းစရာမရှိဘူး၊ အဲ ... တစ်ခါတလေ ရှင့်လုပ်ရပ်တွေက selfish ဖြစ်နေတတ်တာက လွဲရင်ပေါ့"

"selfish ! ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်က အလုပ်များတယ်လေ"

သူမက တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြလိုက်မိသည်။ ပြီးနောက် ...

"အခုလို ကျွန်မရဲ့ ခံစားချက်တွေကို သိလိုက်ရတော့ ကျွန်မကို လက်ထပ်ရမှာ ရှင် နောင်တမရဘူးလား"

"နောင်တ ..."

"အင်း ..."

"နိုး ...၊ ကိုယ် လုံးဝ နောင်တမရဘူး၊ ဘာလို့လဲဆိုတော့ ကိုယ်က ရယူလိုစိတ် ကြီးမားတယ်လေ၊ အခုလို ကိုယ်ချစ်တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတာဟာ နောင်တရစရာမှ မဟုတ်တာ၊ ကိုယ်ကတော့ ဒါဟာလည်း အောင်နိုင်ခြင်းတစ်မျိုးလို့ သတ်မှတ်တယ်၊ လက်ထပ်ပြီး နောင်တစ်ချိန်မှာ မင်း ကိုယ့်ကို ချစ်လာနိုင်တာပဲလေ၊ ဟုတ်တယ်မဟုတ်လား”

သူမ သိချင်တာကလည်း ထိုအရာပင်ဖြစ်သည်။ ဘ၀သာ စီဒီတစ်ချပ်စာ ဇာတ်လမ်းတစ်ပုဒ်ဆိုလျှင် ထိုအခန်းကို remote ဖြင့် သူမ ကျော်ကြည့်ချင်ပါသည်။

လူနှစ်ယောက် အတူနေပါများလာသောအခါ ထိုလူနှစ်ယောက်ကြားတွင် အချစ်ဆိုတာ မွေးဖွားသန့်စင်လာတတ်ပါသလား။ အချိန်ကာလနှင့် အနေနီးစပ်မှုသည် အချစ်၏ ရင်းမြစ်ဖြစ်နိုင်ပါသလား။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

နယ့ူတန်ရဲ့ တန်ပြန်သက်ရောက်မှု နိယာမကို
ရိုက်ချိုးပစ်ခဲ့သော တစ်ခုတည်းသော အရာဟာ
အချစ်ပါ။
တကယ်လို့ ...
နယ့ူတန်ဟာ သူ့နိယာမကို ရာနှုန်းပြည့် မှန်ကန်တယ်လို့
ဆိုလာရင်တော့
သေချာတယ် ...
နယ့ူတန် အသည်းမကွဲခဲ့ဖူးလို့ပဲ ဖြစ်လိမ့်မယ် ...။

www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၈)

သူမ လမ်းလျှောက်ထွက်လာပြီး လမ်းထိပ်ကိုအရောက်မှာပဲ လူမိုးခါးကို ထုံးစံအတိုင်း တွေ့လိုက်ရသည်။

"ရောက်နေတာ ကြာပြီလား"

"နာရီဝက်လောက်တော့ ရှိပြီ"

သူကပြောရင်း နားမှာတပ်ထားသည့် နားကြပ်ကို ဖြုတ်လိုက်သည်။

"ဘာသီချင်းတွေ နားထောင်နေတာလဲ"

သူမက လမ်းလျှောက်လာရင်းမှ မေးမိသည်။

"မြန်မာသီချင်းတွေပါပဲ၊ IC ပေါ့"

ညနေဘက်က မိုးနည်းနည်း ရွာထားသည်မို့ အအေးဓာတ် အနည်းငယ်နှင့် လတ်ဆတ်သော လေနုအေးကို ရှူရှိုက်လိုက်ရသည်။

"မိုးခါးက ဘယ်အဆိုတော်တွေ ကြိုက်သလဲ"

"အင်း ... အဆိုတော်အစွဲတော့ မရှိပါဘူး၊ အဆိုတော်ထက် သူတို့ရဲ့ သီချင်းတွေကို ပိုကြိုက်တယ်၊ အဆိုတော်နဲ့ သီချင်းကို တွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာပေါ့ကွာ၊ လင်းနစ်ဆိုရင် ဒီဇင်ဘာညတို့၊ ကဗျာဆရာတို့၊ လေးဖြူဆိုရင် စာမျက်နှာ ၁၅၊ ဆုန်သင်းပါရ်ဆိုရင် သံယောဇဉ် မပြတ်ဘူး၊ မဒီဆိုရင် အဖော်မဲ့စကား ... အဲလိုပေါ့"

"ဟင် ... မိုးခါးက မဒီရဲ့ အဖော်မဲ့စကားကို ကြိုက်တယ်"

"အင်း ... ကိုယ့်ရဲ့ အကြိုက်ဆုံးသီချင်းတွေထဲက တစ်ပုဒ်ပေါ့၊ ဘာလို့လဲ ..."

"ကျွန်မလည်း အဖော်မဲ့စကားကို တအားကြိုက်တာ"

"အော ... အကြိုက်ချင်း လာတူနေတာကိုး"

ထိုအခိုက် သူမခေါင်းထဲ ဝင်လာတာက အင်္ဂလိပ်သီချင်းများကိုသာ စွဲစွဲမြဲမြဲ နားထောင်လေ့ရှိသော မင်းမာန်ထက်အကြောင်းပင် ဖြစ်သည်။ ပြီးတော့ ၎င်းပြောခဲ့ဖူးသော စကားတစ်ခွန်းကို ကြားယောင်မိပြန်သည်။

"မြန်မာသီချင်းလား၊ နားမထောင်ချင်ပါဘူး၊ သူများဦးနှောက်ကို ဖောက်စားထားတာတွေချည်းပဲ၊ မြန်မာသီချင်း တစ်ပုဒ် ကောင်းတယ်ဟေ့လို့ အသံထွက်မလာနဲ့၊ ဗေဒင်မေးစရာမလိုဘူး၊ အဲဒါ ကော်ပီပဲ၊ ကိုယ်ပိုင်တီထွင်နိုင်တဲ့ အရည်အချင်းတွေ ရှိနေရက်သားနဲ့ မတီထွင်ဘဲ အလွယ်လိုက်နေကြတာ၊ အပျင်းကြီးနေကြတာ၊ အဲဒီတော့ သူတို့သီချင်း နားထောင်မယ့်အစား မူရင်းသီချင်းပဲ နားထောင်တော့မှာပေါ့၊ နိုင်ငံခြားက လာတာရားစွဲရင် ဘယ်လောက်တောင် ကြည့်လှလိုက်မလဲကွာ ..."

မင်းမာန်ထက်ဆိုတာ အဲဒီလိုလူမျိုး ဖြစ်သည်။ သူမက ပုံရိပ်တွေ အသံတွေကို ခေါင်းရမ်းခါထုတ်ပစ်လိုက်ကာ ပစ္စုပ္ပန်ဆီသို့ စိတ်ကို ဆွဲယူလိုက်သည်။ ပြီးနောက် သူမက စီးလာသော ဖိနပ်ကိုချွတ် ပြီး လျှောက်နေကျလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖိနပ်ချွတ်လျှောက်လာရင်းမှ ဘေးတွင် လူမိုးခါး မပါလာသဖြင့် နောက်လှည့်ကြည့်လိုက်တော့ ခါးကုန်းပြီး ဖိနပ်ချွတ်နေသော သူ့ကို တွေ့လိုက်ရသည်။

"ရှင် ... ဘာလုပ်နေတာလဲ"

"ဖိနပ်ချွတ်နေတာလေ၊ အိစက်လို လမ်းလျှောက်ကြည့်မလို့၊ ဖိနပ် မပါဘဲ"

သူမက သူ့ကို သဘောတကျကြည့်ရင်း ရပ်စောင့်နေလိုက်တော့ သူက ရယ်ကျဲကျဲဖြင့် ဖိနပ်တွေကို လက်တစ်ဖက်တစ်ချက်က ကိုင်ကာ သူမဆီ လျှောက်လာ၏။

ထိုအခိုက် သူမခေါင်းထဲကို မင်းမာန်ထက်က ရောက်လာပြန်သည်။ လူမိုးခါးနေရာမှသာ မင်းမာန်ထက်ဆိုလျှင် သူမလုပ်သလို လုပ်လုပ်ပါမည်လော။ မထင်ပါ။ သူမကို 'အရူး'ဟု ပျစ်ပျစ်နှစ်နှစ် အသံဖြင့် ပြောမှာသေချာပါသည်။

"ဘယ်လိုလဲ၊ လျှောက်လို့ကောင်းလား"

ဘေးချင်းယှဉ်လျှောက်လာရင်းမှ သူမက သူ့ကို အသာငဲ့စောင်း မေးမိသည်။ သူက မျက်လုံးတွေကို မှိတ်၊ လေကိုအားရပါးရ ခေါင်းမော့ရှူလိုက်ပြီးမှ ...

"ဟား ... တစ်မျိုးပဲ၊ စိတ်ထဲမှာ တင်းကျပ်နေတာတွေ ပြေလျော့ သွားသလိုပဲ၊ ပြီးတော့ ကြည်နူးမှုတစ်ခုကို ခံစားနေရသလိုပဲ၊ အဲဒီကြည်နူးမှုကို စကားနဲ့ ဘယ်လိုပြန်ပြောပြရမလဲ မသိဘူး၊ မိုးစိုထားတဲ့ ကတ္တရာလမ်းနဲ့ ခြေဖဝါး အတားအဆီးမရှိဘဲ တိုက်ရိုက် ထိတွေ့ရတာကလည်း အရမ်းမိုက်တယ်၊ ဒီခံစားချက်တွေ အားလုံးနဲ့ မြေသင်းနံ့ကို ပေါင်းလိုက်တော့ feeling က တော်



www.burmeseclassic.com

www.burmeseclassic.com



အုပ်တစ်ခုထဲကို ရောက်သွားရတာနဲ့ ခပ်ဆင်ဆင် ဘူတယ်၊ မိုက်တယ်ကွာ ...”

“အရသာကို ကြိုက်သွားပြီမဟုတ်လား ...”

“စွဲကိုသွားတာ၊ နောက်ကျရင် စိတ်ညစ်လာရင်တို့၊ စိတ်ပင်ပန်းလာရင် ဟိုဆို ဒီနည်းကို သုံးရတယ်”

ဘာရယ်မဟုတ် နှစ်ယောက်သား အားရပါးရ ရယ်မိကြသည်။ လူမိုးခါးနှင့် ရှိနေလျှင် သူမစိတ်တို့သည် ယခုကဲ့သို့ ပေါ့ပါးနေတတ်တာ ဖြစ်ပါ၏။

“ဒီနည်းက ကျွန်မရဲ့နည်းဆိုတော့ မိုးခါးသုံးချင်ရင် ကျွန်မဆီက ဝယ်ရမယ်နော်၊ ဒီအတိုင်းတော့ မပေးလိုက်နိုင်ပါဘူး”

“ဟောဗျာ ... ပြောပါဦး၊ ဘယ်လောက်ပေးပြီး ဝယ်ရမှာလဲ”

“မများပါဘူး၊ ကော်ဖီတစ်ခွက်လောက်ပေါ့”

“ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ဒီနေ့ ကော်ဖီဖိုးကို ကိုယ်ပဲ ရှင်းပါ့မယ်”

“အိုခေ ... ကော်ဖီဆိုင်ကို မြန်မြန်ချီတက်ကြစို့ ...”

နှစ်ယောက်သား ကော်ဖီဆိုင်လေးဆီကို စကားတပြောပြောနဲ့ လျှောက်လာခဲ့ကြသည်။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ ကြယ်တစ်ပွင့် ကြွေသွားတာကို တွေ့လိုက်ရသည်။ ဒါပေမယ့် ဆုမတောင်းလိုက်မိ။ လူဆိုတာ စိတ်ညစ်နေရင်တို့၊ လိုအပ်ချက်တွေ ရှိနေတဲ့အချိန်တို့မှသာ ဆုတောင်းလေ့ရှိကြတာလေ။ အခုလို စိတ်တွေ ကြည်လင်ကာ လွတ်လပ်ပျော်ရွှင်နေသော အချိန်မှာတော့ သူမအတွက် ဘာဆုမှမတောင်းချင်ပါလေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညက အိပ်မက်ထဲမှာတော့ ကျွန်မနဲ့ လူမိုးခါးက ပိုပြီးတော့ နီးကပ်လာကြသလိုပဲ။ ကျွန်မနဲ့ သူက မဒီရဲ့ 'အဖော်မဲ့စကား' သီချင်းကိုကြိုက်တာချင်း တူနေတယ်လေ။ ပြီးတော့ သူက ကျွန်မလိုပဲ ကတ္တရာ လမ်းမပေါ်မှာ ဖိနပ်မစီးဘဲ လမ်းလိုက်လျှောက်တယ်လေ။ ဒါကို သူက 'တောအုပ်ထဲ ရောက်နေသလိုပဲ' လို့တောင် တင်စားလိုက်သေးတယ်။ ကျွန်မနဲ့သူ ကော်ဖီသောက်ရင်း စကားတွေလည်း အများကြီး ပြောဖြစ်ခဲ့ကြတယ်။

ပြီးတော့ ... ပြီးတော့ ... ကျွန်မက အိပ်မက်ထဲမှာ လူမိုးခါးနဲ့ မင်္ဂလာဆောင်ကို ချိန်ထိုးနိုင်းယှဉ်နေခဲ့သတဲ့လေ။ ဒါက ဖြစ်သင့်ရဲ့လား ကျွန်မ မသိဘူး။ အပြင်မှာ တကယ် မရှိတဲ့ လူတစ်ယောက်နဲ့ မကြာခင်မှာ ကျွန်မဘဝရဲ့ လက်တွဲဖော်ဖြစ်လာမယ့်သူကို နှိုင်းယှဉ်နေမိတာ ကျွန်မ တော်တော်ရူးတာပဲနော်။ ကျွန်မဟာ လူထူးလူဆန်းတစ်ယောက်များ ဖြစ်နေပြီလား။

နေဦး ...၊ ပိုပြီး ထူးဆန်းတာ ရှိသေးတယ်။ အဲဒါက ကျွန်မရဲ့ အခုတစ်လော အိပ်မက်တွေဟာ လူမိုးခါးနဲ့ ပတ်သက်နေတဲ့ အိပ်မက်တွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပဲ။ ပြီးတော့ အိပ်မက်တိုင်းမှာ ကျွန်မက ညဘက်ကြီး လမ်းလျှောက် ထွက်နေတာချည်းပဲ။ ကျွန်မက အဲဒီလိုမျိုး အပြင်မှာ တကယ်လမ်းလျှောက် ချင်တာ။ အတောင်အလည် ဖော်ချင်နေတာ ကြာပြီ။ ဒါပေမယ့် အခုထိ လက် တွေ့ကျကျ အတောင်အလည်မဖော်ဖြစ်သေးပါဘူး။ ဒါကြောင့်ပဲ ကျွန်မစိတ်တွေ တ စွဲမိစွဲရာ စွဲလန်းပြီး အခုလို အိပ်မက်တွေကို ဖန်တီးပစ်လိုက်တာ ထင်ပါရဲ့။

ဒီစကြဝဠာ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

အခန်းတံခါး ခေါက်သံကြောင့် သူမက ဒိုင်ယာရီစာအုပ်လေးကို ခေါင်းအုံးအောက်ကို ထိုးဝှက်လိုက်သည်။ အခန်းထဲကို ဝင်လာသည်က ချောချော။ သူမက တအံ့တသြနဲ့ နံရံက နာရီကိုကြည့်မိတော့ မနက် (၆) နာရီသာ ရှိသေး၏။

သူမက အိပ်နေရာမှ ငုတ်တုတ် ထထိုင်လိုက်ရင်း ...

"ဟဲ့ ... မိန်းမ စောစောစီးစီး ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး၊ ဒီကိုပဲလာတာ၊ ဘုရားသွားမလို့ နင့်ကို လာခေါ်တာ"

"ဟောတော် ... ဘာမပြော ညာမပြော"

"အေး ... ပြောတာ မပြောတာက နောက်မှထား၊ အခု အိပ်ရာပေါ်က ဆင်းပြီး ပြင်တော့၊ ငါလည်း ဒီနေ့အစောကြီးနိုးနေတာနဲ့ ဘုရားသွားမယ်ဆိုပြီး နင့်ဆီ ပြေးလာတာ၊ စိတ်ကူးက အခုမှ ပေါ်လာတဲ့ စိတ်ကူး"

အိစက်က ခုတင်ပေါ်မှ ဆင်းလိုက်ရင်း ...

"နင် ဘာနဲ့လာတာလဲ၊ ကားသံလည်း မကြားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကြားမလဲ၊ ကားက ခြံရှေ့မှာတင် ရပ်ခဲ့တာလေ၊ နင်တို့ ခြံတံခါးက ဖွင့်မှမဖွင့်သေးတာ၊ ဘေးပေါက်က သော့ချိတ်ရုံ ချိတ်ထားလို့ အဲဒီက ဝင်လာတာ ..."

သူမက ရေချိုးခန်းထဲဝင်ကာ ရေကို ကမန်းကတန်း ခပ်သွက်သွက် ချိုးလိုက်သည်။

ရေချိုးပြီး အခန်းထဲပြန်ဝင်လာစဉ်မှာတော့ ချောချောက နံရံမှာ ကပ်ထားသည့် ခဲပန်းချီရှေ့မှာ ရောက်နေ၏။

"မိန်းမ ... ဒါ နင်ဆွဲထားတာလား"

"အင်း ..."

"မိုက်သားပဲ၊ ဘယ်သူ့ပုံလဲ"

"ကိုရီးယား မင်းသားတစ်ယောက်ပုံပါ"

"ဒီမင်းသားကို ငါ မမြင်ဖူးပါဘူး၊ ငါ့လောက် ကိုရီးယားကား ကြည့်တာ ငါပဲရှိတယ်၊ ဘယ်ကားထဲကလဲ"

သူမနောက်လိုက်တာကို ချောချောက တကယ်ထင်သွားပုံ ရသည်။ ထို့ကြောင့် သူမက တစ်ဖက်လှည့်ကာ ကြိတ်ပြုံးလိုက်ပြီးမှ ...

"စိတ်ဝင်စားတယ်ပေါ့ ..."

"အင်း ..."

"အဲဒါဆို ဘုရားကအပြန်ကျရင် M3 မှာ dimsum လိုက်ကျွေး၊ dimsum ကျွေးရင် ပြောပြမယ်"

"အောင်မလေး ... နင်မပြောလည်း လိုက်ကျွေးဖို့ ငါက စိတ်ကူး ပြီးသားပါ"

ဒီလိုနှင့် ချောချောကားဖြင့်ပင် ဘုရားကို ထွက်လာခဲ့ကြသည်။ ဘုရားပေါ်မှာက သူမတို့လိုပင် စောစော ဘုရားတက်သူများနှင့် စည်ကား



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သူမတို့သည်ပင် နောက်ကျနေလေ၏။ ဘုရားကို ပန်း ဆီမီးနှင့် ရေချမ်းတို့ ကပ်လှူကာ လိုရာဆုတောင်းကြသည်။ သူမက တနင်္ဂနွေသမီး ဖြစ်ပြီး ချောချောက တနင်္လာသမီးမို့ ဘုရားရှိခိုးသောနေရာက မတူသော်လည်း မွေးနံ့ထောင့်ချင်း ကပ်နေတာမို့ တစ်ဦးနှင့် တစ်ဦး မြင်နေရပါသည်။

ဘုရားဖူးအပြီးမှာတော့ နှစ်ယောက်သား M3 ကို လိမ့်ခဲ့ကြသည်။

"ကဲ ... မိန်းမ စားချင်တာလည်း စားရပြီဆိုတော့ ကဲ ... ပြော၊ နံရံပေါ်က မင်းသားအကြောင်းကို"

ခဲပန်းချီကိုမြင်ပြီး အသည်းအသန် စိတ်ဝင်စားနေသော ချောချောကိုကြည့်ပြီး သူမစိတ်ထဲမှာ အိပ်မက်တွေအကြောင်းနှင့် ပတ်သက်ပြီး ရင်ဖွင့်ချင်လာလေသည်။ ပြီးတော့ ချောချောထံမှ ထွက်လာမည့် မှတ်ချက် တစ်စုံတစ်ရာကိုလည်း ကြားချင်သေးတာဖြစ်သည်။

"ဒီလိုပဲ့ ... အဲဒီပုံက အိပ်မက်ထဲကလူရဲ့ပုံကို ဆွဲထားတာပေါ့ ဟုတ်လား"

"အင်း ..."

"အပြင်မှာ နင်မြင်ဖူးတဲ့ လူတစ်ယောက်ယောက်ကို စိတ်ကစွဲပြီးတော့ အိပ်မက်ထဲမှာ ထည့်မက်နေတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ သူ့ကို ငါအပြင်မှာ မြင်ဖူးဖို့မပြောနဲ့၊ ငါ့ပတ်ဝန်းကျင်မှာ သူနဲ့ ခပ်ဆင်ဆင်တူတဲ့ လူတောင် မရှိဘူး၊ ပြီးတော့ နာမည်ကလည်း လူမိုးခါးတဲ့၊ အပြင်မှာ ဒီနာမည်မျိုး မကြားဖူးပါဘူး၊ အိပ်မက်ထဲမှာမှ ကြားဖူးတာ"

"အေးနော် ... တော်တော်ထူးဆန်းတယ်၊ ငါကြားဖူးတာလေးတော့ အိပ်မက်ဆိုတာ လက်တွေ့ဘဝမှာ တကယ်ရှိတဲ့ အရာတစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းနေလို့ မက်တာတဲ့၊ အခု နင့်ဟာကကျတော့ တကယ့် အစိမ်းသက်သက် လူတစ်ယောက်ကို အိပ်မက်ထဲမှာ ကိုယ့်ဘာသာ ဖန်တီးပြီး ထည့်မက်နေခဲ့တာ၊ ပြီးတော့ နင့်အိပ်မက်က ကိုရီးယား ကားကြည့်နေရသလိုပဲ အခန်းဆက်တွေနဲ့"

"ဟုတ်တယ်၊ ဒီအိပ်မက်ကို ငါတော်တော်စွဲလမ်းနေတာ ထင်တယ်"

"ဒါနဲ့ နင်တို့ မင်္ဂလာကိစ္စကရော"

"အဲဒါက မင်းမာန်ထက် ပြန်လာမှ စီစဉ်ဖြစ်မှာပါ၊ နှစ်လလောက် လိုသေးတယ်"

"အကယ်လို့ပေါ့ဟာ လူမိုးခါးနဲ့ မင်းမာန်ထက်တို့ နှစ်ယောက် ထဲက တစ်ယောက်ကိုရွေးပါလို့ပြောရင် နင် ဘယ်သူ့ကို ရွေးမလဲ"

"နင်ကလည်း အိပ်မက်ထဲက လူနဲ့ အပြင်ကလူ နှိုင်းစရာမှမဟုတ် တာ၊ သူတို့နှစ်ယောက်က ငါ့ဘဝမှာ ပခုံးချင်း ယှဉ်လာစရာမှ အကြောင်းမရှိတာ"

"အင်းပါ ... ငါပြောတာကလည်း အကယ်၍လို့ပြောတာ၊ နင် ဘယ်သူ့ကိုရွေးမလဲ"

"ဟင့်အင်း ... ငါမရွေးတတ်ဘူး၊ နှစ်ယောက်စလုံးကတော့ မိန်းမ တစ်ယောက်အတွက် ဘဝလက်တွဲဖော်အဖြစ် ရွေးသင့်တဲ့လူတွေ ချည်းပါပဲ"

"ဒါပေမယ့် လူမိုးခါးနဲ့တော့ နင့်စိတ်က ပိုနီးတယ် မဟုတ်လား"

"နီးမှာပေါ့ဟဲ့၊ လူမိုးခါးဆိုတာက ငါ့စိတ်တွေက အိပ်မက်ထဲမှာ ဖန်တီးထားတဲ့ ဇာတ်ကောင်လေ"

"အင်း ... ဒါလည်း ဟုတ်တာပဲ၊ ငါထင်တာတော့ မင်းမာန်ထက် ရဲ့ အတ္တကြီးမှုတွေ၊ အေးစက်စက်နဲ့ တစ်သီးပုဂ္ဂလဆန်မှုတွေကို



www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်တဲ့ နင်က နင်လိုချင်တဲ့ အထူးသဖြင့် မင်းမာန်ထက်ကို နင်ဖြစ်စေချင်တဲ့ ပုံစံတွေကို စုပေါင်းပြီး နင့်အိပ်မက်ထဲမှာ လူမိုးခါးဆိုတဲ့ လူတစ်ယောက်ကို ဖန်တီးပစ်လိုက်တာ ဖြစ်မယ်"

ချောချောပြောတာ ဖြစ်နိုင်ပါသည်။ တကယ်လည်း သူမက မင်းမာန်ထက်ဆီမှာ လူမိုးခါးရဲ့ စိတ်ဓာတ်မျိုး ရှိနေစေချင်တာ ဖြစ်၏။ အဲဒီလိုသာ တကယ်ဖြစ်လာခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## မြှချက် (၉)

အိပ်ပျော်နေရာမှ သူမျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာ၏။ အိပ်လျက်အနေအထားမှ ထထိုင်လိုက်ကာ နာရီကိုကြည့်မိတော့ ည ဆယ့်တစ်နာရီတိတိ။ ခန္ဓာကိုယ်ပေါ်မှာ ခြုံထားသော စောင်ကို ဘေးသို့ ဖယ်ချပစ်လိုက်ကာ အိပ်ရာပေါ်မှ ဆင်းလိုက်သည်။ ဒီအချိန်လောက်ဆို သူမ မိဘတွေ အိပ်နေလောက်ပြီ။

သူမက အောက်ထပ်သို့ ဆင်းလာလိုက်ကာ တီဗီစင်၏ အောက်အံဆွဲထဲမှ သော့တွဲကို ယူလိုက်သည်။ ထို့နောက် အိမ်မကြီးတံခါး ကို ဖွင့်ကာ အပြင်ထွက်လာလိုက်တော့သည်။ ဒီနေ့ မိုးမရွာပါ။ ကောင်း ကင်၌ ကြယ်တွေစုံနေသလို လကလည်း ပြည့်ပြည့်ဝဝ သာနေ၏။ သူမ က ကောင်းကင်ကြီးကို ခဏမျှ ရပ်ငေးမော့ကြည့်နေပြီးမှ အပြင်ထွက်ရန် ခြံတံခါးဆီသို့ လျှောက်လာလိုက်သည်။

တံခါးနားအရောက်မှာတော့ အံ့အားသင့်စရာတစ်ခုက သူမ ကို စောင့်ကြိုနေတော့၏။ တံခါးတွင် တိပ်ဖြင့်ကပ်ထားသော နှင်းဆီပန်း တစ်ပွင့်။ သူမက တအံ့တဩဖြင့် နှင်းဆီကိုဖြုတ်ယူလိုက်မိသည်။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူများ လာထားသွားပါလိမ့်လို့ အတွေးပေါက်လိုက်မိသေးသော်လည်း ကြာကြာတော့ မတွေးအား။ နှင်းဆီပန်းကို အားရပါးရ တစ်ချက်မွှေးလိုက်ပြီးနောက် ခြံတံခါးကို ပြန်ပိတ်ခဲ့ကာ လမ်းပေါ်ထွက်လာခဲ့လိုက်သည်။ နှင်းဆီပန်းကိုလည်း ယူလာခဲ့သည်။ သူမအကြိုက်ဆုံး ပန်းက နှင်းဆီဖြစ်သည်။ ရနံ့မွှေးသလို အရောင်အသွေးလည်း စုံ၏။ ရာသီမရွေးလည်း ပွင့်သလို အမြင်လည်း လှသည်။

နှင်းဆီအကြောင်း စဉ်းစားရင်း လမ်းလျှောက်လာရာမှ တစ်နေရာအရောက်တွင် နောက်ထပ် နှင်းဆီတစ်ပွင့်ကို တွေ့ရပြန်၏။ နှင်းဆီကို လမ်းမအလယ်မှာ ချထားတာဖြစ်သည်။ သူမက နှင်းဆီကို မကောက်မိသေးဘဲ ဘေးဘီကို တစ်ချက်ကြည့်မိသေးသည်။ ဘယ်သူ့ကိုမှတော့ မတွေ့ရ။ ထိုအခါမှ သူမက နှင်းဆီကို ကောက်ကာ လမ်းဆက်လျှောက်လာခဲ့၏။

ဒီလိုနှင့် အနည်းငယ် လမ်းလျှောက်အပြီးမှာတော့ နောက်ထပ် နှင်းဆီတစ်ပွင့်က သူမကို လမ်းမအလယ်ကနေ စောင့်ကြိုနေပြန်၏။ သူမစိတ်တွေ အနည်းငယ် လှုပ်ရှားလာသည်။ ဘယ်သူပါလိမ့်။ လှူမိုးခါများလား။

ဟုတ်သည်။ သူပဲဖြစ်နိုင်သည်။ ညဘက်၌ သူမ လမ်းလျှောက်ထွက်တတ်တာကို သူပဲသိတာလေ။ အတွေး နှင့် သူမနှုတ်ခမ်းတို့က အလုပဆုံး ပြုံးသွားကြသည်။ ထို့နောက် သူမက သူ့ကို တွေ့ချင်ဇောဖြင့် လမ်းထိပ်ဆီသို့ အပြေးတစ်ပိုင်း ထွက်လာခဲ့လိုက်သည်။

သို့သော် ... သူမ၏ မျှော်လင့်ချက်တို့ အငွေ့ပြန်သွားရသည်။ လမ်းထိပ်က အုတ်ခုံပေါ်တွင် လှူမိုးခါး ရှိမနေ။ နှင်းဆီတစ်ပွင့်ကိုသာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ …။ သူမဟုတ်ဘူးလား။ ဒီနေ့ည သူမလာဘူးလား။ စောစောက တက်ကြွသွားသော စိတ်တို့က မှိုင်းညို့သွားရသည်။ ထို့နောက် သူမက နှင်းဆီပန်းတွေကို လက်တစ်ဖက်တည်း စုကိုင်ကာ ကော်ဖီဆိုင်လေးသို့သွားရန် လမ်းမကြီးပေါ် တက်လာခဲ့လိုက်သည်။

လမ်းမကြီးကတော့ ထုံးစံအတိုင်း တိတ်ဆိတ်ရှင်းလင်းလျက်ပင်။ လျှောက်လာရင်း လျှောက်လာရင်းကနေ နောက်ထပ် နှင်းဆီပန်း တစ်ပွင့်က သူမကို စောင့်ကြိုနေပြန်သည်။ ဒီနေရာမှာ သူမအတွေးတစ်ချက် ပေါက်သွားသည်။ ဒီပန်းတွေကို လမ်းတစ်လျှောက် ချထားသူသည် အခြားသူတော့ မဖြစ်နိုင်။ မိမိအကြောင်းကို သိနေသော လူမိုးခါးသာလျှင် ဖြစ်နိုင်သည်။ ဒါဆို သူက မိမိကို ကော်ဖီဆိုင်လေးမှာ ကြိုစောင့်နေတာပဲ ဖြစ်မည်။

ထိုသို့ တွေးလိုက်တော့ သူမစိတ်ထဲ မြူးသွားသည်။ စောစောက ဒီည သူ မလာဘူးအထင်ဖြင့် မှိုင်နေသောစိတ်က ပြန်လည်ကြည်လင်တက်ကြွလာသည်။ ထို့ကြောင့် သူမက ကော်ဖီဆိုင်လေးဆီသို့ အမြန်လျှောက်လာရာ နောက်ထပ် နှင်းဆီပန်းများကို လမ်းတစ်လျှောက်၌ တစ်ပွင့်ပြီးတစ်ပွင့် တွေ့ရလေသည်။ နှင်းဆီပန်းတွေက အစစ်တွေဖြစ်သော်လည်း ဆူးမပါချေ။ ဆူးများကို သေသေချာချာ ဖြတ်တောက်ထားဟန် ရှိသည်။

ဤသို့ဖြင့် ကော်ဖီဆိုင်လေးရှေ့သို့ ရောက်သောအခါ သူမ၌ နှင်းဆီပန်းတွေ တစ်ပွေ့ကြီးရနေပြီ ဖြစ်သည်။ နှင်းဆီရနံ့တို့ကလည်း မွှေးကြိုင်သင်းပျံ့နေတော့သည်။ သူမက ကော်ဖီဆိုင်လေးကို ခဏမျှရပ်ငေး ပြုံးကြည့်နေပြီးမှ အထဲသို့ဝင်ရန် ပြင်သည်။ လူမိုးခါး စောင့်နေတာ ကြာသွားပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းများ ချိတ်တွယ်ထားသော ဆိုင်တံခါးကို တွန်းဖွင့်ဝင်လိုက်ကာ သူမက ဆိုင်ထဲသို့ မျက်လုံးဝေ့၍ သူ့ကိုရှာလိုက်သည်။ သို့သော် ဆိုင်ထဲ၌ လူမိုးခါး ရှိမနေပါ။ လူမိုးခါးမှ မဟုတ်။ ကော်ဖီလာသောက်သူ တစ်ယောက်မှကို ရှိမနေတာ ဖြစ်သည်။ စောင့်ရတာကြာလို့ သူ မလာအားဘူးအထင်နှင့် သူပြန်သွားပြီထင်သည်။

စိတ်ထဲတွင် ကွက်လပ်ကြီးတစ်ခု ဖြစ်သွားသလို ခံစားလိုက်ရကာ နီးရာခုံတစ်လုံးမှာပင် ဝင်ထိုင်လိုက်မိတော့သည်။

"အစ်မ ထုံးစံအတိုင်း ကော်ဖီခါးပဲ မဟုတ်လား"

စားပွဲထိုးလေးကိုပင် ပါးစပ်က ပြန်မပြောဖြစ်။ ခေါင်းသာ စိတ်မပါ လက်မပါ ညိတ်ပြလိုက်မိ၏။ အရင်ညတွေကဆို သူက တော်တော် ညဉ့်နက်တဲ့အထိ သူမကို စောင့်နေတတ်တာပါ။ ဒီညမှ ဘာလို့ စောစော ပြန်သွားပါလိမ့်။

ထိုသို့တွေးနေစဉ်မှာပင် ကော်ဖီဆိုင်အတွင်း၌ မီးများ အမှောင်ကျသွားလေသည်။

"ကျွတ် ... မီးကလည်း အရေးထဲ ပျက်ပြန်ပြီ"

သူမက စိတ်ကုန်သလို ရေရွတ်ကာ ဆိုင်ထဲသို့ ဝေ့ဝဲကြည့်မိ၏။ သို့ပေမယ့် တစ်ဆိုင်လုံးက ပိန်းပိတ်အောင် မှောင်မည်းနေတာမို့ ဘာကိုမှမမြင်ရ။ မျက်လုံးပြူးပြဲကြည့်ပါသော်လည်း လုံးဝကို မမြင်ရတာ ဖြစ်၏။

ထိုခဏမှာပင် အံ့အားသင့်ဖွယ်ရာတစ်ခုက သူမနှင့် မျက်နှာချင်းဆိုင်မှာ ရောက်နေတော့တာ ဖြစ်သည်။ အဲဒါကတော့ လူမိုးခါးက သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်နေကာ မေးကို လက်ဖြင့်ထောက်၍ သူမအား ပြုံးစစဖြင့် ကြည့်နေတော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မိုးခါး"

သူမနှုတ်က သူ့နာမည်ကို လွတ်ခနဲ ရေရွတ်မိသွားသည်။ ပြီးတော့ စားပွဲပေါ်မှာလည်း နှင်းဆီပန်းများကို ရိုးတံမပါဘဲ အပွင့်ချည်း သက်သက် ပုံစံဖြင့် စားပွဲတစ်ခုလုံးအပြည့် ဖြန့်ခင်းထားတာကို တွေ့ရလေသည်။ အံ့သြမှုကြောင့် နောက်ထပ် ဘာစကားမှ ထပ်မထွက်နိုင်အောင်ပင် သူမမှာ မင်သက်နေမိတော့သည်။ စောစောက (မီးမပျက်ခင်) ဒီစားပွဲပေါ်မှာ ဘာမှမရှိချေ။ မီးပျက်သွားသည့်အခိုက်မှာသာ နှင်းဆီပန်းတွေကို ဖြန့်ခင်းထားလိုက်တာ ဖြစ်သည်။ မှောင်မည်းနေတာဆိုတော့ သူမ မသိလိုက်ရချေ။ ပြီးတော့ … နေဦး။ မီးပျက်တာ မဖြစ်နိုင်။ မီးကို မှိတ်လိုက်တာဖြစ်မည်။

"အား … ရှင်က လူကို အံ့သြအောင် သိပ်လုပ်တာပဲ မိုးခါးရယ်၊ တကယ်ပဲ ဘာပြောရမှန်းကို မသိတော့ဘူး၊ တကယ်ပဲကွာ … တကယ်"

'တကယ်' ချင်းထပ်ကာ တအံ့တသြ ဖြစ်နေသည့် သူမကို သူက သဘောတကျ ပြုံးစိုက်ကြည့်လာကာ …

"အဟား … ဘာပြောရမှန်း မသိရင်လည်း ဘာမှမပြောနဲ့တော့၊ ကိုယ်ပြောတာပဲ နားထောင်၊ ဟုတ်ပြီလား …"

ဟုဆိုသည်။ ဆိုင်တစ်ဆိုင်လုံးတွင် နှင်းဆီပန်းရနံ့တို့က သင်းပျံ့ကြိုင်လှိုင်နေတော့၏။ စားပွဲထိုးလေးက ကော်ဖီခွက် လာချပေးသွားသည်။

"ကျွန်မက ရှင့်ကို ဒီနေ့ မလာတာလား၊ ပြန်သွားတာလားလို့ တွေးနေတာ"

"မပြန်ပါဘူး၊ ကိုယ်က ဒီနေ့ အိစက်မလာမချင်း မိုးလင်းအောင် စောင့်ဖို့ ဆုံးဖြတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလုပ်ဖို့လဲ၊ ပြီးတော့ ဒီနှင်းဆီပန်းတွေကရော ဘာ အထိမ်းအမှတ်နဲ့ လုပ်ထားတာလဲ"

"မေးပြီးမှ သူမက တစ်စုံတစ်ရာကို ရိပ်ခနဲ သွားသတိရ လိုက်ကာ နောင်တရသွားသည်။ သို့ပေမယ့် နောင်တဆိုတာက နောင်မှ ရတာမဟုတ်လား။ သူက ပါးနပ်သူတစ်ယောက်ပီပီ အခွင့်အရေးကို လက်လွှတ်မခံချေ။ သူက သူမကို ရီဝေသောအကြည့်တစ်မျိုးဖြင့် ကြည့် လာကာ ...

"အချစ်ကို ကင်ပွန်းတပ်တဲ့ အထိမ်းအမှတ်လေ၊ ကိုယ့်ရင်ဘတ် ထဲက အချစ်တစ်ခု မွေးဖွားလာလို့ ကင်ပွန်းတပ်တာပေါ့၊ အိစက် ကိုယ့်ကို တာဝန်ယူရမယ်နော်"

"ရှင် ... အိစက်နဲ့ ဘာဆိုင်လို့လဲ"

"ဟား ... ဆိုင်တာပေါ့၊ ကိုယ်မွေးလိုက်တဲ့ အချစ်က အိစက်နဲ့ ရတာလေ"

သူသုံးလိုက်သော စကားအဆန်းကြောင့် သူမနားထဲ ရှက် သွားရကာ ခေါင်းကိုငုံ့ပစ်လိုက်ရင်း ...

"ဟာ ... ဘာတွေပြောနေမှန်း မသိဘူး"

"အိစက်က ငြင်းချင်လို့လား၊ ဒီလိုခေါင်းရှောင်လို့ မရဘူးနော်၊ ကိုယ့်အချစ်က အိစက်နဲ့ ရတာပါဆိုတာ သက်သေပြလို့ရတယ်၊ ကိုယ့်မှာ ခိုင်လုံတဲ့ သက်သေတွေ အများကြီးပဲ"

သူ့စကားကြောင့် သူမက ရယ်ကျဲကျဲဖြင့် ခေါင်းပြန်မော့ လိုက်ကာ ...

"ပြပါဦး၊ ဘယ်မှာလဲ သက်သေက"

"ရှိတာပေါ့၊ အိစက်ကို မြင်ရင် ကိုယ့်နှလုံးသားက တဒုတ်ဒုတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အခုန်မြန်လာတာ၊ တစ်နေကုန် အလုပ်တွေရှုပ်နေရင်းကနေ ဦးနှောက် ခဏအားသွားတာနဲ့ ကိုယ့်ဦးနှောက်က အိစက်အကြောင်းကို စဉ်းစားနေမိတာ၊ ပြီးတော့ အိပ်မက်ထဲကိုလည်း အိစက်က ကျူးကျော်ဝင်ရောက်လာသေးတယ်၊ အရင်ကတော့ အဲလို ကျူးကျော်ဝင်ရောက်လာကာ တစ်ခါတလေမှပါ၊ ဒါပေမယ့် အခုတလော စိပ်လာတယ်၊ နောက်ပြီး ရှိသေးတယ်၊ ကိုယ့်နားတွေက ဘယ်သီချင်းဖွင့်ဖွင့် သီချင်းသံကို မကြားဘဲ အိစက်အသံကိုပဲ ကြားကြားနေတာလေ၊ ကဲ ... ငြင်းချင်သေးလား၊ ငြင်းဦးမယ်ဆိုရင် မျက်မြင်သက်သေတွေပါ ထုတ်ပြလို့ ရသေးတယ်"

အစကတော့ သူမ ရှက်နေမိတာပင်။ နောက်တော့ သူ့အပြောတွေကြောင့် ရင်ထဲမှာ အမြူးဓာတ်တစ်မျိုး စိမ့်ဝင်လာကာ ...

"ပြောစမ်းပါဦး၊ မျက်မြင်သက်သေက ဘယ်မှာလဲ"

"အများကြီးပဲ၊ ကြယ်တွေရယ်၊ လမ်းဘေး နီယွန်မီးတွေရယ်၊ ကတ္တရာလမ်းမကြီးရယ်၊ ဖိုးလမင်းကြီးရယ်၊ ပြီးတော့ ဒီကော်ဖီဆိုင်လေးရယ်၊ ညတွေရယ်၊ မိုးရေစက်တွေရယ်၊ အို ... ပြောရရင် ကုန်မှာတောင် မဟုတ်ပါဘူး"

တတ်လည်း တတ်နိုင်တဲ့သူ။ သူမို့ ကြဲကြဲဖန်ဖန် ပြောတတ်သည်။ propose လုပ်တာကလည်း အဆန်းရယ်။ (သူမ မိတ်ဆွေ စာရေးဆရာ လူညိုချော သိရင်တော့ သူ့ဝတ္ထုတွေထဲမှာ ဒီ plotကို ထည့်ရေးတော့မှာပဲ။)

"ဘယ်လိုလဲ၊ ငြင်းလို့မရတော့ဘူး မဟုတ်လား၊ တာဝန်ယူရမယ် နော်"

သူမကလည်း သူ့ကို စချင်လာသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အမေနဲ့ တိုင်ပင်လိုက်ဦးမယ်လေ"

"ပြီးတာပဲ၊ အချိန်တော့ မဆွဲနဲ့နော်၊ မြန်မြန်တိုင်ပင်"

သူမက ပြုံးကာ ကော်ဖီသောက်ရန် ကော်ဖီခွက်အဖုံးဖွင့်၍ မှုတ်ဖို့ ပြင်လိုက်သည်။ သို့သော် ကော်ဖီခွက်ထဲ၌ ဘာမှရှိမနေချေ။

"ဟင် ... ဘယ်လိုဖြစ်ရတာလဲ၊ ဘာမှလည်း မပါဘူး"

သူမက ကြောင်တောင်တောင် ဖြစ်သွားရရင်း ရေရွတ်တော့ သူက ပြုံးကာ ...

"ပါပါတယ်"

"ဘယ်မှာလဲ၊ ဒီမှာကြည့်ပါလား၊ ဘာမှမပါဘူး"

သူမက ထိုသို့ပြောရင်း ကော်ဖီခွက်ကို သူ့ရှေ့ ထိုးပြလိုက်သည်။ ဒါကို သူက ခေါင်းရမ်းကာ ...

အဲဒီထဲမှာ ကော်ဖီမပါဘူး ဟုတ်တယ်၊ ဒါပေမယ့် ကိုယ့်အချစ်တွေ အပြည့်အသိပ်ထည့်ထားတယ်လေ၊ ကိုယ့်အချစ်တွေကို အခု မသောက်သုံးသေးဘူးဆိုရင်တောင် မြင်အောင်တော့ ကြည့်ပေးပါ ... please"

တကယ်ပါ။ အဲဒီစကားတစ်ခွန်းက သူမရင်ဘတ်ကို လေဟပ်သလို လှပ်ခနဲ ခံစားသွားစေတယ်ဆိုရင် ဒါဟာ အရိုးသားဆုံး ဝန်ခံခြင်းဖြစ်တယ်ဆိုတာ ကျေးဇူးပြု၍ ခြွင်းချက်မရှိ ယုံပေးပါ။

သူမက သူ့ကို အချိုမြိန်ဆုံး ပြုံးပြလိုက်သည်။ ထို့နောက် ကော်ဖီခွက်ထဲသို့ ငုံ့ကြည့်ကာ ...

"ဟာ ... ဟုတ်သားပဲ၊ စောစောက ကျွန်မ မျက်စိမှောက်ပြီးမမြင်မိတာ၊ ကျွန်မ ရှင့်ရဲ့အချစ်တွေကို ကော်ဖီခွက်ထဲမှာ မြင်နေရပြီ၊ ကြည့်စမ်း ... ရှင့်အချစ်တွေက ပြည့်ရုံမကလို့ လျှံတောင်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဒါပေမယ့် အခုတော့ မသောက်သေးဘူးနော်၊ အဖုံးလေး ပြန်အုပ်ထားလိုက်မယ်"

သူမ အပြောနှင့် လုပ်ရပ်ကိုကြည့်ပြီး သူက အသံမထွက်ဘဲ ရယ်သည်။ မဟုတ်ဘူး။ ရယ်တာမဟုတ်ဘူး။ မှားလို့။ သူ အားရပါးရ ပြုံးလိုက်တာပါ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညက အိပ်မက်အကြောင်းကို စဉ်းစားလိုက်တာနဲ့ အပြင်မှာတောင် ကျွန်မ ရင်တွေ ခုန်နေမိတယ်။ အိပ်မက်ထဲမှာ လူမိုးခါးက ကျွန်မကို **propose** လုပ်သတဲ့လေ။ **propose** လုပ်တာတောင် ရိုးရိုးလုပ်တာ မဟုတ်ဘူး။ နှင်းဆီပန်းတွေ အများကြီးနဲ့ သူ ပြောခဲ့တဲ့ စကားတွေကလည်း အရမ်းသစ်တာပဲ။ အပြင်မှာသာ အဲဒီလို တကယ်ကြုံရရင် နေရာမှာတင် ကျွန်မလဲသေသွားလောက်တယ်။ ဒါပေမယ့် ကြုံလာ စရာလည်း အကြောင်းတော့မရှိပါဘူး။ ကျွန်မနဲ့ လက်တွဲမယ့် မင်းမာန်ထက် ဆိုတဲ့ စီးပွားရေးသရဲက ဒါမျိုးတွေ ဝါသနာမပါဘူး ဆိုတာ မေးနေစရာ မလိုဘူး။ သိပြီး သား။ ကျွန်မ အခုလို အိပ်မက်မျိုး မက်တယ်ဆိုတာ သိရင်တောင် လှောင်လိုက်မယ့် ဖြစ်ခြင်း။

ဘာပဲဖြစ်ဖြစ်ပါလေ... ကျွန်မကတော့ ဒီအိပ်မက်လေးကို အရမ်းပဲ စွဲလမ်းနေမိပြီ။ ဒီထူးဆန်းတဲ့ အိပ်မက်လေးကို နောက်ထပ် ဆက်မက်နေဦးမလားဆိုတာကိုလည်း အရမ်းစိတ်ဝင်စားတယ်။ ကျွန်မရဲ့ အိပ်မက်ခြင်းတွေထဲမှာ ဒီအိပ်မက် လေးနဲ့ ထပ်ပြီးဆုံချင်သေးတယ်။ ပြီးတော့ ကျွန်မ စိတ်အဝင်စားဆုံးတာ



www.burmeseclassic.com

www.burmeseclassic.com



'အိပ်မက်ထဲက ကျွန်မ' ကိုပဲ။ အိပ်မက်ထဲက ကျွန်မဟာ အိပ်မက်ထဲက လူမိုးခါး ဆိုတဲ့ ယောကျ်ားတစ် ယောက်ရဲ့အချစ်ကို ဘယ်လိုတုံ့ပြန်မလဲဆိုတာ အရမ်းပဲ သိချင်တယ်။ ဒါကြောင့် ဒီအိပ်မက်ကို သေချာပေါက် ဆက်မက်ပါစေလို့ ဘုရားမှာ ဆုတောင်းရဦးမယ်။

ရှိစေကာသုကာမြဲသာ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

လက်ရာမြောက်လှနေသော ဓာတ်ပုံများကိုကြည့်ကာ သူက သဘောအကျကြီး ကျနေမိသည်။ အိစက်၏ ပုံရိပ်များက ဓာတ်ပုံထဲတွင် ပန်းကလေးတစ်ပွင့် လေလွင့်သည့်အလား ထင်မှတ်ရလေသည်။ ဓာတ်ပုံများက သူမခြံတံခါးဝမှ ထွက်လာသည်မှစ၍ ကော်ဖီဆိုင်လေးဆီသို့ ရောက်သည်အထိ နှင်းဆီပန်းများကို ကောက်ယူနေပုံများ၊ နှင်းဆီပန်းများကို နမ်းရှိုက်ရင်း လမ်းလျှောက်နေပုံများ စသဖြင့် လမ်းတစ်လျှောက် သူမ၏ လှုပ်ရှားမှုများကို အမိအရ ရိုက်ယူထားတာဖြစ်သည်။ ပြီးတော့ ဆိုင်ထဲမှာ သူနှင့် သူမ မျက်နှာချင်းဆိုင် စကားပြောနေပုံများလည်း ပါဝင်၏။ သူက လှထူး၏အကူအညီဖြင့် မနေ့ညက အဖြစ်အပျက်ကို သူမ မသိအောင် အသေးစိတ် ရိုက်ယူထားတာဖြစ်သည်။

"ဘယ်လိုလဲ ... မိုက်ရဲ့လား"

"မိုက်တယ်ကွာ၊ တကယ်ပဲ မင်းလို ဓာတ်ပုံဆရာတစ်ယောက်ကို သူငယ်ချင်းတော်ထားရတာ ဒီနေ့မှ အရမ်းတန်မှန်း သိသွားတယ်၊ ဟား၊ ... ဟား"

"ဒါနဲ့ မင်းက ဒီပုံတွေကို ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"photo album ထဲမှာ ထည့်ပြီး အိစက်ရဲ့ မွေးနေ့ကျရင် လက်ဆောင်ပေးမှာလေ၊ သူ လုံးဝထင်မှတ်မထားတဲ့ လက်ဆောင်လေး၊ surprise ! ပဲ"

သူ့စကားကြောင့် လှထူးက ပြုံးသည်။ ဒင်းအပြုံးက ဘာမှမပါတဲ့ အပြုံးမဟုတ်။ အဓိပ္ပာယ်တစ်ခုခု စွတ်နေတဲ့ အပြုံးမျိုး။

"မင်းက ဘာပြုံးတာလဲ"

"သဘောကျလို့ပါ"

"ဘာကိုလဲ"

"မင်းကိုပေါ့ကွ၊ မချစ်တတ်ခင်တုန်းကတော့ မခုတ်တတ်တဲ့ကြောင်လိုလို ဘာလိုလိုနဲ့၊ ချစ်လည်း ချစ်တတ်လာရော ဉာဏ်နီဉာဏ်နက်တွေက ဘယ်ကထွက်လာမှန်းကို မသိဘူး၊ မင်းလုပ်ရပ်တွေကြည့်ပြီး ငါတောင် မင်းကို ကြွေချင်လာပြီ"

"နိုး ... နိုး ... နိုးပါ၊ မင်း ကြွေစရာမလိုဘူး၊ အိစက်ကြွေဖို့ပဲ လိုတာ၊ ပြီးတော့ ငါက ဉာဏ်များတာမဟုတ်ဘူး၊ မင်းပြောခဲ့သလိုရင်ဘတ်စကား ပြောတတ်လာတာ၊ ဒါတောင် ပီပီသသကြီး ပြောတတ်တာ မဟုတ်ဘူးနော်၊ အခုမှ မပီကလာပီကလာလေးပဲ ပြောသေးတယ်"

"အောင်မလေးဗျာ၊ မပီကလာ ပီကလာမို့သာ တော်တော့တယ်၊ မင်းရင်ဘတ်က စကားပြောတာ rupper တွေ rapping ရွတ်သလိုများ ရွတ်တတ်လာရင် မတွေးဝံ့စရာပဲ ..."

နှစ်ယောက်သား ရယ်မိကြသည်။ ရောက်နေတာ သူ့ရဲ့ကုမ္ပဏီရှိ သီးသန့်ခန်းထဲမှာဖြစ်ပြီး မနေ့က ရိုက်ထားသော ပုံများကိုအာ ချင်းကူးကာ လှထူးက လာပို့ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦး၊ မင်းက ဒီကောင်မလေးကို ဘယ်လောက်အထိ ရည်ရွယ်ထားတာလဲ"

"တစ်သက်လုံးအတွက်၊ တစ်ဘဝလုံး ပုံအောပြီးတော့ ချစ်သွားမှာလေ"

သူ့ရဲ့ မဆိုင်းမတွဖြေလိုက်သံအဆုံးမှာ လှထူးရဲ့ မျက်ခုံးတွေက အပေါ်ကို ပင့်တက်သွားကြသည်။ သူကတော့ သူ့အဖြေအတွက် သူ လိပ်ပြာလုံပါသည်။ တစ်သက်မှာတစ်ခါ စစ်မှန်စွာဖြစ်ပေါ်လာသော အချစ်များကို သူ့နှလုံးသား ဦးညွှတ်သော မိန်းကလေးတစ်ယောက်တည်းထံမှာသာ ပုံအောပေးပစ်လိုက်ချင်တာ သူ့ဆန္ဒပင်ဖြစ်သည်။ သူ့အချစ်က မှတ်ကျောက်အတင်ခံနိုင်သော အချစ်ဖြစ်ပါသည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

မီးဝါကို လွှတ်လိုလွှတ်ငြား လီဗာကို နည်းနည်းဖိနင်းလိုက်ပေမယ့် မရတော့ချေ။ မီးနီက ဖျတ်ခနဲ ပွင့်လာသည်။ ချောချောက စိတ်ပျက်သွားသဖြင့် စုတ်တစ်ချက်သပ်ကာ စတီရာရင်ကို လက်သီးနှင့် ထိုးလိုက်မိသည်။

ထိုအခိုက်မှာပင် သူမကားဘေးသို့ ငွေမင်ရောင်ပဲ ပြောရမလား၊ မီးခိုးရောင်ပဲ ပြောရမလားမသိသော လင်ခရူဆာကားကြီး တစ်စီးက ထိုးဆိုက်လာလေသည်။ ကားကြီးက တောက်ပြောင်ကာ ဟီးနေ၏။ သူမကားက ရိုးရိုး ဗင်(န်)ကားအပုလေးမို့ ထိုကားကြီးကို မော့ကြည့်ရလေသည်။

ထိုသို့ ကြည့်နေတုန်းမှာပင် လင်ခရူဆာကားကြီး၏ တင်ထားသော ကားရှေ့ခန်းတံခါးမှန်က လျှောခနဲ ပွင့်သွားလေတော့၏။ ထို့ကြောင့် သူမက အကြည့်ကို ရှေ့သို့အမြန်ပို့ကာ လွှဲရလေသည်။ သို့ပေမယ့် ယောကျ်ားတစ်ယောက်၏ မျက်နှာကို သူမ မျက်လုံးထဲ၌ ရိပ်ခနဲ တွေ့လိုက်ရလေသည်။ သူမစိတ်ထဲမှာ မသိုးမသန့်ကြီး ခံစားလိုက်ရ၏။

ဒါကြောင့် ထိုယောကျ်ား၏ မျက်နှာကို အသေအချာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိတော့သည်။ သေချာတယ် ... ဒီမျက်နှာကို မြင်ဖူးတယ်၊ ဘယ်မှာမြင်ဖူးတာပါလိမ့်။ ရင်းရင်းနှီးနှီး မြင်ဖူးထားတာ။

သူမ အသည်းအသန် စဉ်းစားပေမယ့် မရ။ ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ မြင်ဖူးခဲ့တယ်ဆိုတာကို ဘယ်လိုမှ ပုံဖော်လို့မရချေ။

ထိုအချိန်မှာပင် မီးစိမ်းသွားသဖြင့် လင်ခရူဆာကားကြီးက ဆေါခနဲ မောင်းထွက်သွားတော့သည်။ သူမကတော့ ကားကို ခပ်ဖြည်းဖြည်းသာ မောင်းထွက်လာခဲ့ရင်း အတွေးအာရုံထဲမှာ မျောလာခဲ့သည်။ ထိုသို့ စဉ်းစား မျောလွင့်နေတုန်းမှာပဲ သူမ ဖုန်းကမြည်လာသဖြင့် ကြည့်လိုက်တော့ အိစက်ဆီက။ အိစက် ...။

"ဟင် ..."

ပန်းချီပုံတစ်ခုကို ဖျတ်ခနဲ ပြေးမြင်မိစဉ်မှာ ခြေထောက်က ယောင်ရမ်းပြီး ကားဘရိတ်ကို နင်းမိမလိုတောင် ဖြစ်သွားရတော့သည်။ ဟုတ်တယ်။ ခုနက မျက်နှာ ... ခုနက မျက်နှာကို အိစက်ရဲ့ အခန်းနံရံပေါ်က ခဲပန်းချီကားထဲမှာ မြင်ဖူးခဲ့တာ။ ဟာကွာ ... ဘာလို့ ချက်ချင်း မမှတ်မိခဲ့ရတာလဲ။

သူမက အခုမှ လင်ခရူဆာကားကြီးကို အသည်းအသန် ပြန်ရှာမိသည်။ ဒါပေမယ့် ထိုကားကြီးက အစအနပင် မတွေ့ရတော့အောင် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမက အိမ်ရှေ့ရှိ ပန်းအိုးထဲကို မြေဆွေးများ ထည့်နေတုန်းမှာပဲ ချောချော ကားက ပေါ်တီကိုအောက်မှာ ရပ်သွားသည်။ သူမက ချောချောကို တစ်ခုခုပြောဖို့ ပြင်တုန်းမှာပဲ ချောချောက ကားတံခါးကို ကမန်းကတန်း ဝုန်းခနဲ ဆောင့်ပိတ်လိုက်ကာ ...

"အရေးကြီးတယ်၊ အရေးကြီးတယ် ... လာ လာ"

ဟုဆို၍ ရှေ့ကနေဦးအောင် အိမ်ထဲဝင်သွားလေသည်။ ပြီးနောက် ချောချောက ဧည့်ခန်းထဲမှာတင် ရပ်နေတာမဟုတ်။ ဧည့်ခန်းကိုဖြတ်ကာ အပေါ်ထပ်က မိမိ၏အိပ်ခန်းဆီသို့ တဝုန်းဝုန်း ပြေးတက်သွားတာဖြစ်သည်။ ထို့ကြောင့် သူမပါ နောက်ကနေ ဘုမသိ ဘမသိဖြင့် ပြေးလိုက်လာခဲ့မိတော့၏။ အခန်းထဲရောက်တော့ ချောချောကို နံရံမှာ ကပ်ထားသည့် ခဲပန်းချီရှေ့မှာ ရပ်နေသော အနေအထားဖြင့် တွေ့လိုက်ရသည်။ ချောချောက ခဲပန်းချီကို ပြူးပြဲကြည့်နေရာမှ ...

"ဒီမျက်နှာပဲ ... ဒီမျက်နှာမှ ဒီမျက်နှာအစစ်"

ဟု စိတ်လှုပ်ရှားသော အသံဖြင့် ပြောလာသည်။ သူမကတော့ နားမလည်နိုင်စွာဖြင့် ချောချော အနား လျှောက်သွားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာတွေဖြစ်လာတာလဲ ... ပြောစမ်းပါဦး၊ အမောတကော နဲ့"

"ငါ လူတစ်ယောက်ကို တွေ့လာတယ်ဟဲ့"

"လူတစ်ယောက် ?၊ ဘယ်ကလူလဲ"

"ဒီ ... ဒီပန်းချီထဲကလူ"

ချောချော စကားကြောင့် အိစက်က နံရံမှာကပ်ထားသော ခဲပန်းချီကို ကြည့်လိုက်ပြီးမှ ...

"ဟဲ့ ... အဲဒါ ငါ့အိပ်မက်ထဲက လူလေ၊ အပြင်မှာမှ တကယ်မရှိ တာ၊ နင် ရူးနေလား"

"ဩော် ... စကားပြော လောသွားလို့ပါဟယ်၊ ငါပြောတာ သူနဲ့ တူတဲ့ လူတစ်ယောက်ကို အခု ငါတွေ့လာတယ်လို့ ပြောတာ"

"ဒါများဟယ်၊ နာမည်တူမရှား၊ လူတူမရှားတဲ့၊ ဆိုရိုးစကားတောင် ရှိသေး တယ်"

"ဟဲ့ ... အဲဒါက အပြင်မှာတကယ်ရှိတဲ့လူတွေ တူတာလေ၊ အခု ဟာက နင့်အိပ်မက်ထဲကလူနဲ့ အပြင်ကလူနဲ့ တူနေတာ၊ ဘယ် လောက် ထူးဆန်းလဲ"

ဒီတော့မှ သူမ တွေခနဲဖြစ်သွားရသည်။ ပြီးနောက် ခဲပန်းချီ ကိုကြည့်ရင်း ခုတင်စွန်းမှာ ဝင်ထိုင်လိုက်ကာ ...

"တော်တော် တူလို့လား ..."

ဟု မေးတော့ ချောချောကပါ သူမဘေးမှာ ဝင်ထိုင်လာပြီး ...

"တူတယ် ... တူတယ်၊ တူတာမှ ချွတ်စွတ်ကိုတူတာ၊ ဟိုလူကို ကြည့်ပြီး ဒီပုံကို ဆွဲထားတဲ့အတိုင်းပဲ"

"အဲဒီလောက်တောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ အဲဒီလောက်တောင်ပဲ၊ ငါမို့လို့သာပေါ့၊ ငါ့နေရာမှာ နင်သာဆိုရင် နေရာမှာတင် နှလုံးခုန်ရပ်ပြီး သေသွားနိုင်တယ်"

"သူဘယ်မှာနေတယ်ဆိုတာ နင်မကြည့်ခဲ့ဘူးလား၊ ငါတွေ့ချင်လိုက်တာ"

"ငါလည်း စိတ်ကူးရလို့ လိုက်ကြည့်မလို့ပဲ၊ ဒါပေမယ့် သူ့ကားက ဘယ်ရောက်သွားမှန်းကို မသိလိုက်ဘူး"

ခဲပန်းချီကိုကြည့်ရင်း သူမ၏ နှလုံးခုန်သံတွေ မြန်လာသည်။ တကယ်ပဲလား။ လူမိုးခါးနှင့် တူတဲ့လူတစ်ယောက် တကယ်ပဲအပြင်မှာ ရှိနေခဲ့သလား။ ကံကြမ္မာက ဒီလောက်အထိတောင် ဆန်းကြယ်ရသတဲ့လား ကွယ်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

ပြချက် (၁၀)

အိစက်က နေ့ဘက်တွေကို ဘယ်တွေသွားဖြစ်လဲ၊ အိမ်ထဲမှာပဲ နေတာလား"

"အင်း ... များသောအားဖြင့်ကတော့ အိမ်မှာပဲရှိပါတယ်၊ တစ်ခါတလေကျတော့လည်း ဖေဖေ့အလုပ်ထဲမှာ သွားကူရတယ်၊ တစ်ခါတစ်ရံကျတော့လည်း မေမေနဲ့ ဈေးဝယ်လိုက်ပေးရတယ်၊ ဒီလောက်ပါပဲ၊ ကျန်တဲ့အချိန်ကတော့ အိမ်မှာပဲရှိနေတာပေါ့"

"မပျင်းဘူးလား"

"မပျင်းပါဘူး၊ အိစက်က ဒီလိုပဲ နေတတ်တာလေ၊ လူကြားသူကြားထဲသွားရရင် စိတ်ရှုပ်တယ်"

"ဒါနဲ့ အိစက်ရဲ့ မွေးနေ့ ကိုယ့်ကို ပြောပြပါလား ..."

"ဘာလုပ်ဖို့လဲ ..."

"သိချင်လို့ပေါ့"

"လေးလပိုင်း (၁၂) ရက်နေ့"

သူမ စကားကြောင့် သူက 'လေးလပိုင်း (၁၂) ရက်' ဆိုတာကို ထပ်ကာထပ်ကာ ရေရွတ်ကြည့်နေရင်းမှ ...

---



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒါဆို မွေးနေ့ရောက်ဖို့က အဝေးကြီး လိုသေးတာပဲ၊ အခုမှ ကိုးလပိုင်းဆိုတော့ ခုနစ်လကြီးများတောင် စောင့်ရဦးမှာနော်"

သူ့မျက်နှာက စိတ်ပျက်သလို ရှုံ့မဲ့သွား၏။ သူမ ထင်တာ မလွဲဘူးဆိုလျှင် သူက မိမိကို မွေးနေ့လက်ဆောင်တစ်ခုခုပေးမလို့ ဖြစ်ပါလိမ့်မည်။ ဒါပေမယ့် သူမ တစ်ခါမှ မွေးနေ့ပွဲမလုပ်ဖူးပါ။ ဆယ်ကျော်သက်အရွယ်မှာ မိဘတွေက မွေးနေ့ပွဲလုပ်ပေးမယ်ဆိုတာကိုတောင် သူမက ငြင်းဆန်ခဲ့တာ ဖြစ်သည်။ လူရှုပ်ရှုပ်ရှိလျှင် မနေတတ်သော သူမက ပွဲလမ်းသဘင်ကို တတ်နိုင်သမျှရှောင်ခဲ့တာဖြစ်သည်။ ထို့ကြောင့် နှစ်စဉ် မွေးနေ့ရောက်တိုင်း မွေးနေ့ပွဲကျပင်းပလျှင် ကုန်မည့်ငွေများကို မိဘမဲ့ ဂေဟာတို့၊ ဘိုးဘွားရိပ်သာတို့မှာ လှူဒါန်းပြီး ကုသိုလ်ယူခဲ့တာချည်းပင်။ အခုလို အသက်နှစ်ဆယ်ကျော်လာချိန်မှာတော့ မွေးနေ့ပွဲလုပ်ဖို့ကိုသာလို့တောင် စိတ်မကူးမိတော့ချေ။

စေ့စပ်ပွဲတုန်းကတောင် သူမ ဘယ်လိုမှ ငြင်းဆန်မရသောကြောင့် အကြီးအကျယ် ပွဲလုပ်ဖြစ်ခဲ့တာ။ စေ့စပ်ပွဲဆိုမှ မင်းမာန်ထက်က အတွေးထဲ ရောက်လာပြန်သည်။ ပြီးတော့ လူမိုးခါး။ မိမိနှင့် မင်းမာန်ထက် ကိစ္စကို မိုးခါး မသိသေး။ မိမိမှာ စေ့စပ်ထားတဲ့လူတစ်ယောက် ရှိနေတယ်ဆိုတာကိုသာ မိုးခါး သိသွားလျှင် ဘာတွေဖြစ်လာမည်နည်း။ ဒါကိုတွေးလိုက်မိတော့ သူမ တုန်လှုပ်သွားသည်။ ဒါပေမယ့် သူမမှာ နောက်ဆုတ်ချင်သော စိတ်လည်း ရှိမနေပေ။ မိုးခါးထံမှာ ဝန်မခံရသေး ပေမယ့်လို့ သူမစိတ်တို့ကတော့ မိုးခါးထံမှာ ငြိတွယ်နေခဲ့ပြီဖြစ်သည်။ ဒါဟာ သူမအတွက် ဘဝတစ်သက်တာမှာ ပထမဦးဆုံး ဖြစ်တည်လာခဲ့သော ခံစားချက်ကလေး ဖြစ်သည်။ ဒီခံစားချက်ကလေးကို ဆုံးရှုံးသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သူမကြောက်ပါသည်။ ထို့ကြောင့် ဖြစ်နိုင်သမျှ ဖက်တွယ်ထားချင်ပါသည်။ ဒီအတွက် မင်းမာန်ထက် အပါအဝင် သူမမိဘ အသိုင်းအဝိုင်းတို့နှင့် တိုက်ပွဲဝင်ရမည်ဆိုလျှင်လည်း သူမမှာ ရှိသမျှအားနှင့် ရန်းကြည့်ချင်ပါသည်။

"ကိုယ့်မှာ စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ယောက် ရှိတယ်၊ အိစက်နဲ့ သူ့ကို မိတ်ဆက်ပေးချင်လို့ အိစက် အဆင်ပြေမယ့် တစ်နေ့နေ့ ကိုယ်တို့ နေ့လယ်ဘက် တွေ့ရအောင်လေ ... နော် အိစက်"

"နေ့ဘက် ..."

"အင်းလေ ... နေ့ဘက်၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... မဖြစ်ဘူး ... မဖြစ်ဘူး"

သူမက ခေါင်းကိုသွက်သွက်ခါအောင် ရမ်းမိသည်။ နေ့ဘက်တွေ့လျှင် ပြဿနာတက်နိုင်သည်။ မင်းမာန်ထက်နှင့် ဆုံမိလျှင် ရှင်းရခက်ပေလိမ့်မည်။ မင်းမာန်ထက်နှင့် ထိပ်တိုက်မတွေ့လျှင်တောင် သူ့လက်အောက်က လူတွေနှင့်တွေ့လျှင် မခက်ပါလား။ မင်းမာန်ထက်၏ ဝန်ထမ်းတော်တော်များများက မိမိကို သိထားကြပြီးသား။ သူတို့ဆရာကို မျက်နှာလိုမျက်နှာရ သွားပြောလျှင် ဘယ်လိုလုပ်မည်နည်း။ မင်းမာန်ထက်က ခပ်ရစ်ရစ်နှင့် ရှင်းပေရော့ပဲ။ ပြီးတော့ နှစ်ဖက်အသိုင်းအဝိုင်းက လူတွေကလည်း ရှိသေးသည်။ တစ်ယောက်ယောက် တွေ့သွားလျှင်။

မဖြစ်ပါဘူး။ ပြဿနာဆိုတာ မဖြစ်ခင်က ကြိုကာထားမှ တော်ကာကျတာ။

"ဘာဖြစ်လို့လဲ အိစက်ရဲ့၊ ဘာအဆင်မပြေလို့လဲ ..."

"ဒီ ... ဒီလိုအကြောင်းရှိတယ်၊ ဒီကိစ္စကို နောက်မှ အိစက် သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာ ရှင်းပြမယ်နော်၊ အခုရှင်းပြနေရင် မိုးလင်းသွားလိမ့်မယ်၊ နေ့ဘက်တော့ မတွေ့ချင်သေးဘူး မိုးခါးရယ်၊ ဒီလိုညဘက်မှာ တွေ့လည်း ဖြစ်တာပဲဟာ၊ မိုးခါးသူငယ်ချင်းကို နောက်ညတွေကျ ရင် ခေါ်လာခဲ့လေ ... နော်"

သူက ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ရပါတယ်၊ အိစက် အဆင်ပြေသလိုပေါ့၊ ကိုယ်တို့က ဘယ်လို ဖြစ်ဖြစ် ပြဿနာမရှိပါဘူး၊ တစ်ခုတော့ ရှိတယ်၊ အိစက်မှာ ဘယ်လိုအခက်အခဲပဲရှိရှိ ကိုယ့်ကိုပြောပြပါနော်၊ ကိုယ် အစွမ်းရှိ သမျှ ဖြေရှင်းပေးပါ့မယ်"

သူမက ပြုံးကာ သူ့ကို ခေါင်းညိတ်ပြလိုက်မိသည်။ ထို့နောက် ခဏအကြာမှာတော့ သူမတို့ ပိုက်ဆံရှင်းကာ ပြန်လာခဲ့ကြ၏။ သူက သူမတို့ လမ်းထိပ်ရောက်အောင် လိုက်ပို့ပေးအပြီးတွင် ...

"အိစက် ... ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲဟင်၊ ကိုယ် ဘယ်လောက်ကြာအောင် စောင့်ပေးရမှာလဲ"

ဟု မေးလာတော့သည်။ ထိုအခါ သူမက သူ့ကို အနွေးထွေး အချိုမြဆုံး ပြုံးပြလိုက်ကာ ...

"ကျွန်မ သူများတွေလို အချိန်တစ်ခု သတ်မှတ်မပေးချင်ဘူး၊ ကျွန်မထင်တာတော့ အချစ်ကအချိန်နဲ့မဆိုင်ဘူး မိုးခါးရဲ့၊ ကျွန်မ ရင်ထဲမှာ ရှင့်အတွက် စစ်မှန်တဲ့ အချစ်တစ်ခု ဖြစ်တည်လာတဲ့ အချိန်ကျရင် ကျွန်မ ရှင့်ကိုပေးမှာပါ၊ အဲဒီအချိန်ဟာ နောက် တစ်နာရီလောက်အကြာမှာလည်း ဖြစ်နိုင်သလို နောက်တစ်နှစ် လောက်နေမှလည်း ဖြစ်နိုင်တယ်၊ ဖြစ်ချင်မှလည်း ဖြစ်လာလိမ့်မယ်၊ ဒါပေမယ့် ကျွန်မရင်ထဲမှာ ရှင်နဲ့ပတ်သက်ပြီး ခံစားချက်တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်၊ ဒါဟာ ကျွန်မ အရိုးသားဆုံး ဝန်ခံတာနော်၊ ဒီခံစား ချက်ဟာ အချစ်လား၊ ဒါမှမဟုတ် ခဏတာငြိတွယ်မှုလားဆိုတာကို တော့ ကျွန်မ သေချာအောင် ဆန်းစစ်ပါရစေဦး"

"ကိုယ် စောင့်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ သိထားပေးပါ၊ တချို့က ပြောကြတယ်၊ ယောကျ်ားတွေဟာ မိန်းမတွေရဲ့ အချစ်ဦး ဖြစ်ချင်ပြီးတော့ မိန်းမတွေကျတော့ ယောကျ်ားတွေရဲ့ နောက်ဆုံး အချစ် ဖြစ်ချင်တယ်တဲ့၊ အိစက်အတွက် ကိုယ်ဟာ ဘယ်လိုအနေ အထားမှာ ရှိတယ်ဆိုတာ ကိုယ်မသိနိုင်ပေမယ့်လို့ ကိုယ့်အတွက် တော့ အိစက်ဟာ ကိုယ့်ရဲ့ ပထမဆုံးပါ၊ ပြီးတော့ နောက်ဆုံးလည်း ဖြစ်ချင်ပါတယ်"

သူ့စကားအဆုံး ကြယ်တွေက နဂိုထက် ပိုလင်းလာသလို ပင်။ လမင်းကြီးကလည်း ပြုံးလိုက်သလားလို့။ ရင်ထဲက နှလုံးသားကလည်း ကဗျာတစ်ပုဒ်ကိုများ စည်းချက်ကျကျ အသံထွက် ရွတ်ပြနေသလားလို့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညကလည်း ကျွန်မ အိပ်စက် မက်ပြန်တယ်။ အိပ်မက်ထဲမှာ ကျွန်မနဲ့ သူ စကားတွေအကြာကြီး ပြောကြတယ်။ အဲဒီမှာ သူက ကျွန်မကို နေ့ ဘက်မှာ တွေ့ချင်တယ်တဲ့။ ကျွန်မ ဘယ်လောက် လန့်သွားတယ်ထင်လဲ။ သူ့ စကားကိုကြားတော့ အိပ်မက်ထဲမှာ ကျွန်မ တော်တော်တုန် လှုပ်သွားတာများ အပြင်မှာတကယ်ဖြစ်နေတဲ့အတိုင်းပဲ။ ပြီးတော့ ကျွန်မဆီက သူလိုချင်တဲ့အဖြေကို တောင်းတယ်။ ဒါပေမယ့် ကျွန်မက မပေးလိုက်သေးပါဘူး။ အိပ်မက် ထဲမှာတောင် ကျွန်မဟာ အရာရာကို တွေးပူနေတတ်တဲ့ ခပ်တုံးတုံး မိန်းမတစ်ယောက်ဆိုတဲ့ ပုံစံခွက်ထဲက ရုန်းမထွက်နိုင်သေးဘူး။

ကိုစက်သက်ဝေ

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ပြချက်(၁၁)

"အိစက် … ဒါ ကိုယ်ပြောတဲ့ ကိုယ့်သူငယ်ချင်း လှထူးဆိုတာလေ၊ လှထူး … ငါ ငါပြောတဲ့ အိစက်ပဲ"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ် … ကျွန်မလည်း ဝမ်းသာပါတယ်"

သူက လှထူးနဲ့ အိစက်ကိုက မိတ်ဆက်ပေးလိုက်သည်။ အိစက်အတွက်တော့ လှထူးကို အခုမှ မြင်ဖူးတာဆိုပေမယ့်လို့ လှထူးက တော့ အိစက်ကို တွေ့ဖူးပြီးသားပါ။ သူပြောပြထားလို့ အိစက်အကြောင်း တွေကို သူ့လောက်နီးနီး သိထားပြီးသား။

"မင်း ငါ့ကိုလိမ်တယ် မိုးခါး"

"ဟင် … ငါ မင်းကို ဘာလိမ်လို့လဲ"

"မင်းပြောတော့ အိစက်က လှတယ်ဆို"

"အေးလေ၊ မလှဘူးလား"

"ဘယ်ကလာ၊ ကမ္ဘာပေါ်မှာ အလှဆုံးလို့ ပြောရမှာလေ"

စစချင်း လှထူးရဲ့ အရွှန်းဖောက်စကားကြောင့် အိစက်က အားရပါးရ ရယ်လိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဒီဝိုင်းကို အိစက် ရှင်းမှာပါနော်၊ သိပ်မြှောက်မနေပါနဲ့"

"ဟာ ... တကယ်ပြောတာနော်၊ နောက်နေတာမဟုတ်ဘူး"

"အင်း ... ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ကျွန်မကို တွေ့လိုက်တဲ့ လူတိုင်းက ဒီလိုပဲ ပြောကြတာများတယ်၊ ဟင်း ... ဟင်း"

အိစက် စကားအဆုံး အားလုံး ရယ်လိုက်မိကြသည်။ သူမကလည်း ခေသူမဟုတ်။ အရွှန်းပြန်ဖောက်တတ်သည်။

"တကယ်ပြောတာ၊ ကျွန်တော်က ဓာတ်ပုံဆရာဆိုတော့ အလှအပကို မြင်တတ်တယ်၊ အိစက်ရုပ်ရည်က မင်းသမီးလုပ်စားလို့တောင်ရတယ်၊ ဒါကြောင့် ကျွန်တော့်ကောင်ကြီးက ရူးနေတာနေမှာ"

လှထူးစကားကြောင့် အိစက်အကြည့်က မိုးခါးဆီ ရောက်လာသည်။ သူကတော့ လှထူးရဲ့ ပေါ်တင်ကြီး ပို့ပေးမှုကို သဘောကျစွာ ပြုံးမိရသည်။

"အိစက် ... ဒီကောင်ကြီးကို စဉ်းစားနေတာ မဟုတ်လား"

"ဟုတ်တယ် ..."

"စဉ်းစားမနေနဲ့၊ ဒီကောင်ကြီးက ရည်းစားတောင် တစ်ခါမှထားဖူးသေးတာ မဟုတ်ဘူး၊ အိစက်ကို တွေ့မှ သိဝိမင်းကြီး ဥမ္မာဒန္တီကို မြင်သွားသလို စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်ဖြစ်နေတာ၊ ကြာရင် ဒီကောင်ရူးလိမ့်မယ်၊ အဲ့ဒါကြောင့် အချိန်တွေအကြာကြီး ဆွဲမနေပါနဲ့ဗျာ၊ ဒီကောင်ကြီးအတွက် ကျွန်တော် အာမခံပါတယ်"

"အောင်မယ် ... သူ့သူငယ်ချင်းဘက်က ရှေ့နေလိုက်ပေးနေလိုက်တာများ၊ ဟွန်း ... ပြောတိုင်း ယုံစရာလား"

"အပြောမဟုတ်ပါဘူးဗျာ၊ လက်တွေ့သိရမှာပါ၊ မယုံရင် အစမ်းချစ်ကြည့်လိုက်လေ၊ ကျေနပ်ပြီဆိုမှ အစိန် ချစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ..."

လှထူးနဲ့ အိစက်တို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ချောင်ပိတ်အောင် စကားစစ်ထိုးနေတော့ သူ့မှာ ဘာမှဝင်မပြောသာ။ အသာဘေးထွက်နေနေရတော့သည်။

"စကားပြောရတာတော့ ကောင်းတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်မှာ ဒီနေ့ည အပြီးကူးရမယ့်ပုံတွေ ရှိနေလို့ ပြန်မှဖြစ်မယ်၊ ကျွန်တော်က ကျွန်တော့်ဘော်ဒါကြီး အရမ်းရှူးနေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ချင်၊ ခင်ချင်လို့သာ ရောက်အောင်လာခဲ့တာ၊ ကဲ ... အိစက် ကျွန်တော့်ကို သွားခွင့်ပြုဦး၊ နောက်တော့မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

"ကဲ ... မိုးခါး၊ ငါသွားဦးမယ်"

"အေး ... အေး ..."

လှထူးက နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး ထွက်သွားသည်။ တကယ်တော့ လှထူးမှာ ဘာခေတ်ပုံ ကူးစရာမှ ရှိမနေပါ။ မိမိတို့ နှစ်ယောက်ကို တစ်နေရာရာကနေ ကင်မရာတစ်လုံးဖြင့် ခေတ်ပုံတွေ ရိုက်ယူနေပါလိမ့်မည်။

သူနှင့် သူမက နောက်ထပ် နာရီဝက်လောင်ကြာသည်အထိ စကားတွေ ပြောကြသည်။ နောက်တော့ ထုံးစံအတိုင်း သူက သူမကို ပြန်လိုက်ပို့ရသည်။ ဒီတစ်ခါတော့ သူက သူမတို့အိမ်ရှေ့အထိ လိုက်ပို့ပေးလိုက်သည်။

သူမက ခြံထဲဝင်သွားပြီး တံခါးကို သော့ခတ်လိုက်တော့ သူကလည်း လာရာလမ်းအတိုင်း ပြန်ဖို့လှည့်အထွက် ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးခါး ..."

ဟူသော သူမခေါ်သံကြောင့် သူက သူမကို ပြန်လှည့်ကြည့်လိုက်မိသည်။

"ကျွန်မ ရှင့်နှလုံးသားထဲကို ခဏဝင်ကြည့်မယ်၊ သဘောကျမှ အပြီးနေမှာနော်၊ ကျွန်မ သဘောမကျစရာ တစ်ခုခုတွေ့တာနဲ့ တန်းပြန်ထွက်မှာ၊ အဲ့ဒါ ရှင့်ရဲ့ ဘယ်လောက်ချစ်ပြနိုင်သလဲဆိုတာ အပေါ်မှာပဲ မူတည်တယ်"

ပြောပြီး သူမက အိမ်ထဲပြေးဝင်သွားသည်။ သူ့မှာတော့ ထင်မှတ်မထားသော အချိန်မှာ သူမဆီက အဖြေစကားကို ကြားလိုက်ရတာမို့ ရင်ခုန်သံတွေ မြောင်းဆန်ကာကျန်ခဲ့သည်။ တော်တော်ကြာတဲ့အထိ ကိုယ့်နှလုံးသားကို ကိုယ် ပြန်မထိန်းနိုင်သေး။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညဂ၊ အိပ်မက်ထဲမှာတော့ ကျွန်မက လူမိုးခါးဆိုတဲ့လူကို အဖြေပေးလိုက်ပြီတဲ့။ ဘယ်လောက်ရှင်ခုန်တိမ်းမူးဖို့ ကောင်းသလဲ။ ပြီးတော့ ဘယ်လောက် အံ့သြဖို့ကောင်းသလဲနော်။ အိပ်မက်ထဲမှာ ကျွန်မက အချစ်ကို ချွတ်နှာသာ ပေးလိုက်သတဲ့လေ၊ ပြီးတော့ နှလုံးသားအတွက် သတ္တိတွေ ရှိနေလိုက်တာများ။ အပြင်မှာတော့ ဒီလိုသတ္တိမျိုး ကျွန်မမှာ ဘယ်တော့မှ ရှိလာမှာတော့တ်ဘူး။ အိပ်မက်ထဲ က ကျွန်မကိုယ်ကျွန်မ အားကျလိုက်တာ . . . ။

ဂီစက်သုက်ငြော

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် ချစ်သူဖြစ်ခဲ့ပြီးနောက်ပိုင်းတွင်လည်း သူနဲ့ သူမဟာ ညဘက် ကော်ဖီဆိုင်လေးထဲမှာ တွေ့ဖြစ်ကြတာများပါသည်။ သူက နေ့ဘက်တို့တွင် တွေ့ဖို့တောင်းဆိုသော်လည်း သူမက လက်မခံခဲ့ပါချေ။ ယုတ်စွအဆုံး သူမနှင့် ဆက်သွယ်၍ရနိုင်သော ဖုန်းနံပါတ်လေးတောင် မပေးပါချေ။ သူမမှာ သူမသိသေးသော အကြောင်းတစ်စုံတစ်ရာ ရှိနေတာကို သိသော်လည်း တစ်ချိန်မှာ သူမဘာသာ ပြောပြမည်ဆိုသဖြင့် သူက မမေးခဲ့ပါချေ။ သူ၏အချစ်စစ်မှန်မှုကို သူမ ခံစားမိအောင်သာ ကြိုးစားသက်သေပြနေခဲ့ပါသည်။

သူက သူမကို နေ့စဉ် နှင်းဆီပန်း တစ်ပွင့် တစ်ပွင့်ပေးကာ ချစ်တယ်ဟူသော စကားတစ်ခွန်းကို ပြောခဲ့တာဖြစ်သည်။ သို့သော်မယ့် ထိုအမေးကို ခဏခဏပြောသည်တော့ မဟုတ်ပါ။ သူမနှင့် တစ်ခါတွေ့လျှင် တစ်ကြိမ်သာပြောတာ ဖြစ်သည်။ ဒါပေမယ့် သူခံစားလို့ မရတာတစ်ခု ရှိပါသည်။ အဲဒါက ဘာလဲဆိုတော့ သူမက သူပေးသော နှင်းဆီပန်းများကို ပေးတုန်းအခိုက်သာ လက်ခံထားပြီး ပြန်လျှင် ယူမသွားတတ်ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိစက်က ကိုယ်ပေးတဲ့ ပန်းတွေကို ဘာလို့ယူမသွားဘဲ ထားထားခဲ့တာလဲ"

"အိစက်ကို မေမေတို့ တစ်ခုခု သံသယဖြစ်မှာစိုးလို့ပါ"

ဘာသံသယလဲဆိုတာကိုတော့ သူက မမေးခဲ့ပါချေ။ သူမစိတ်ကျဉ်းကြပ်မည့် အပြုအမူ၊ အပြောအဆိုများကို သူ့ဘက်က တတ်နိုင်သမျှ ရှောင်ခဲ့တာဖြစ်သည်။ ဒီအထဲတွင် သူမကိုယုံကြည်သော ယုံကြည်ခြင်းတွေကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေသောအခါ သူက အချစ်ကို မျက်စိမှိတ်၍ ခံစားနေခဲ့တော့တာ ဖြစ်သည်။ ချစ်သူကို မျက်စိမှိတ်ပြီး ယုံကြည်ပေးထားခြင်းသည်လည်း အချစ်စစ်၏ ဝိသေသလက္ခဏာ တစ်ရပ်ပင် မဟုတ်ပါလား။

ပြီးတော့ သူနှင့် သူမက ချစ်သူတွေသာ ဖြစ်နေသော်လည်း အခြားသော ချစ်သူစုံတွဲတွေလို ပလူးပလဲ ခပ်ကဲကဲအသွင်မျိုးလည်း မနေခဲ့ပါပေ။ တစ်ခါတလေ လက်ကလေးကိုင်ထားတာကလွဲ၍ မည်သို့သော အခွင့်အရေးမျိုးကိုမှလည်း သူ့ဘက်က မယူခဲ့။ ထိုအခါ သူနှင့် သူမ၏ ဆက်ဆံရေးမှာ ချစ်သူစုံတွဲဆိုတာထက် ရင်ဘတ်ချင်းနီးသော မိတ်ဆွေသူငယ်ချင်းအသွင်မျိုးနှင့်သာ ပို၍ဆင်တူနေခဲ့တာ ဖြစ်သည်။ သူ့အထင်ပြောရလျှင် 'ပလေတိုးနစ်လပ်(ဖ်)'ဆိုတာ ဒါမျိုးကို ပြောတာ ဖြစ်မည်ထင်ပါသည်။

တချို့ ညတွေကျတော့လည်း သူက ဂစ်တာတစ်လက်ကို ယူလာကာ သူမကို သီချင်းဆိုပြခဲ့ပါသည်။ တစ်ခါတလေကျတော့လည်း သူ၏ ပြိုင်ကားလေးကို အမိုးဖွင့်ကာ မြို့ထဲတစ်ပတ် ကားလျှောက်မောင်းကြပါသည်။ ပြီးတော့ ကားဘောနပ်ပေါ်မှာ တစ်ယောက်လက် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာထိုင်ရင်း ကြယ်တွေကို မော့ကြည့်ရေတွက်ရတာကလည်း ချစ်သူဘဝ၏ ကြည်နူးမှုတစ်ခုပင် ဖြစ်သည်။

"မိုးခါး … ရှင် ဟောဒီကြယ်တွေထဲမှာ ကြယ်တစ်လုံး ဖြစ်ရမယ်ဆိုရင် ဘာကြယ်ဖြစ်ချင်လဲ"

"ကိုယ်က ကြယ်မဖြစ်ချင်ဘူး၊ လမင်းကြီးပဲ ဖြစ်ချင်တာ၊ ကမ္ဘာမြေကို အလင်းရောင်တွေပေးတဲ့ လမင်းကြီးပေါ့၊ ကြယ်ဆိုတာက ကမ္ဘာမြေကို အကျိုးမှမပြုတာ"

"ဟင် … ကြယ်က ကမ္ဘာမြေကြီးကို အကျိုးမပြုဘူးလို့ ဘယ်သူပြောလဲ၊ ခုနစ်စဉ်ကြယ်ဆိုရင် ညဘယ်အချိန်ရှိပြီဆိုတာကို လူတွေသိအောင် ပြောပြနေတယ်၊ မူ၀ံကြယ်ဆိုရင်လည်း လူတွေကို အရပ်လေးမျက်နှာ ခွဲခြားလို့ရအောင် လမ်းညွှန်ပြနေတယ်၊ ဟိုးရှေးတုန်းကဆိုရင် ရေလမ်းခရီးသွားတွေဟာ မူ၀ံကြယ်ကိုကြည့်ပြီး လိုရာခရီးကို သွားခဲ့ကြရတာတဲ့၊ ကဲ … အဲဒါ ကြယ်တွေက ကမ္ဘာမြေကြီးကို အကျိုးပြုတာပဲပေါ့၊ အိစက်ကတော့ လမင်းကြီး မဖြစ်ချင်ပါဘူး၊ တစ်ယောက်တည်း ပျင်းစရာကြီးဟာကို၊ ကြယ်ကလေးတစ်ပွင့်ဖြစ်ရတာကမှ ကြယ်တွေအများကြီးနဲ့ ပျော်စရာကြီး၊ အိစက်ကတော့ မူ၀ံကြယ်ပဲ ဖြစ်ချင်တယ်၊ အမြဲတမ်း မြောက်အရပ်မှာပဲ မပြောင်းလဲဘဲ ထာ၀ရရှိနေတဲ့ မူ၀ံကြယ်လေးပေါ့၊ သူ့ရဲ့သစ္စာတရားက ဘယ်လောက်လေးစားဖို့ ကောင်းလဲ"

"ဒါပေမယ့် ကြယ်ဆိုတာက ကြွေတတ်တယ်လေ အိစက်ရဲ့"

"ဒီလိုပြောကြေးဆို လဆိုတာလည်း ကွယ်တတ်တာပဲလေ … ကဲ"

တစ်ခါတလေကျတော့လည်း သူနှင့် သူမက အဲဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုအပေါ်မှာ သူ့အမြင် ကိုယ့်အမြင်ဖလှယ်ရင်း ငြင်းခုန်ကာ အချိန်တွေကို ကုန်လွန်စေခဲ့တာဖြစ်သည်။

ဒီလိုနှင့် တစ်ယောက်မျက်ဝန်းကို တစ်ယောက်က စကားပြောရင်း တစ်ယောက်ရဲ့ ရင်ခုန်သံကို တစ်ယောက်က နားဆင်ရင်း၊ တစ်ယောက်ရဲ့ မနက်ဖြန်ကို တစ်ယောက်က အလှဆင်ရင်း၊ တစ်ယောက်ရဲ့ နှလုံးသားကို တစ်ယောက်က ကဗျာဖွဲ့ရင်းနှင့် ချစ်သူသက်တမ်းတစ်လကျော် ကြာမြင့်သွားခဲ့လေတော့သည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## မြချက် (၁၂)

breakfast ဝိုင်းဆီ ဆင်းအလာမှာတော့ ဖေဖေ၊ မေမေတို့နှင့်အတူ သူမ လုံးဝ မျှော်လင့်မထားသော သူက ရောက်ရှိလို့နေခဲ့သည်။ မင်းမာန်ထက်။ သူက ဘယ်တုန်းကများ ပြန်ရောက်နေပါလိမ့်။ ပြီးတော့ သူများအိမ်ကို စောစောစီးစီး ဘာလာလုပ်တာလဲ မသိ။

"လာ ... သမီး၊ ဒီမှာ မောင်မင်းမာန် ရောက်နေတယ်"

သူမက မေမေ့စကားကို ခေါင်းညိတ်ပြလိုက်ကာ ခုံမှာဝင်ထိုင်လိုက်သည်။

"မောင်မင်းမာန်က မနေ့က ပြန်ရောက်တာတဲ့၊ မေမေတို့အတွက်တောင် လက်ဆောင်တွေ ပါသေးတယ်၊ အိမ်ရှေ့က စားပွဲပေါ်မှာတင်ထားတယ်၊ သမီးအတွက်လည်း ရေမွှေးပုလင်းတွေပါတယ်"

သူမက သူ့ကို တစ်ချက်သာ ကြည့်ပေးလိုက်သည်။ ဘာမှတော့ ပြောင်းလဲမသွားပါ။ အရင်အတိုင်းပင် ဖြစ်သည်။ အင်းလေ ... နှစ်လဆိုတာ ဘာကြာတာမှတ်လို့။

"မောင်မင်းမာန်ထက်တို့ဘက်က မင်္ဂလာကိစ္စ စီစဉ်ချင်ပြီတဲ့သမီး၊ သမီးဆန္ဒကိုလည်း ဖေဖေတို့ကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဘက်ကတော့ ဘာမှမပြောစရာမရှိပါဘူး၊ ဖေဖေတို့ ကောင်းမယ်ထင်သလိုသာ ကြည့်စီစဉ်ကြပါ"

သူမစကားဆုံး မင်းမာန်ထက်က ...

"နေရာကိုတော့ ကျွန်တော်တို့ဘက်က Sedona မှာပဲ လုပ်မယ်လို့ စိတ်ကူးထားတယ် အန်ကယ်၊ ကျန်တဲ့ အန်ကယ်တို့ဖြစ်ချင်တာတွေကိုတော့ နှစ်ဖက်ညှိပြီး အစီအစဉ်ဆွဲကြတာပေါ့၊ ဒီနေ့ညနေဘက် မေမေတို့နဲ့ ကျွန်တော် တစ်ခေါက်လာခဲ့ပါဦးမယ် ခင်ဗျာ၊ ဒါနဲ့ အိစက်ကရော မင်္ဂလာပွဲကို ဘယ်လိုလုပ်ချင်သလဲ ..."

သူ့မေးခွန်းက သူမဆီ ဦးတည်လာသဖြင့် သူမက သောက်ရန်ဟန်ပြင်ထားသော ကော်ဖီခွက်ကို အသာပြန်ချထားလိုက်ကာ ...

"ကျွန်မလား ... ကျွန်မကတော့ မေမေတို့ စီစဉ်တာကိုပဲ နာခံမှာပါ၊ ဒါပေမယ့် တအား ကြီးကြီးကျယ်ကျယ် မလုပ်ချင်တာကတော့ အမှန်ပဲ"

"ဒါတော့ ဘယ်ဟုတ်မလဲ သမီးရဲ့၊ သူ့အသိုင်းအဝိုင်း ကိုယ့်အသိုင်းအဝိုင်းကလည်း ရှိသေးတော့ မေးငေါ့စရာ မဖြစ်အောင်တော့ လုပ်ရမှာပေါ့"

ဖေဖေ့စကားကို သူမ ဘာမှပြန်မပြောမိ။ မင်းမာန်ထက်ကတော့ ဖေဖေ့စကားကို သဘောကျသွားပုံပင်။ ငွေ့ငွေ့လေး ပြုံးလိုက်တာကို တွေ့ရသည်။ တကယ့်ကိုပဲ သူနှင့် လက်ထပ်ရတော့မှာပါလား။ ဒီလိုတွေးလိုက်မိတော့ သူမအာရုံထဲကို လူမိုးခါးရဲ့ ပုံရိပ်က ဝင်ရောက်လာသည်။ ရင်ထဲမှာ လွမ်းသွားသလိုလိုပင်။ ဒါပေမယ့် လူမိုးခါးဆိုတာ အိပ်မက်ထဲမှာပဲ ရှိတဲ့ လူတစ်ယောက် မဟုတ်ပါလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"အိစက်မှာ စေ့စပ်ထားတဲ့လူ ရှိတယ် မိုးခါး"

သူမရဲ့ စကားအဆုံး သူ တော်တော် မင်သက်သွားမိသည်။ လုံးဝ မမျှော်လင့်ထားသော စကား။ ဘယ်လိုမှ သူထင်မှတ်မထားခဲ့သော အဖြစ်ပင်။ သူမမှာ စေ့စပ်ထားတဲ့သူ ရှိတယ်တဲ့။ သူမမှာ ရှိနေတဲ့ လျှို့ဝှက်ချက်ဟာ ဒါတဲ့လား။

"ဟုတ်တယ် ... အိစက်မှာ စေ့စပ်ထားတဲ့သူ ရှိတယ်၊ ဒါပေမယ့် အိစက် သူ့ကို မချစ်ဘူး၊ အိစက် ... အိစက် ချစ်တာက မိုးခါးကိုပါ၊ အဲဒါကိုတော့ ယုံပေးပါနော်၊ အိစက်ဘက်က ဒီကိစ္စကို ထိန်ချန်ထားခြင်း မရှိခဲ့ပါဘူး၊ အိစက်မှာ ရှိတဲ့ အချစ်တွေအားလုံးကို မိုးခါးတစ်ယောက်တည်းကိုပဲ ပုံအော၍ ပေးခဲ့တာပါ"

ပြောပြီး သူမက ခေါင်းငုံ့ကျသွားသည်။ သူမ၏ ထိန်ချန်ထားမှုအတွက် သူ့မျက်နှာကို ကြာကြာ ရင်ဆိုင်မကြည့်ရဲပုံမျိုး။ သူက သူမကို မျက်နှာချင်းဆိုင် မတ်တတ်ရပ်နေသည့် အနေအထားမှ ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်ကာ ...

"ကိုယ် သိပါတယ်၊ ပြီးတော့ ကိုယ် အိစက်ကို ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဆုံးတော့ သူမကလည်း သူ့ကို ပြန်လည်ဖက်တွယ်ထားလေသည်။

"အခု အိစက်ကို သူတို့က မင်္ဂလာဆောင်ပေးကြတော့မယ်၊ ဒါပေမယ့် အိစက် မင်းမာန်ထက်ကို လက်မထပ်ချင်ဘူး"

"ဘယ်လို အိစက်၊ အိစက်နဲ့ လက်ထပ်ပေးမယ့်သူက ဘယ်သူ"

"မင်းမာန်ထက်လေ၊ မိုးခါးသိလို့လား"

ပြောရင်းက သူမက သူ့ရင်ခွင်ထဲမှ ခွာထွက်လိုက်ကာ သူ့မျက်နှာကို မော့ကြည့်လာသည်။ သူကလည်း သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်းမှ သူမမျက်နှာကို စေ့စေ့ကြည့်လိုက်ကာ ...

"ဟို Seven Stars Company က MD မင်းမာန်ထက်လား"

"ဟုတ်တယ်လေ၊ သူပဲ၊ မိုးခါး သူ့ကို သိနေသားပဲ၊ တော်တော်ရင်းနှီးလား"

"မရင်းနှီးပါဘူး၊ ဒီလိုပဲ စီးပွားရေးလောကမှာ ကျင်လည်နေသူချင်းဆိုတော့ သိနေတာပါ"

သူက သူမအမေးကို မယုတ်မလွန်လောက်သာ ဖြေလိုက်ပြီး မိမိနှင့် မင်းမာန်ထက်ဟာ ပြိုင်ဘက်ကောင်းတွေဆိုတာကိုတော့ ချန်ထားလိုက်သည်။ တိုက်ဆိုင်လွန်းလိုက်သည့် ကံကြမ္မာပင်။ စီးပွားရေးလောကမှာသာမက နှလုံးသားရေးမှာတောင် မင်းမာန်ထက်နှင့် ထိပ်တိုက်လာတွေ့နေရသည့် အဖြစ်။ ဘယ်ဘဝက ရေစက်လည်းတော့ မပြောတတ်ချေ။

သူက သူမကို ရင်ခွင်ထဲ နောက်တစ်ကြိမ် ဆွဲသွင်းဖက်ထားလိုက်ကာ ...

"ကိုယ် အိစက်ကို မခွဲနိုင်ဘူး၊ ကိုယ် အိစက်ကို တစ်ခုမေးမယ်နော်၊ အိစက် ကိုယ့်ကို တစ်ဘဝလုံး ချစ်သွားနိုင်ပါ့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အိစက် တစ်ဘဝလုံးအတွက် ရည်စူးပြီးမှ မိုးခါးကို ချစ်ခဲ့တာပါ၊ ဒါပေမယ့် ..."

"ရပြီ ... အိစက်၊ ဒီလောက်ဆို ကိုယ့်အတွက် လုံလောက်ပြီ၊ ကျန်တဲ့ကိစ္စတွေ ကိုယ့်တာဝန်ထားလိုက်တော့၊ ကိုယ် ရှေ့ကလမ်းဖောက်မယ်၊ အိစက်က ကိုယ့်နောက်က လိုက်လျှောက်ပေါ့နော်"

သူ့စကားအဆုံး သူမက သူ့ရင်ခွင်ထဲက ခွဲထွက်လိုက်ကာ သူ လုံးဝထင်မှတ်မထားသော လုပ်ရပ်တစ်ခုကို လုပ်လိုက်လေသည်။ အဲဒါကတော့ သူ့နဖူးကို သူမက ခြေဖျားအသာထောက်ကာ နမ်းလိုက်ခြင်းပင်ဖြစ်တော့သည်။ သူ့ရင်ထဲမှာ ရှိန်းခနဲ။ ဒါဟာ သူနှင့် သူမကြား၌ ပထမဦးဆုံး မွေးဖွားလာသော အနမ်းတစ်ခုဆိုလည်း မမှား။

ပြောရရင်တော့ ဤအနမ်းကြောင့်ပင် ရှေ့ဆက်ရမည့် ခြေလှမ်းတွေအတွက် သူ့မှာ အားအင်တွေ တိုးလာခဲ့တာ ဖြစ်ပါတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ♥ ဒိုင်ယာရီ စာမျက်နှာ ♥

ညကအိပ်မက်ထဲမှာတော့ ကျွန်မက လူမိုးခါးကို မင်းမာန်ထက်နဲ့ အကြောင်းတွေ ပြောပြလိုက်တယ်တဲ့။ ပြီးတော့ အိပ်မက်ထဲမှာ ကျွန်မက သူ့ကို နမ်းလိုက်တယ်တဲ့။ အဲဒီအနမ်းဟာ အပြင်မှာ တကယ် ပွင့်ဖူးခဲ့သလိုပဲ ကျွန်မရဲ့ ရင်တွေက အိပ်မက်က နိုးတဲ့အထိ အခုန်မြန် နေတုန်းပဲ။ မထူးဆန်းဘူးလား။ အိပ် မက်ထဲက ကျွန်မဟာ ကျွန်မတော့ ကျွန်မ ပါပဲ။ ဒါပေမယ့် အချစ်အတွက် သတ္တိရှိနေပုံက ကျွန်မ မဟုတ်တဲ့အတိုင်းပဲ။ အပြင်မှာသာ ဒီလိုအဖြစ်မျိုး တကယ် ရှိခဲ့ရင် ကျွန်မ အဲလောက် သတ္တိမွေးနိုင်ပါ့မလား။

[illegible]

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ တနင်္ဂနွေနေ့မို့ အိမ်မှာလူစုံနေပါသည်။ ပြီးတော့ မင်းမာန်ထက်နှင့် လက်ထပ်လက်စွပ် သွားရွေးဖို့အတွက် ချိန်းထားသဖြင့် သူမက ရေချိုးဖို့ ပြင်နေတုန်းမှာပဲ မေမေက အခန်းတံခါး ခေါက်ဝင်လာကာ ...

"သမီးရေ ... အောက်မှာ မောင်မင်းမာန် ရောက်နေတယ်၊ ရေချိုးမှာကို မြန်မြန်ချိုးလိုက်နော်၊ အကြာကြီး လုပ်မနေနဲ့"

"ဟုတ်ကဲ့ ..."

ထို့နောက် ရေချိုးခန်းထဲဝင်ကာ ရေကို ဇိမ်ခံကာပင် ချိုးပစ်လိုက်သည်။ စောင့်ပါလေ့စေ။ မစောင့်နိုင်ရင် ပြန်ပေါ့။

လေးဆယ့်ငါးမိနစ်လောက်ကြာမှ ရေချိုးခန်းထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။ ထို့နောက် မှန်တင်ခုံရှေ့ထိုင်ကာ ရေစိုဆံပင်တွေကို သုတ်နေတုန်းမှာပဲ မေမေက အခန်းထဲကို အလန့်တကြားဟန်နဲ့ ပြေးဝင်လာ၏။

"သမီးရေ ... သမီး၊ အောက်မှာ ပြဿနာတွေတော့ တက်ကုန်ပြီ၊ လာ ... လာ ... မြန်မြန်လာ၊ သမီး အဖေက သမီးကို ခေါ်ခိုင်းလိုက်တယ်၊ အမလေး ... အမေ ရင်တွေတုန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မေမေက ရင်ဘတ်ဖိကာ ဘုရားတနေ၏။ သူမက ရေစိုဆံပင်တွေကို သုတ်နေရင်းမှပင် ...

"ဘာဖြစ်လို့လဲ မေမေရဲ့၊ ဘာပြဿနာ တက်တာလဲ"

မေမေက သူမကို နားမလည်နိုင်သလို ကြည့်လာရင်းမှ ...

"အောက် ... အောက်မှာ ကောင်လေးတစ်ယောက် ရောက်နေတယ်၊ သူ့ကိုယ်သူ သမီးရဲ့ ချစ်သူပါတဲ့"

"ဟာ ... မေမေကလည်း မဖြစ်နိုင်တာ၊ သမီးမှာ ဘာချစ်သူမှ မရှိပါဘူး"

"အဲ ... အဲဒါတော့ မသိဘူး၊ နာ ... နာမည်ကတော့ လူမိုးခါးတဲ့"

"ရှင် ... "

သူမလက်ထဲမှာ ကိုင်ထားတဲ့ တဘက်က ကြမ်းပြင်ပေါ် လွတ်ကျသွားသည်။ နောက်တော့ သူမအောက်ထပ်ဆီသို့ ဒရောသောပါး ပြေးဆင်းလာခဲ့မိသည်။ အောက်ဆုံးလှေကားထစ်ဆီသို့ အရောက်မှာတော့ သူမအကြည့်က ဧည့်ခန်းထဲက လူတွေဆီသို့ ရောက်သွားသည်။

"ဟင် ! "

မယုံနိုင်ခြင်းကြီးစွာ၊ အံ့သြထိတ်လန့်စွာနဲ့ သူမ အတုန်လှုပ်ကြီး တုန်လှုပ်သွားကာ ခန္ဓာကိုယ်ကို ယိုင်မသွားအောင် လှေကားလက်ရန်းကို ဆုပ်ကိုင်ထားလိုက်ရသည်။ သူ ... သူ ... မိုးခါး။ သူမ အိပ်မက်ထဲက လူ။ ဘာလဲ ... ဘယ်လိုဖြစ်တာလဲ။ သူမ အခု အိပ်မက်နေတာလား။ ဟင့်အင်း ... မဟုတ်ဘူး။ ဒါ အိပ်မက်မဟုတ်ဘူး။ ဒါ ... တကယ်။ တကယ်ဖြစ်နေတာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

လူခေါ်ဘဲလ် နှိပ်လိုက်တော့ အန်တီကြီးတစ်ယောက်က တံခါးနား ရောက်လာသည်။

“ဘာကိစ္စ ရှိလို့လဲကွယ့်”

“ကျွန်တော် အိစက်ညက်သောရဲ့ မိဘတွေနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ့”

“အန်တီက အိစက်ရဲ့ အမေပါ၊ ဘာကိစ္စလည်း မသိဘူး”

အန်တီကြီးက သူ့ကို ဇဝေဇဝါနဲ့ကြည့်လာသည်။ သူက အန်တီကြီးကို နှစ်လိုစွာ ပြုံးပြလိုက်ရင်း ...

“ဟို ... ကျွန်တော်ပြောမယ့် စကားက နည်းနည်း အရေးကြီးတော့ ဒီမှာမပြောချင်ဘူး ခင်ဗျာ့၊ ကျွန်တော့်ကို အထဲဝင်ခွင့် ပြုပါလား”

“သြော် ... အေးအေး၊ ဝင်ပါကွယ်၊ စိတ်မရှိနဲ့နော်၊ အန်တီက မောင်ရင့်ကို မမြင်ဖူးတော့ ကြောင်သွားလို့ပါ”

“ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျာ့”

ဒီလိုနှင့် အန်တီကြီးနောက်လိုက်လာရင်း ဧည့်ခန်းထဲ ရောက်လာခဲ့သည်။ ဧည့်ခန်းထဲအရောက်မှာတော့ သူမျှော်လင့်မထားသော သူကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။ မင်းမာန်ထက်။ အေးလေ ... ဒါလည်း ကောင်းတာပါပဲ။ အချစ်နဲ့ စစ်မှာ မတရားတာမရှိတဲ့။ အချစ်သာ စစ်ပွဲတစ်ခုဆို မြန်မြန် တိုက်လိုက်တာပဲ ကောင်းပါသည်။

မင်းမာန်ထက်ကလည်း သူ့ကိုတွေ့လိုက်ရသဖြင့် အံ့သြသွားပုံရသည်။ သူက ၎င်းကို ဂရုမစိုက်ပါ။ သူဂရုစိုက်တာက မင်းမာန်ထက်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့်သူကို ဖြစ်သည်။

အန်တီကြီးက သူ့ကိုထိုင်စေကာ ၎င်းကိုယ်တိုင်လည်း ခုံတစ်လုံးမှာ ဝင်ထိုင်ကာ အန်ကယ်ကြီးဘက်သို့ တစ်ချက်ကြည့်လိုက်ရင်း

"ကိုထွန်းမြင့် ... ဒါ သမီးရဲ့ မိတ်ဆွေတဲ့၊ ကျွန်မတို့နဲ့ တွေ့ချင်လို့ ပြောတာပဲ"

အိစက်ရဲ့ အဖေက သူ့ကို ခေါင်းတစ်ချက်ညိတ်ပြလာရင်း

"အန်ကယ်က အိစက်ရဲ့ အဖေပါ၊ လာရင်းကိစ္စကို ပြောပါဦး"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် လူမိုးခါးပါ၊ ပြီးတော့ ..."

'ပြီးတော့' ဟုဆိုကာ သူက စကားကို တန်းမဆက်ဘဲ ခဏဖြတ်ထားလိုက်သည်။ ပြီးမှ မင်းမာန်ထက် အပါအဝင် အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း ...

"ကျွန်တော်က အိစက်ရဲ့ ချစ်သူပါ"

"ဟေ ..."

"ဘုရားရေ ..."

"ဘာ ..."

သူ့စကားအဆုံးမှာပဲ အာမေဍိတ်သံ သုံးခုက တစ်ပြိုင်နက်တည်း ထွက်လာသည်။ ပြီးတော့ မယုံကြည်နိုင်သော အကြည့်သုံးစုံ။

"မဖြစ်နိုင်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းမာန်ထက်ရဲ့ ရေရှုတ်သံအဆုံး အန်ကယ်ဦးထွန်းမြင့်က လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

"မဆင့် ... သမီးကို သွားခေါ်စမ်း၊ မြန်မြန်ခေါ်ခဲ့၊ သွား ..."

အန်တီကြီးက ရင်ဘတ်ဖိကာ အပေါ်ထပ်သို့ ပြေးတက်သွားသည်။ သိပ်မကြာလိုက်ပါ။ အပေါ်ထပ်မှ တစ်စုံတစ်ယောက် ပြေးဆင်းလာသည်။ ကြည့်လိုက်တော့ သူမ ...။ သူ၏ ချစ်လှစွာသော အိစက် ...။

မမျှော်လင့်ဘဲ မိမိကိုတွေ့လိုက်ရသဖြင့် သူမ အံ့သြသွားပုံပင်။ လေကားလက်ရန်းကို ဆုပ်ကိုင်ထားလိုက်ရသည်အထိ သူမ တုန်လှုပ်သွားသည်။ အင်းလေ ... သူမ လန့်မယ်ဆိုလည်း လန့်လောက်ပါပဲ။ သူက သူမကိုမှ ကြိုပြောမထားတာကိုး။

"သမီး ... ဘာလုပ်နေတာလဲ၊ ဒီကိုလာလေ"

သူမက ဝိညာဉ်နုတ်ခံလိုက်ရသူ တစ်ယောက်လို စိတ်နှင့်လူနှင့် မကပ်စွာ လျှောက်လှမ်းလာသည်။ ပြီးတော့ အကြည့်တွေက သူ့ဆီက မခွာ။ သူက အိစက်ကို ပြုံးပြလိုက်ကာ ...

"အိစက် ..."

လို့ ခေါ်လိုက်တော့ သူမခန္ဓာကိုယ်က ဆတ်ခနဲ တုန်သွား၏။ ပြီးနောက် သူမ အဖေဘက်လှည့်ကာ ...

"မဟုတ်ဘူး၊ မဟုတ်ဘူး အဖေ ... သမီး ... သမီးနဲ့ သူက ချစ်သူတွေ မဟုတ်ဘူး"

"ဟင် ..."

သူမ စကားကြောင့် သူ အံ့သြသွားရသည်။ ဘာဖြစ်တာလဲ။ သူမ ဘာလို့ ဒီလိုတွေပြောရတာလဲ"

သူမကို သူက နားမလည်နိုင်စွာ ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အိစက် ... အိစက် ဘာတွေပြောနေတာလဲ၊ ကိုယ်နဲ့ အိစက်က ချစ်သူတွေလေ၊ အိစက် အမှန်အတိုင်းပြောလိုက်စမ်းပါ၊ ဘာကို ကြောက်နေတာလဲ"

"မဟုတ်ဘူး"

သူ့စကားအဆုံး သူမက ကြုံးအော်သည်။ ပြီးနောက် ခေါင်းကို သွက်သွက်ခါအောင် ရယ်ကာ ...

"မဟုတ်ဘူး၊ ကျွန်မနဲ့ ရှင်နဲ့ ချစ်သူတွေဖြစ်ခဲ့တာ အပြင်မှာ မဟုတ်ဘူး၊ အိပ်မက်ထဲမှာ ... ဟုတ်တယ် ... ကျွန်မ အိပ်မက် မက်နေခဲ့တာ"

"ဘယ်လို"

သူက နားမလည်နိုင်စွာ ရေရွတ်မိစဉ်မှာပဲ သူမအဖေက ...

"သမီး ဖေဖေ့ကို အမှန်အတိုင်းပြောစမ်း၊ သမီးနဲ့ သူနဲ့က ချစ်သူတွေလား"

"မဟုတ်ဘူး ဖေဖေ ... မဟုတ်ဘူး၊ တစ်ခုခုတော့ မှားနေပြီ၊ သမီးနဲ့ သူ ချစ်သူတွေဆိုတာ မှန်တယ်၊ ဒါပေမယ့် အပြင်မှာ မဟုတ်ဘူး၊ အိပ်မက်ထဲမှာ၊ သမီးရဲ့ အိပ်မက်ထဲမှာပဲ ချစ်သူတွေ ဖြစ်ခဲ့တာ"

"အိစက် ... အိစက် ဘာတွေပြောနေတာလဲ၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ဘာအိပ်မက်လဲ၊ ကိုယ်တို့ချစ်ခဲ့တာ တကယ်လေ၊ အိပ်မက်မှ မဟုတ်တာ"

"ဟုတ်တယ်၊ ကျွန်မ ... ကျွန်မ အိပ်မက် မက်ခဲ့တာ"

"အိစက် ..."



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်မရှည်စွာ အော်မိတော့သည်။ ဒီအချိန်မှာပဲ သူမအဖေက သူ့ကိုလက်ကာပြလာရင်း ...

"ခဏလေး ... ခဏလေး မောင်ရင်၊ အန်ကယ်လ် တစ်ခုခုကို သိလိုက်ပြီ၊ အန်ကယ်လ်တို့ အေးအေးဆေးဆေး စကားပြောရအောင်လား၊ မဆင့် သမီးကို အပေါ်ခေါ်သွားတော့၊ သမီး တော်တော်လန့်သွားပုံ ရတယ်"

သူမအဖေက သူမကို ပခုံးနှစ်ဖက်မှ အသာဖေးမဆွဲထူကာ အပေါ်ထပ်ကို တက်ဖို့ပြောသည်။ သူမက မတ်တတ်ရပ်လိုက်ရင်းမှပင်

"ဖေဖေ ... သမီး တကယ်ပြောနေတာနော်၊ သမီး အိပ်မက် မက်ခဲ့တာ"

ဟု ပြောသွားသေးသည်။ နောက်တော့ သူမကို သူမအမေက အပေါ်ထပ်သို့ ခေါ်သွားသည်။ ဧည့်ခန်းထဲမှာ သူရယ်၊ မင်းမာန်ထက်ရယ်၊ သူမအဖေ အန်ကယ်လ် ဦးထွန်းမြင့်ရယ်သာ ကျန်ခဲ့၏။ သူနှင့် မင်းမာန်ထက် မျက်လုံးချင်းဆုံသွားတော့ ...

"မောင်ရင့်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဦး သမီးနဲ့ စေ့စပ်ထားတဲ့သူပေါ့၊ မင်းမာန်ထက် တဲ့"

ဦးထွန်းမြင့် စကားအဆုံး မင်းမာန်ထက်က မလိုလား မနှစ်မြို့သော မျက်လုံးမျိုးဖြင့် ကြည့်လာကာ ...

"ကျွန်တော်တို့ သိပြီးသားပါ အန်ကယ်လ်၊ စီးပွားရေးလောကမှာပေါ့"

သူကတော့ ဘာမျှပြန်မပြောမိပါ။ ပြောချင်စိတ်လည်း မရှိ။ ခေါင်းထဲမှာရော၊ ရင်ထဲမှာရော အရာဝတ္ထုတစ်ခုခု တစ်ဆို့နေသလို ခံစားနေရတာကြောင့် ဖြစ်သည်။ အိစက် ပြောသွားတာတွေကို သူ လုံးဝ နားမလည်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်ကို ဦး တစ်ခုမေးမယ်၊ မောင်ရင်နဲ့ ဦး သမီးဟာ ချစ်သူတွေပါဆိုတာကို ဘာနဲ့ သက်သေပြနိုင်သလဲ၊ အငြင်းပွားဖွယ်မရှိ သိသာထင်ရှားတဲ့ သက်သေမျိုးပေါ့"

"ရှိတာပေါ့ အန်ကယ်၊ ကျွန်တော့်မှာ ဓာတ်ပုံတွေ အများကြီး ရှိတယ်၊ ပြီးတော့ ဗီဒီယိုမှတ်တမ်းအချို့လည်း ရှိတယ်၊ ကျွန်တော်က အဲ့ဒါတွေကို အိစက်ရဲ့ မွေးနေ့မှာ Suprise လုပ်ပြီးပေးဖို့အတွက် ရည်ရွယ်ပြီးတော့ ရိုက်ထားခဲ့တာ၊ အန်ကယ်လ်ကြည့်ချင်ရင် ကျွန်တော် ယူလာပြမယ်"

"အိုခေ ... ဦးကို ယူလာပြ၊ ပြီးတော့ ဦး မင်းကို တစ်ခုမေးဦးမယ်၊ မောင်ရင် Sleepwalking ဆိုတာကို ကြားဖူးသလား"

"အိပ်မက်ထဲမှာ လမ်းလျှောက်တာကို ပြောတာလား"

"right၊ မှန်တယ်၊ လူတစ်ယောက်က အိပ်ပျော်နေတဲ့အချိန်မှာ အိပ်မက်မက်တယ်၊ ဒါပေမယ့် သူကိုယ်တိုင်က အိပ်မက်ထဲက အတိုင်း အပြင်မှာ တကယ်လိုက်လုပ်နေတာကို သူမသိဘူး၊ အိပ်ရာကနိုးရင် အဲဒီအဖြစ်အပျက်ဟာ သူ့အတွက် အိပ်မက်တစ်ခု အဖြစ်ပဲ ထင်ကျန်နေခဲ့တာမျိုးလေ"

အန်ကယ်လ် ဦးထွန်းမြင့် စကားအဆုံး သူက နဖူးမှာစေ့သီလာသည့် ချွေးစတို့ကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ကာ ...

"အန်ကယ်လ် ... အန်ကယ်လ်ဆိုလိုတာက အိစက်ဟာ Sleepwalking ဖြစ်နေတာ၊ အိပ်မက်ထဲမှာ လမ်းလျှောက်ရင်း ကျွန်တော်နဲ့ ချစ်သူတွေဖြစ်ခဲ့တာလို့ ပြောချင်သလား"

"ဟုတ်တယ်၊ ဦး ကောက်ချက်ဆွဲမိသလောက်တော့ သမီးဟာ အဲဒီလို Sleepwalking ဖြစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး အန်ကယ်လ်ရယ်၊ ဒီလောက်အခြေအနေ အထိ ဖြစ်လာခဲ့တဲ့ အဖြစ်အပျက်တစ်ခုဟာ အိပ်မက်မက်နေတာပါ လို့ ကျွန်တော် ဘယ်လိုယုံကြည်ရမှာလဲ"

မဟုတ်တာ ... ။ မဖြစ်နိုင်တာ ... ။ နှလုံးသားတစ်ခုလုံး ရင်းပြီး ချစ်ထားခဲ့တဲ့ အဖြစ်အပျက်တစ်ခု၊ မိမိအတွက် ပထမဆုံး မွေးဖွားခဲ့တဲ့ အချစ်တစ်ခု၊ ထာဝရပါလို့ ရည်ရွယ်ထားခဲ့တဲ့ ခံစားချက်တွေဟာ အိစက်အတွက်ကျတော့ အိပ်မက်တဲ့လား။ ဒီလောက်ရှည်လျားတဲ့ အိပ်မက်ဆိုတာ ရှိလို့လား။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ဘာတွေလဲ ... ဘာတွေလဲကွာ ... ။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## ပြချက် (၁၃)

သူမဟာ လူမိုးခါး လာပို့သွားသည့် ဓာတ်ပုံတွေကိုကြည့်ရင်း မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ ဓာတ်ပုံတွေက အများကြီးပင်။ သူမ တစ်ယောက်တည်း ကတ္တရာလမ်းမပေါ်မှာ လမ်းလျှောက်နေပုံများ၊ လမ်းမတစ်လျှောက်မှာ ချထားခဲ့တဲ့ နှင်းဆီပွင့်များကို ကောက်ယူနေပုံများ၊ သူမနှင့် လူမိုးခါး ကော်ဖီဆိုင်လေးထဲမှာ ရယ်မောကာ စကားပြောနေပုံများ၊ လမ်းအတူလျှောက်နေပုံများ၊ ပြီးတော့ လူမိုးခါးရဲ့ ကားဘောနပ်ပေါ်မှာ ယှဉ်တွဲထိုင်ကာ ကြယ်တွေကို ရေတွက်နေပုံများ ... အို ... အများကြီးမှ အများကြီး ဖြစ်သည်။ ပြီးတော့ ဗီဒီယိုမှတ်တမ်းတင်ထားတာတောင် ပါသေးသည်။

သူမအတွက် အိပ်မက် မက်နေခဲ့တဲ့အရာတွေဟာ အပြင်မှာ တကယ်ဖြစ်နေခဲ့တာတဲ့။ သူမဟာ အိပ်မက်ထဲမှာ လမ်းလျှောက်ရင်း လူမိုးခါးနဲ့ ချစ်သူတွေ တကယ်ဖြစ်ခဲ့တာတဲ့။ အခုအချိန်ထိ ဒါတွေကို သူမ လက်ခံပေး၍ မရသေး။

ချောချောကလည်း ဓာတ်ပုံတွေကိုကြည့်ရင်း ကအံ့တသြ။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောသားပဲ၊ လူမိုးခါးကို အပြင်မှာ ငါတွေ့ခဲ့ပါတယ်လို့ ..."

သူမက ခေါင်းကိုသာ ညိတ်ပြလိုက်ပြီး ဘယ်လိုမှတ်ချက်မှ ထုတ်မပြောမိချေ။

"အဆန်းပဲဟာ၊ အိပ်မက်မက်ရင်း ထလမ်းလျှောက်တာ ချစ်သူတစ်ယောက် ရသွားရတယ်လို့၊ ငါတောင် **sleepwalking** ဖြစ်ချင် လာပြီ"

ချောချောက ဟာသပြောပေမယ့် သူမ မရယ်မိ။ ရင်ထဲမှာ နေလို့မကောင်းချေ။ လူမိုးခါး ဘယ်လောက်တောင် ခံစားနေရမလဲ။ ဘယ်လောက်တောင် သွေးပျက်သွားမလဲ။

"ဒါနဲ့ ... နင် ဘာဆက်လုပ်လဲ အိစက်"

သူမက ခေါင်းကို လေးတွဲ့စွာ ရမ်းလိုက်ရင်း အခန်းနံရံဆီက ခဲပန်းချီကို ကြည့်လိုက်မိသည်။ သူမ ဘာဆက်လုပ်ရမလဲ ဆိုတာကို တကယ့်ကိုပဲ မသိတော့တာ ဖြစ်သည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းမြင့်နှင့် ဒေါ်ခင်ခင်ဆင့်တို့ လင်မယားနှစ်ယောက်က အိပ်ပျော်နေတဲ့ အိစက်ကို စောင့်ကြည့်နေကြသည်။ သူတို့နှစ်ယောက်က အိစက်ရဲ့ ရေချိုးခန်းထဲကနေ စောင့်ကြည့်နေကြခြင်းဖြစ်သည်။ သူတို့ အခုလို စောင့်ကြည့်နေတာ ဆယ်နာရီခွဲလောက်ကတည်းက ဖြစ်သည်။ အခုဆို ဆယ့်နှစ်နာရီ ထိုးတော့မည်။

အဲဒီလို စောင့်ကြည့်နေတုန်းမှာပဲ ခုတင်ပေါ်မှာ အိပ်ပျော်နေတဲ့ အိစက်က တစ်ချက်လူးလွန့်လိုက်တော့ နှစ်ယောက်စလုံး အသက်ရှုသံတောင် မထွက်ရဲလောက်အောင် ဖြစ်သွားသည်။ ခဏအကြာမှာတော့ အိစက်က ငုတ်တုတ်ထထိုင်လာသည်။ ဒါပေမယ့် မျက်လုံးတွေကတော့ ပွင့်မလာသေး။ တစ်မိနစ်ခန့်လောက်ရှိမှ မျက်လုံးတွေပွင့်လာကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်ကို တွေ့ရသည်။ နောက်တော့ သူမက အခန်းထဲမှ ထွက်သွားသဖြင့် ဦးထွန်းမြင့်တို့ နှစ်ယောက်လည်း သူမနောက်ကနေ ခြေသံမကြားအောင် ခြေဖော့နင်း၍ ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်သွားခဲ့သည်။

သူမက ဧည့်ခန်းထဲထိ တောက်လျှောက်ဆင်းသွားကာ

---

www.burmeseclassic.com



တီဗီစင်အံဆွဲထဲမှာ သော့ရှာသည်။ သော့ကို ဦးထွန်းမြင့်က မိမိအခန်းထဲမှာ ပြောင်း၍ သိမ်းထားတာဖြစ်သောကြောင့် အိစက်တွေ့လိမ့်မည် မဟုတ်ချေ။ အိစက်က သော့ကို အံဆွဲထဲမှာ မတွေ့တော့ စားပွဲပေါ်နှင့် တိုင်တွေမှာရှာသည်။ ရှာလို့မတွေ့သည့်အဆုံးမှာတော့ ဧည့်ခန်းထဲက ဆိုဖာခုံပေါ်မှာ စိတ်ပျက် လက်ပျက် ထိုင်နေတော့၏။ သူမပုံစံက သူမခေါင်းထဲမှာရှိနေသည့် ရည်ရွယ်ချက် တစ်ခုတည်းကိုသာ ဦးတည်လုပ်ဆောင်နေကာ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ပေ။ လျစ်လျူရှုထားလေသည်။ သူမ လှုပ်ရှားနေပုံက သာမန်လူတစ်ယောက် သက်ဝင်လှုပ်ရှားနေပုံမျိုး မဟုတ်။ သံပတ်ပေးထားသော အရုပ်တစ်ရုပ်။ လှုပ်ရှားသွားလာနေပုံမျိုး ဖြစ်သည်။

ဦးထွန်းမြင့်နဲ့ ဒေါ်ခင်ခင်ဆင့်တို့ရဲ့ အာရုံဟာ အိစက်ဆီမှာသာ ရောက်နေပြီး စကားလုံးဝ မပြောမိကြချေ။ ခဏအကြာမှာတော့ အိစက်က ထိုင်ရာမှထကာ အပေါ်ထပ်သို့ ပြန်တက်သွားသဖြင့် သူတို့နှစ်ယောက်လည်း နောက်က ထပ်ချပ်မခွာ လိုက်လာခဲ့ကြသည်။ အိစက်က အခန်းထဲသို့ တန်းတန်းမတ်မတ် ပြန်ဝင်သွားသောအခါ သူတို့က တံခါးနားမှာ တစ်မိနစ်လောက် စောင့်နေလိုက်ပြီးမှ တံခါးကို အသာဟကာ အထဲသို့ ချောင်းကြည့်မိကြသည်။ ထိုအခါ အိစက်ကို ခုတင်ပေါ်မှာ အိပ်လျက်အနေအထားဖြင့် တွေ့လိုက်ကြရသည်။ ထို့ကြောင့် အထဲသို့ ဝင်သွားလိုက်ကာ သူမအခြေအနေကို အကဲခတ်မိကြသည်။

သူတို့ထင်ထားသလိုပါပဲ။ သူမက ခုတင်ပေါ်မှာ အသက်ရှူသံ မှန်မှန်ဖြင့် ပြန်လည် အိပ်မောကျနေခဲ့ပြီ ဖြစ်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

နံနက် သုံးနာရီထိုးပြီ ဖြစ်သည်။ အိစက် အခုထိ ရောက်မလာသေး။ သူက ကားပေါ်မှာထိုင်နေရင်းက သူမတို့လမ်းကြားထဲသို့ မမှိတ်မသုန် မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းမျှော်ကြည့်နေမိသည်။

"လာပါကွာ ... ပြန်ကြရအောင်၊ ဒီနေ့ည သူ အိပ်မက် မမက်ဘူးနဲ့ တူပါတယ်"

လှထူး၏ စကားအဆုံး သူက သက်ပြင်းမောတစ်ခုကို ရှည်လျားစွာ မှုတ်ထုတ်လိုက်မိသည်။ အိပ်မက်တဲ့လား။ မိမိရဲ့ နှလုံးသားတစ်ခုလုံး ရင်းနှီးပေးဆပ်ချစ်ထားခဲ့တဲ့ အချစ်တစ်ခုဟာ သူမအတွက် အိပ်မက်တဲ့လား ...။

"ငါ ... ငါ ... တော်တော် ခံစားရတယ်ကွာ"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ပြချက် (၁၄)

"အိပ်မက်ထဲမှာ လမ်းလျှောက်ရင်း ရည်းစားထားတယ်တဲ့၊ ဟား ဟား ... ဟား ... တော်တော် ရယ်ရတယ်"

မင်းမာန်ထက်၏ ခနဲ့တဲ့တဲ့ စကားသံက တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး ထွက်လာသည်။ သူမကတော့ လေအဟုန့်မှာ ကြွေကျကာ အဝေးသို့ မျောလွင့်သွားသည့် သစ်ရွက်အနွမ်းတစ်ရွက်ကိုသာ လှမ်းမျှော်ငေးကြည့်နေမိသည်။ ပြီးမှ သူမ အပြောသင့်ဆုံးထင်သည့် စကားတစ်ခွန်းကို ပြောလိုက်မိသည်။

"ကျွန်မ ရှင့်ကို တောင်းပန်ပါတယ်"

"တောင်းပန်ပါတယ်၊ ဟုတ်လား ..."

သူက သူမ စကားကို သံယောင်လိုက်ရေရွတ်ကာ သူမအား အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်လာသည်။

"တောင်းပန်တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ ဒီကိစ္စက ပြီးသွားရောတဲ့လား၊ ဟင် ... ပြောစမ်းပါဦး ဒေါ်အိစက်ညက်ညောရဲ့"

"ကျွန်မမှာ တောင်းပန်တယ်ဆိုတဲ့ စကားကလွဲပြီး ဘာမှပြောစရာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ မင်းမှာ မရှိပေမယ့် ငါ့မှာရှိတယ်၊ ငါလည်း ခေတ်အမြင် ရှိတဲ့ လူတစ်ယောက်ပဲ၊ sleepwalking ဖြစ်တယ်ဆိုတာကို လက်ခံပေးလို့ရတယ်၊ ငါ လက်မခံနိုင်တာက ရည်းစားထားတာပဲ၊ ပြီးတော့ ထားတဲ့သူကလည်း တကယ့်ကို ပြိုင်ဘက် လူမိုးခါးတဲ့"

"ကျွန်မလည်း ဘာတတ်နိုင်မှာလဲ၊ အိပ်မက်ထဲမှာ သူ့အလိုလို ဖြစ်သွားတဲ့ကိစ္စကို"

"ဒီလို အလွယ်မပြောနဲ့ အိစက်၊ မင်းမှာ ခြံခုန်ချင်တဲ့စိတ် ရှိလို့သာ ဒီလိုအိပ်မက်မျိုး မက်တာပေါ့၊ တကယ်ဆို ဒီလို အိပ်မက် မျိုးကို မင်း မမက်သင့်ဘူး"

"ကိုမင်းမာန်ထက် ... ရှင်က ကျွန်မရဲ့ အိပ်မက်တွေအထိတောင် လိုက်ပြီး ခြယ်လှယ်ချင်နေတာလား၊ ရှင် အတ္တကြီးလှချည်လား"

"ဟ ... မင်းအိပ်မက်က စိတ်ကူးထဲမှာတင် ပြီးသွားတာ မဟုတ် ဘူးလေ၊ အပြင်မှာ တကယ်ဖြစ်ခဲ့တာ၊ မင်းနဲ့ လက်ထပ်ပြီးတဲ့အခါ ကျမှ မင်းဟာ အိမ်ထောင်ရေး ဖောက်ပြန်တဲ့ အိပ်မက်မျိုးတွေအထိ မက်လာရင် ဘယ်လိုလုပ်မလဲ"

သူ့စကားက သူမအရိုက်ကို လက်သီးပြင်းပြင်း တစ်လုံးနဲ့ ပစ်ထိုးလိုက်သလို နာကျင်အောင့်မျက်သွားစေသည်။ သူမ၏ သည်းခံမှုတို့ ကုန်ဆုံးသွားခဲ့ပြီ။

"ကိုမင်းမာန်ထက် ... ရှင့်စကားတွေ လွန်လာပြီနော်၊ ကျွန်မကို ရှင် ဘယ်လို မိန်းမမျိုး မှတ်နေလဲ၊ ကောင်းပြီလေ ... ရှင်မကျေ နပ်ရင် ကျွန်မတို့ လက်ထပ်မယ့်ကိစ္စကို ဒီမှာတင်ပဲ ရပ်လိုက်ကြ တာပေါ့ ..."

"ဩော် ... မင်းက အခုတော့ ဒီလိုစကားမျိုးတောင် ပြောလာပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဟုတ်လား၊ အားကိုးရှိနေပြီကိုး၊ မရဘူး ဒေါ်အိစက်၊ မင်းမာန်ထက်ကို ဒီလိုလာကြောလို့ မရဘူး၊ မင်းကို ငါ ရအောင်ယူမယ်၊ အေး ... အဲဒါ မင်းကို သိပ်ချစ်လို့တော့ မထင်နဲ့၊ မင်းကို ငါ သိပ်မုန်းတယ်၊ တစ်ချိန်က ချစ်ခဲ့ပေမယ့် အခု မင်းကို ငါ မုန်းသွားပြီ၊ ဒီအမုန်းတွေနဲ့ပဲ မင်းကို ငါက လက်ထပ်မှာ၊ ပြီးတော့ ငါက လူမိုးခါးကိုလည်း အနိုင်လိုချင်သေးတယ်လေ ... ”

ပြောပြီး သူကပြုံးသည်။ သူ့အပြုံးက အေးစက်ပြီး သိပ်ကို ကြောက်စရာကောင်းသည့် အပြုံးမျိုး။

သူမ မင်းမာန်ထက်၏ စိတ်ဓာတ်ကို လန့်သွားသည်။ ဒီလောက်အတ္တကြီးသည့် ယောကျ်ား၊ အနိုင်ရလိုမှုပြင်းထန်သည့် ယောကျ်ားမျိုးကို သူမတစ်သက် မတွေ့ဖူးသေးချေ။ ဒီလိုယောကျ်ားမျိုးကိုမှ သူမဘဝထဲကို ဘယ်လိုကံကြမ္မာက ထည့်သွင်းပေးလိုက်ပါသလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ကန့်ရေပြင်ကို ဖြတ်သန်းတိုက်ခတ် ပြေးလွှားလာသည့် လေနုအေးက သူမရင်ကို အရှိန်နှင့် လာဝင်ဆောင့်သည်။ လိမ္မော်ရောင် နေလုံးကလည်း ကန့်ရေပြင်အောက်ကို ငုပ်လျှိုးအားယူနေချေပြီ။ လူမိုးခါး နှင့် သူမ ဒီနေရာကို ရောက်နေတာကြာပြီဖြစ်သော်လည်း ဘာစကားမှ မပြောဖြစ်ကြသေး။

"ကျွန်မ ..."

"ကိုယ် ..."

ပြောမည်ပြင်တော့လည်း နှစ်ယောက်စလုံးထံမှ အသံတို့က ပြိုင်တူထွက်လာသည်။

"အိစက်ပဲ အရင်ပြောပါ"

ပြောပြီး သူက အကြည့်ကို ကန့်ရေပြင်ဆီသို့ ပို့ထားသည်။ သူမအတွက် လက်တွေ့ဘဝမှာ နှစ်ယောက်တည်းတွေ့တာ ဒါပထမဆုံး ဖြစ်သော်လည်း အနည်းငယ် ရှိုးတိုးရှန့်တန့် ဖြစ်နေတာကလွဲ၍ စိမ်းသက် မနေ။ နှလုံးသားက ရင်းနှီးနေသလို ခံစားရသည်။ ဒီလိုခံစားမှုမျိုးကို မင်းမာန်ထက်ဆီတောင် မရဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်ကနေစပြီး ဘာကိုပြောရမှန်း မသိဘူး ဖြစ်နေတယ်"

သူက ခေါင်းညိတ်သည်။ ထိုခေါင်းညိတ်ခြင်းဟာ သူမကို နားလည်၍ ခေါင်းညိတ်ခြင်းလား၊ ဘာရယ်မဟုတ် ခေါင်းညိတ်ခြင်းပဲလားတော့ သူမ မသိပေ။

သူမ ဘာပြောရမှန်းမသိတော့ သူ့ဆီကပဲ စကားသံတွေ ထွက်လာသည်။

"အဖြစ်အပျက်တွေကို အခုထိ ကျွန်တော် မယုံကြည်နိုင်သေးဘူး ဖြစ်နေတယ်၊ အိစက်အတွက်က အိပ်မက်ဆိုပေမယ့် ကျွန်တော့်ဘက်က အစစ်အမှန်ပါ၊ ကျွန်တော် တော်တော် ခံစားရတယ် အိစက်ရယ် ..."

သူ့အသံက လွမ်းလွမ်းဆွေးဆွေး။ ပြီးတော့ မချိတင်ကဲ။

"ကျွန်မ ရှင့်ကို ခံစားရပါစေလို့ မရည်ရွယ်ခဲ့ပါဘူး မိုးခါးရယ်"

'မိုးခါး' ဆိုသော နာမည်ကို အဖျားဆွတ်ခေါ်ခြင်းက သူမ ပါးစပ်ထဲမှာ သုံးနေကျ နာမည်တစ်ခုကို နှုတ်ကျိုးနေသည်။

နောက်တော့ နှစ်ယောက်စလုံး ဘာစကားမှ မပြောကြမိ တော့ဘဲ အကြာကြီး တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ နာရီဝက်ခန့် ကြာသွားအပြီးမှာတော့ သူက ထိုင်နေရာမှ ထရပ်လိုက်ကာ ...

"ကျွန်တော် သွားတော့မယ်ဗျာ ..."

ဟုဆိုကာ ထထွက်သွားတော့သည်။ ကျောခိုင်းတွက်ခွာသွားသော သူ့ကျောပြင်ကို ကြည့်နေရင်း သူမ ရင်ထဲမောလာသည်။ အမြတ်နိုးဆုံး အရာတစ်ခုကို ဆုံးရှုံးလိုက်ရသလို ဝမ်းနည်းမှုက လှိုက်တက်လာ၏။ ဝဲဘက်ရင်ဆုံဆီကလည်း ဆစ်ခနဲ။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## ပြချက်(၁၅)

မင်္ဂလာခန်းမထဲ ဝင်ဖို့က နာရီဝက်သာ လိုတော့သည်။ မှန်ထဲမှာ ပေါ်နေသည့် သူမကိုသူမကြည့်ရင်း ဝမ်းနည်းလာရသည်။ ဒီနေ့ ကုန်ဆုံးသွားခဲ့လျှင် မိမိ မချစ် မနှစ်သက်သော သူ၏ ရင်ခွင်၌ ထာဝရ ခိုလှုံရတော့မည်။ သူမ ဘာလုပ်ရမည်နည်း။

"အိစက် ... နင် တကယ်ပဲ မင်းမာန်ထက်ကို လက်ထပ်တော့မှာ လား၊ နင် စဉ်းစားဦးနော်"

"ငါ ... ငါ ဘာလုပ်ရမလဲဟင်၊ ငါ သူ့ကိုလက်ထပ်ရမှာ ကြောက် တယ်၊ သူ့ကို လက်ထပ်လိုက်ရင် ငါ တစ်သက်လုံး စိတ်ဆင်းရဲ နေရမှာ၊ ပြီးတော့ ... ပြီးတော့ ..."

သူမစကားက ဆက်မထွက်။ ချောချောက သူမကို အဓိပ္ပာယ် ပါပါ ကြည့်လာရင်း ...

"ပြီးတော့ နင့်နှလုံးသားက လှမိုးခါးဆီမှာ မဟုတ်လား"

သူမ မညာချင်တော့ပေ။ ခေါင်းညိတ်ပြလိုက်မိတော့သည်။

"ဟုတ်တယ် ... ငါ ... မိုးခါးကို ချစ်တယ်၊ အိပ်မက်ထဲမှာတင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ငါ အပြင်မှာပါ သူ့ကို ချစ်နေမိပြီ၊ ငါ့နှလုံးသားကို ငါပြောင်းလဲလို့ မရဘူး၊ ဒါပေမယ့် နောက်ကျသွားပြီဟာ၊ သိပ်ကို နောက်ကျသွားပြီ"

သူမ စကားအဆုံး ချောချောက ထိုင်ရာမှ ထရပ်လိုက်ကာ ...

"နောက်မကျသေးပါဘူး၊ မင်္ဂလာခန်းမထဲကိုမှ မဝင်ရသေးတာ"

ဟုဆိုကာ ဖုန်းကိုဖွင့်ကာ နံပါတ်တွေကို နှိပ်လိုက်သည်။ ဒါပေမယ့် ဖုန်းက ခေါ်လို့မရချေ။

"လူမိုးခါးက ဖုန်းပိတ်ထားတယ်ဟဲ့၊ သူ့သူငယ်ချင်းရဲ့ ဖုန်းနံပါတ်နင်သိလား အိစက်"

သူမက နံပါတ်တချို့ကို ရွတ်ပြလိုက်တော့ ချောချောက နံပါတ်တွေကို နှိပ်ပြန်သည်။ ဖုန်းကဝင်သွားပုံဖြင့် ချောချောက လက်မထောင်ပြသည်။

"ဟယ်လို ... ကိုလှထူးလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ဘယ်သူလဲ မသိဘူး"

"ကျွန်မ အိစက် သူငယ်ချင်းပါ၊ ဟို ... ကိုလူမိုးခါး အခု ဘယ်မှာရှိနေတယ်ဆိုတာများ သိမလားလို့ ..."

"ဗျာ ... ခင်ဗျားတို့ မသိသေးဘူးပဲ၊ သူ ဒီနေ့ပဲ အမေရိကားကို သွားတော့မှာလေ၊ ဟိုမှာ သုံးလေးနှစ်လောက် ကြာမယ်ပြောတာပဲ၊ အဲ ... ဒါပေမယ့်လို့ အခုလိုက်သွားရင် ခင်ဗျားတို့ မီနိုင်သေးတယ်"

"ကျေး ... ကျေးဇူးပဲနော်"

ချောချောက ဖုန်းကိုပိတ်လိုက်ကာ မှန်တင်ခုံပေါ်က ကားသော့ကို ကောက်ယူလိုက်ရင်း ...

"အိစက် ... အခြေအနေမကောင်းဘူး၊ လူမိုးခါး နိုင်ငံခြား သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ လေယာဉ်ကွင်းကို ထွက်သွားပြီတဲ့၊ ရော့ ... ကားသော့၊ နင် မြန်မြန်လိုက်သွား၊ ဒီကနောက်ပိုင်းကိစ္စတွေ ငါ့တာဝန်ထား၊ ဟုတ်ပြီလား၊ သွားတော့ ...”

သူမက ချောချောလက်ထဲမှ ကားသော့ကို လှမ်းယူလိုက်သည်။ ထို့နောက် သတို့သမီးဝတ်စုံ ဂါဝန်အောက်ပိုင်းကို အသာမ,လျက် ခုန်ပေါက်လာသော နှလုံးသားတစ်ခုကို ထမ်းပိုးရ၏။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

ခရီးဆောင် luggage ကိုဆွဲလျက် လှမ်းနေမိသော သူ့ခြေလှမ်းတွေက လေးပင်လျက်။ မဖြစ်နိုင်မှန်းသိပေမယ့် တစ်စုံတစ်ယောက်ကို လည်ပြန်လှည့်ကြည့်၍ ခဏခဏ ရှာဖွေမိသေးသည်။ သူမ အပါအဝင် နှလုံးသား ကြေကွဲခြင်း အပိုင်းအစများနှင့်အတူ မြန်မာပြည်ကို သူ့စိတ်ထဲမှ နှုတ်ဆက်မိသည်။

ထိုအခိုက်မှာပင် ...

"မိုးခါး ..."

နောက်ဘက်မှ ထွက်ပေါ်လာသော ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ တုံ့သွားရသည်။ ဒါပေမယ့် မဖြစ်နိုင်ပါဘူး။ စိတ်စွဲနေလို့ သူ့နားထဲ ကြားယောင်မိလိုက်တာပဲ ဖြစ်မှာပါ။

ထိုအတွေးနဲ့အတူ ခြေလှမ်းတွေကို ဆက်အလှမ်း ...

"မိုးခါး ..."

ဒီတစ်ခါတော့ သူ သေချာကြားလိုက်သည်။ နားကြားလွဲတာ မဖြစ်နိုင်တော့။

ထို့ကြောင့် သူ လှည့်ကြည့်လိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးလိုက်ရပြီဟု ထင်ထားခဲ့သည့် သူ၏ချစ်လှစွာသော လှမကလေးသည် သတို့သမီးဝတ်စုံအဖြူရောင်လေးဖြင့် သူ့အား အလှပဆုံး ပြုံးပြနေသည်ကို အသက်ရှုမှားဖွယ် တွေ့လိုက်ရလေတော့သည်။

♥ ♥ ♥

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## Bonus poem

## "အချစ်ကကြိုး"

ကြင်နာခြင်း စင်မြင့်ထက်မှာ
ရင်ခုန်သံ တေးသွားနှင့်အတူ
အနမ်းပြဇာတ်တစ်ပုဒ် ကကြပါစို့။
လာပါအချစ် ...
သံယောဇဉ် မြစ်ပင်လယ်မှာ
တွယ်တာမှု သင်္ဘောငယ်နှင့်
မေတ္တာကျွန်းသို့ ရွက်လွှင့်ကြပါစို့။
လာပါအချစ် ...
မြတ်နိုးခြင်း တိမ်တိုက်ကို စီးလို့
ကြည်နူးခြင်း ကောင်းကင်ယံထက်မှာ
ကြယ်တွေကို ရေတွက်ကြပါစို့။
လာပါ အချစ် ...
နွေးထွေးသော အပြုံးပေါ်မှာ
တမ်းတခြင်းကဗျာတွေစပ်ဖို့
တစ်ယောက်ရင်ဘတ်ကို တစ်ယောက် တူးကြပါစို့ ...။

လှညိုဆွေ



www.burmeseclassic.com

www.burmeseclassic.com

# လူညီဇော

၁။ အာဒံမရှးဖြစ်လိုက်တဲ့ ပန်းသီး

(အောင်သီရိ ထုတ်လုပ်ရေးမှ ဇေပြတ်ဦး၊ စိုးမြတ်သူဇာ၊ သွန်းဆက် တို့နှင့် ဗီဒီယို ရိုက်ကူးပြီး)

၂။ ငါ့အသည်းကိုမကစားနဲ့

(အောင်သီရိ ထုတ်လုပ်ရေးမှ မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ဝတ်မှုံရွှေရည်တို့နှင့် ဗီဒီယို ရိုက်ကူးပြီး)

၃။ ကျူးပစ်(စ်)ရဲ့မြားမှန်ခင်း

(အောင်သီရိ ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၄။ အဆွဲရှုပ်ပွဲ

(အောင်သီရိ ထုတ်လုပ်ရေးမှ ဇေရဲထက်၊ စိုးမြတ်သူဇာ၊ သွန်းဆက် တို့နှင့် ဗီဒီယို ရိုက်ကူးပြီး)

၅။ ဒုတိယသခြောက်နံ့ရှိ

(အောင်သီရိ ထုတ်လုပ်ရေးမှ လူမင်း၊ သွန်းဆက်၊ ဘုန်းရှိန်ထက် တို့နှင့် ဗီဒီယို ရိုက်ကူးပြီး)

၆။ တဆစ်ဆစ်နာ

(အောင်သီရိ ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၇။ မီးတောက်ထဲက အချစ်

(အောင်သီရိ ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၈။ အလွမ်းလွန် ... အနမ်း

(အောင်သီရိ ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

BURMESE CLASSIC .com

www.burmeseclassic.com